ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်တွင် စတင်တည်ထောင်သည်။ Established in 1957

ချမ်းသာခြင်းအကြောင်းတရား

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။ သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၇၉ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၀ ရက်၊ သောကြာနေ့။ Friday, 15 September 2017 (၉၀၄၈)

ပြည်ထောင်စုငြိမ်းချမ်းရေးဖြစ်စဉ်ကြီးမှာ ပါဝင်သူအားလုံးဟာ မလျှော့သောဇွဲလုံ့လနဲ့ ကြိုးပမ်းဆောင်ရွက်သွားကြမယ်ဆိုရင် တိုင်းရင်းသားပြည်သူအားလုံးတို့ မျှော်မှန်းတောင့်တနေတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မှာဖြစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က (၇)နှစ်မြောက် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်

လေးစားအပ်ပါသော ပြည်သူများခင်ဗျား-

ဒီကနေ့ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခါသမယမှာ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး ဒီမိုကရေစီအနှစ်သာရများကို အပြည့်အဝရရှိခံစားနိုင်ကြပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်။

အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကို မြန်မာနိုင်ငံမှာ ကျင်းပပြုလုပ်ခဲ့တာ ယခုနှစ်ဆိုလျှင် သတ္တမအကြိမ် ရှိပြီဖြစ်ပါတယ်။ ယနေ့မြန်မာနိုင်ငံဟာ ဒီမိုကရေစီကူးပြောင်းရေး၊ ငြိမ်းချမ်းရေးနဲ့ သာယာဝပြောရေး စတဲ့ ပန်းတိုင်တွေကို တည်ဆောက်နေရချိန် ဖြစ်ပါတယ်။ ဒီပန်းတိုင်သုံးခုဟာ တစ်ခုနဲ့တစ်ခု ဆက်နွှယ်ဆက်စပ်နေသလို အပြန်အလှန်လည်း အထောက်အကူပြုနေပါတယ်။ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို တက်လှမ်းပြီး ခြေလှမ်းတွေ တစ်လှမ်းပြီးတစ်လှမ်း လျှောက်လှမ်းနေရပြီဖြစ်ပေမယ့် ဒီမိုကရေစီတည်ဆောက်ရေးဟာ ကာလရှည်ကြာ အချိန်ယူရမယ့် ခရီးရှည်ကြီးတစ်ခုပဲဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ ဒီမိုကရေစီဆိတ်သုဉ်းနေခဲ့ရတဲ့ မြန်မာနိုင်ငံဟာ အလင်းရောင်၊ အလင်းစတွေ တွေ့မြင်လာရတာ မကြာသေးဘူးလို့ ဆိုနိုင်ပါတယ်။

ရှေ့ဆက်ကြရဦးမယ့် လမ်းကြောင်းတစ်လျှောက် အောင်မြင်ချောမွေ့စွာ ဖြတ်သန်းကူးပြောင်းနိုင်ဖို့၊ ခိုင်မာတဲ့ ဒီမိုကရေစီစနစ်၊ ရေရှည်ရှင်သန်တည်တံ့တဲ့ ဒီမိုကရေစီစနစ်မျိုးဖြစ်လာဖို့ ပြည်သူအားလုံး မဆုတ်မနစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရဦးမှာ ဖြစ်ပါတယ်။

ပြည်သူများခင်ဗျား-

ဒီမိုကရေစီစနစ် ကျင့်သုံးရာမှာလည်း ပြည်သူအများစုရဲ့ မျှော်လင့်ချက်၊ လိုလားတောင့်တချက်များကို ဖြည့်ဆည်းပေးနိုင်ဖို့ ဦးစားပေးဆောင်ရွက်ရမှာဖြစ်သလို လူနည်းစုများရဲ့ အရေးကိစ္စရပ်များကိုလည်း မလွဲမသွေထည့်သွင်းစဉ်းစား ဆုံးဖြတ်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ကြရာမှာ ပြည်သူများရဲ့မျှော်လင့်ချက်များကို တရားမျှတမှု၊ တန်းတူညီမျှမှု၊ လွတ်လပ်မှု၊ ထင်သာမြင်သာရှိမှု စတဲ့ ဒီမိုကရေစီစံနှုန်းများနဲ့အညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ကြဖို့ အထူးအရေးကြီးပါတယ်။

ဒီမိုကရေစီဖြစ်ပေါ်တိုးတက်မှုများဟာ နိုင်ငံအသီးသီးတို့ရဲ့ သမိုင်းနောက်ခံအခြေအနေများ၊ လူမှုဘဝပုံစံများ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ နှုန်းစံတန်ဖိုးများပေါ်တွင်သာမက သက်ဆိုင်ရာနိုင်ငံအတွင်း နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ လုပ်ရှားဆောင်ရွက်မှုများပေါ်မှာလည်းမူတည်ကာ ပုံသဏ္ဌာန်အမျိုးမျိုး၊ ချဉ်းကပ်မှုအမျိုးမျိုး ကွဲပြားနိုင်ပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

မောင်တောဒေသ တည်ငြိမ်အေးချမ်းဖို့အတွက် လွှတ်တော်အနေနဲ့ နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့အတူ ပူးပေါင်းဆောင်ရွက်သွားမယ်
စာမျက်နှာ » ၅

ပုံရိပ်ယောင်ဘဝ၊ သတင်းမှားနှင့် သတင်းမှန်အောင် လုပ်ကြမယ်
စာမျက်နှာ » ၆

အိန္ဒိယနိုင်ငံအတွင်း ဂျပန်နည်းပညာ ကျည်ဆန်ရထားများ အသုံးပြုမည်
စာမျက်နှာ » ၄

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားနေရာသစ်အဖြစ် ဝန်းသိုမြို့အနီးရှိ ငှက်ပျောတောင်ရေတံခွန်ကိုတွေ့ရှိ

မုံရွာ စက်တင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ခရီးသွားနေရာသစ်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ဒေသခံများဖြင့် ပူးပေါင်းဖော်ထုတ်လျက်ရှိရာ ဝန်းသိုမြို့အနီးရှိ အဆင့်လေးဆင့်ပါသော ငှက်ပျောတောင်ရေတံခွန်ကို တွေ့ရှိကာ ခရီးသွားနေရာသစ်ဖော်ထုတ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ငှက်ပျောတောင်ရေတံခွန်သည် ဝန်းသိုမြို့မှ ခြောက်မိုင်ခန့်ဝေးပြီး ဆောင်းရာသီနှင့် နွေရာသီတွင် မော်တော်ကား၊ ဆိုင်ကယ်များဖြင့် ရေတံခွန်အခြေအထိ သွားနိုင်သလို မိုးရာသီတွင် မိုးမရွာသည့်ရက်များတွင် ဆိုင်ကယ်ဖြင့် သွား၍ရကြောင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးဆောင်ရွက်သူ ဝန်းသိုဒေသခံ ဒေါ်ခိုင်ခိုင်ဝင်းထံမှ သိရသည်။

“အခုလောလောဆယ်မှာတော့ ဘာမှမလုပ်ရသေးပါဘူး။ ဒီနေရာအကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်ကို တင်ပြပြီး ခရီးသွားလုပ်ငန်းစခန်းနဲ့ ဆင်စခန်းလုပ်ဖို့ အစီအစဉ်ရှိပါတယ်။ အခုကခရီးသွားစခန်းမရှိသေးပေမယ့် သာယာတော့ အတော်များများက သွားကြပါတယ်။ လမ်းကတော့ သစ်ထုတ်ရေးလမ်းပုံစံမျိုးပေါ့။ လမ်းအူကြောင်းရှိတဲ့အတွက် နွေရာသီဆိုရင်တော့ ရေတံခွန်နားအထိ ဆိုင်ကယ်ပေါက်ပါတယ်။ နေရာအနှံ့ကလာတဲ့သူတွေ ကြည့်ရှုအပန်းဖြေနိုင်အောင် လမ်းကောင်းအောင်ဖောက်ပြီး စခန်းတည်ဆောက်လိုက်မယ်ဆိုရင် ခရီးသွားနေရာကောင်းဖြစ်လာမှာ ဖြစ်ပါတယ်”ဟု ဒေါ်ခိုင်ခိုင်ဝင်းက ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့

ကြေးမုံ

တို့ပြည်ထောင်စု ညီညွတ်မှုကိုအခြေခံ

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မြန်မာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူ၍ တိုင်းရင်းသားမျိုးနွယ်စုအုပ်စုကြီးများနှင့် မျိုးနွယ်စုငယ်များ အတူတကွစုပေါင်းအခြေချ နေထိုင်လာခဲ့ကြသည်မှာ နှစ်ထောင်ပေါင်းများစွာ ကြာညောင်းခဲ့ပြီဖြစ်သည်။ ထိုတိုင်းရင်းသားမျိုးနွယ်စု အပေါင်းကြီးကိုပင် "မြန်မာ"ဟု တလုံးတစည်းတည်းခေါ်ဆိုရသကဲ့သို့ တိုင်းရင်းသားမျိုးနွယ်စုတို့ စုပေါင်းနေထိုင်ရာ မြန်မာနိုင်ငံပိုင်နယ်နိမိတ် အဝန်းအဝိုင်းကိုပင် "ပြည်ထောင်စုမြန်မာနိုင်ငံ"ဟု ခေါ်ဆိုကြရမည်ဖြစ်ပါသည်။

အမှန်တွင် "ပြည်ထောင်စု"ဟူသောစကားရပ်၊ "နိုင်ငံ"ဟူသော ဝေါဟာရမပေါ်ပေါက်မီ ရှေးပဝေသဏီ အတီတေကာလကတည်းက မြန်မာတိုင်းရင်းသားမျိုးနွယ်စုများ အခြေချနေထိုင်ခဲ့ကြသည်။ ထိုတိုင်းရင်းသားတို့၏ လူမှုဘဝနှင့် ယဉ်ကျေးမှုလက္ခဏာ၊ သမိုင်းကြောင်းအစဉ်အလာများကို ဂယနဏ သိရှိထားမှသာ အမျိုးသားရေးစိတ်ဓာတ်များ မပျောက်မပျက်ဘဲ ဤပြည်ထောင်စု၊ ဤနိုင်ငံတော်ကြီးသည်လည်း အစွန့်ရှည်တည်တံ့ခိုင်မြဲစွာ နောင်နှစ်ပေါင်းထောင်ချီ ရပ်တည်ရှင်သန်နိုင်မည်ဖြစ်သည်။

ယနေ့အချိန်အခါသည် ပြည်ထောင်စုအရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေး၊ ပြည်ထောင်စုလုံခြုံရေးအတွက် အရေးကြီးသည့်အချိန်ဟု ဆိုချင်သည်။ ဖြတ်သန်းလာခဲ့သော သမိုင်းကြောင်းတစ်လျှောက် အထူးသဖြင့် ရှေးကာလနယ်မြေချဲ့ထွင်မှု၏ နောက်ဆက်တွဲအကြောင်းများနှင့် နောက်ကာလနယ်မြေလုံခြုံမှု အားနည်းမှုအဖုံဖုံတို့ကြောင့် မျက်မှောက်ကာလတွင် ပြည်ထောင်စုအရေး၊ တိုင်းရင်းသားအရေးတို့မှာ နိုင်ငံအတွက် အရေးအကြီးဆုံးဖြစ်လာသည်။ ထိုအရေးကို နိုင်ငံတကာမျက်နှာစာသို့တင်ပြီး ပြည်ထောင်စုကြီး ထိခိုက်နိုင်သည်အထိ ဖန်တီးလာကြသည်။

မြန်မာနိုင်ငံ၏ အနောက်တံခါးကျိုးပေါက်မှု၊ အမျိုးသားရေးကိုယ်ခံအားနည်းမှုတို့ကို အကြောင်းပြုကာ အတွင်းအပြင်ထိုးနှက်တိုက်ခိုက်မှုများမှာ တစ်စတစ်စကြီးမားလာသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ၏ နယ်မြေအေးချမ်းတည်ငြိမ်ရေး၊ လုံခြုံရေးကို ထိခိုက်ပျက်ပြားအောင် အားထုတ်လုပ်ကိုင်မှုများတွင် ပြည်ပမှ နိုင်ငံရေးအကြံပေး၊ စစ်ရေးအကြံပေးနှင့် အားပေးအားမြှောက် ပြုလုပ်မှုများပါရှိလာသည်ကို မြင်တွေ့ကြားသိကြရမည် ဖြစ်သည်။

ကျိုးပေါက်ခဲ့သော နယ်စပ်လုံခြုံရေး၊ တိုင်းရင်းသားများအရေးကို ပြန်လည်တည့်မတ်ဖာထေးရန် ရေတိုလုပ်ဆောင်နိုင်သော်လည်း ကျိုးပေါက်သွားသော အမျိုးသားရေးကို ပြန်လည်ဖာထေးရန်မှာမူ အိုဇုန်းလွှာအပေါက်ကို ဖာထေးရသကဲ့သို့ ခက်ခဲပေလိမ့်မည်။ ရေရှည်အချိန်ယူလုပ်ဆောင်ရပေလိမ့်မည်။ နိုင်ငံတော်က လုံခြုံရေးမကျိုးပေါက်အောင် ကြိုးပမ်းဆောင်ရွက်ချိန်တွင် တိုင်းရင်းသားပြည်သူများက အမျိုးသားရေးကိုယ်ခံအားကောင်းအောင် ပြန်လည်အားထုတ်ကြိုးပမ်းရပေလိမ့်မည်။

မြန်မာ့အရေးသည် သမိုင်းကြောင်းကို အခြေခံလာသည်ဖြစ်၍ မြန်မာတို့၏သမိုင်းကြောင်းအမှန်ကိုသိအောင် ကြိုးပမ်းအားထုတ်ကြရပေလိမ့်မည်။ သမိုင်းမသိလျှင် 'အ' သည်၊ သမိုင်းမသိလျှင် အလိမ်ခံရလိမ့်မည်ဟု မြန်မာ့သမိုင်းပညာရှင်ကြီးများ ဆိုသကဲ့သို့ မြန်မာ့သမိုင်းအမှန်ကိုသိအောင် လေ့လာကြရမည်။ စာဖတ်ကြရမည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးနှင့် ပြည်ထောင်စုတိုင်းရင်းသားအပေါင်းတို့သည် နှစ်ပေါင်းထောင်ချီရှည်လျားသည့် သမိုင်းကြောင်းကို ဖြတ်သန်းလာခဲ့သော သမိုင်းကြောင်းကောင်းသည့် ပြည်ထောင်စုတိုင်းရင်းသားများအဖြစ် သိရှိကြရမည်။

သို့ဖြစ်၍ ပြည်ထောင်စုမြန်မာနိုင်ငံ၏အရေး၊ ပြည်ထောင်စုတိုင်းရင်းသားများ၏အရေးကို မည်သူတို့က မည်သို့ပင် နှောင့်ယှက်ဟန့်တားဖျက်ဆီးကြပါစေ သမိုင်းကြောင်းကောင်းသည့် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော ပြည်ထောင်စုသားအားလုံးက ညီညီညွတ်ညွတ်စည်းစည်းလုံးလုံး လက်တွဲကာကွယ်နိုင်ကြမည်ဆိုပါလျှင် ပြည်ထောင်စု၏အန္တရာယ်၊ ပြည်ထောင်စု၏ရန်စွယ်များကို တွန်းလှန်ဖယ်ရှားနိုင်မည် ဖြစ်ပါသည်။ ။

ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၇) ဗဟိုအဆင့်အသိပေးဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၄

နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၇) ဗဟိုအဆင့် အသိပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း တက်ရောက်သည်။

အမြဲတမ်း အတွင်းဝန်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ကာကွယ်ဆေး ၁၀ မျိုးကို အသုံးပြုပြီး အသက် ငါးနှစ်အောက်ကလေးများအတွက် ကူးစက်ရောဂါများဖြစ်ပွားမှု၊ သေဆုံးမှုမရှိစေရန် ကာကွယ်ပေးနေကြောင်း။

ထပ်မံထည့်သွင်းထိုးနှံရန် လိုအပ်သည့် ကာကွယ်ဆေးများအနက် သေဆုံးမှုနှုန်းများသည့် ဂျပန်ဦးနှောက်ရောင်ရောဂါကို ကာကွယ်ပေးနိုင်ရန်အတွက် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစတင်ပြီး ၁၁ ခုမြောက် ကာကွယ်ဆေးအဖြစ် ထည့်သွင်းသွားမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးစတင်မထိုးမီ ဂျပန်ဦးနှောက်ရောင်ရောဂါကူးစက် ဖြစ်ပွားနိုင်ခြေများရှိလာပါက အသက် ကိုးလမှ (၁၅) နှစ်အရွယ် အတွင်းရှိ ကလေးလူငယ်များကို ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံပေးမည်ဖြစ်ကြောင်း၊ အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဂျပန်ဦးနှောက်ရောင်ရောဂါသည် မြန်မာနိုင်ငံတွင် ကပ်ရောဂါအသွင်ဖြစ်ပွားတတ်သော ခြင်မှတစ်ဆင့်ကူးစက်သည့် ရောဂါတစ်မျိုးဖြစ်သည်။ ၂၀၁၂ ခုနှစ်မှ ယခုနှစ်ဇွန်လအတွင်း ဦးနှောက်ရောင်ရောဂါဖြစ်ပွားသူ ၃၉၄၀ အနက် ဂျပန်ဦးနှောက်ရောင်ရောဂါပိုးတွေ့ လူနာ ၇၄၅ ဦးရှိခဲ့ရာ ၁၉ ရာခိုင်နှုန်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးတွင် ဖြစ်ပွားခဲ့ပြီး ရောဂါဖြစ်ပွားသည့် အဓိကအသက်အရွယ်အုပ်စုသည် တစ်နှစ်မှ (၁၄)နှစ်ကြားဖြစ်ပြီး ဝက်သက်ဂျိုက်သိုး ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း အတွေ့အကြုံကိုရယူပြီး ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းအစီအစဉ်ကို အသက် ကိုးလမှ (၁၅)နှစ်အရွယ် ကလေးလူငယ် ၁၄ သန်းခန့်အား အစီအစဉ်နှစ်ရပ်ခွဲ၍ ထိုးနှံပေးမည်ဖြစ်သည်။

ကျောင်းအခြေပြု ကာကွယ်ဆေးထိုးလုပ်ငန်းအစီအစဉ်ကို ယခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အတွင်း၊ ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုး အစီအစဉ်ကို ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အတွင်း အစီအစဉ်နှစ်ခုဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်ပံ့ပိုးမှု၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၏ အရင်းအမြစ်စွမ်းအားစုများကို လုံလောက်စွာအခြေခံပြီး ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို ကလေးလူငယ်တစ်ဦးမျှ မကျန်စေရန်အတွက် အဆင့်ဆင့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အမြဲတမ်း အတွင်းဝန်က ပြောကြားသည်။

ယင်းနောက် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက် မန်နေဂျာ ဒေါက်တာ ထားထားလင်းက နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၇) ကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

မော်လမြိုင် စက်တင်ဘာ ၁၄

တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကျောင်းကို မော်လမြိုင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၌ စက်တင်ဘာ ၈ ရက်က ဖွင့်လှစ်ခဲ့ရာ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ဆန်မှုန့်နှင့်ပြုလုပ်သည့် ကိတ်မုန့်မျိုးစုံ၊ ကွတ်ကီးအမျိုးမျိုး၊ သဘာဝသစ်သီးဖျော်ရည်အမျိုးမျိုး၊ ယိုမျိုးစုံ၊ အုန်းစိမ်းဂျယ်လီ၊ ခရမ်းချဉ်သီးဆော့(စ်)နှင့်စပျစ်ဝိုင်ပြုလုပ်နည်းတို့ကို မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ နည်းပြဆရာမများက စနစ်တကျလက်တွေ့သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းပြီးဆုံး၍ လုပ်ငန်းလုပ်ကိုင်လိုပါက လိုအပ်သည့် အကြံဉာဏ်နှင့် နည်းပညာများ ဆက်လက်ကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

(မော်လမြိုင်-ကိုယ်ပွား)

■

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က ရထားရဲတပ်ဖွဲ့ အမှတ် (၁၈) တပ်ခွဲ တောင်တွင်းကြီးတပ်ခွဲမှူး ရဲအုပ် စန်းထူးနိုင်ဦးစီးသော တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုပေါင်း၍ တောင်တွင်းကြီးမြို့ပေါ်ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေအင်းတောင်စေတီတော်ကြီးတွင် ချုံနွယ် မြက်ပေါင်းများ ရှင်းလင်းဆောင်ရွက်စဉ်။

(ကြေးမုံ)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်(ရွှေဈေး) ၉၅၀၀၀၀ - ၉၅၁၀၀၀ မန္တလေး(ရွှေဈေး) ၉၄၉၀၀၀ - ၉၅၀၀၀၀

စက်သုံးဆီဈေးနှုန်း

		ရန်ကုန်	မန္တလေး
(က) ဒီဇယ်	တစ်လီတာ	၆၈၀/၇၁၀ ကျပ်၊	၇၀၀/၇၃၀ ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၇၃၅/၇၆၀ ကျပ်၊	၈၁၀/၈၆၀ ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၆၉၀/၇၂၀ ကျပ်၊	၇၃၀/၇၉၀ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၇၀၀/၇၃၀ ကျပ်၊	၇၂၀/၇၅၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၆၆၅/၆၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၀/၆၉၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၆၅/၆၇၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၁၃၅၄. ၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၆၀၉. ၄
(ဂ)	တရုတ်	တစ်ယွမ်	=	၂၀၆. ၉၄
(ဃ)	ထိုင်း	တစ်ဘတ်	=	၄၀. ၈၄၅
(င)	မလေးရှား	တစ်ရင်းဂစ်	=	၃၂၂. ၆၀
(စ)	အိန္ဒိယ	တစ်ရူပီး	=	၂၁. ၁၅၃
(ဆ)	ဂျပန်	တစ်ရာယန်း	=	၁၂၂၄. ၅
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၁၉. ၅၈
(ဈ)	သြစတြေးလျ	တစ်ဒေါ်လာ	=	၁၀၈၀. ၄
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၁၀၀၂. ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်စေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလွဲသင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ဖွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ

❒ **ရှေ့ဖုံးမှ**

မည်သို့ပင်ဖြစ်စေ ပြည်သူပြည်သားတို့ရဲ့ စိတ်နေစိတ်ထား ရင့်ကျက်ပြည့်ဝမှု၊ အတွေးအခေါ်မြင့်မားမှုနဲ့ စည်းကမ်းကောင်းမွန်မှုတို့ဟာ ဒီမိုကရေစီဖော်ဆောင်မှုအောင်မြင်ဖို့ အဓိကကျတဲ့အချက်များ ဖြစ်နေပါတယ်။

မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးစု အများအပြားနေထိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မတူကွဲပြားတဲ့ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွေ၊ ယုံကြည်ကိုးကွယ်မှုအမျိုးမျိုးတို့လည်း ဒွန်တွဲတည်ရှိနေပါတယ်။ မတူကွဲပြားမှုတွေအကြားမှာ လိုက်လျောညီထွေ သဟဇာတဖြစ်ရေးနဲ့ ညီညွတ်စွာပေါင်းစည်းနိုင်ရေးဟာ အလွန်အရေးကြီးပါတယ်။ ဒီလိုပေါင်းစည်းရာမှာ အားလုံးသဘောတူ လက်ခံနိုင်တဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်တစ်ရပ် ပေါ်ထွန်းလာဖို့ လိုအပ်နေပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်မှုနဲ့ တိုက်ရိုက်ဆက်စပ်လျက်ရှိနေပြန်ပါတယ်။

ယခုအခါ နိုင်ငံတော်အစိုးရအနေနဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်ဖြစ်ပေါ်ရေးကို "ပြည်သူနှင့်အတူ" ကြိုးပမ်းတည်ဆောက်လျက်ရှိပြီး တစ်ချိန်တည်းမှာ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိရေးနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း အထူးဝါယမစိုက် ကြိုးပမ်းလုပ်ဆောင်နေချိန်ဖြစ်ပါတယ်။

ပြည်သူများခင်ဗျား-

မကြာမီက ကျင်းပပြီးစီးခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးမှာ ပြည်သူ ပြည်သားများ နှစ်ပေါင်းများစွာမျှော်မှန်းခဲ့တဲ့ အိပ်မက်တွေလက်တွေ့အကောင်အထည်ပေါ်လာစေဖို့ တိုင်းရင်းသားကိုယ်စားလှယ်များနဲ့ အဖွဲ့အစည်းများစွာတို့ စုပေါင်းဆွေးနွေးခဲ့ကြပါတယ်။

ဒီမိုကရေစီနည်းလမ်းကျတဲ့ ဖက်ဒရယ်ပြည်ထောင်စုရဲ့ အချုပ်အခြာအာဏာဟာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးထံမှ ဆင်းသက်ရတာဖြစ်ပါတယ်။ ဒ့ါအပြင် ဒီမိုကရေစီစနစ်အရ တိုင်းရင်းသားလူမျိုးတိုင်းဟာ လူမျိုးရေးနဲ့ နိုင်ငံရေးအရ တန်းတူညီမျှရှိရုံသာမက ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ရိုးရာအစဉ်အလာတို့ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခွင့်လည်းရှိရမှာဖြစ်ပါတယ်။ ဒီမိုကရေစီတည်ဆောက်ရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ငြိမ်းချမ်းပြီး အားလုံးပါဝင်တဲ့ လူမှုအသိုက်အဝန်းများအဖြစ် တိုးမြှင့်ကြရမှာလည်း ဖြစ်ပါတယ်။ ဒ့ါအပြင် လူတိုင်းအတွက် မျှတတဲ့တရားစီရင်မှုရရှိစေဖို့နဲ့ ထိရောက်ပြီး ယုံကြည်အားထားနိုင်တဲ့၊ အားလုံးပါဝင်တဲ့ အဖွဲ့အစည်းများကို အဆင့်အသီးသီးမှာ တည်ထောင်ဖို့လည်း လိုအပ်ပါတယ်။

ပြည်သူတို့ရဲ့ ငြိမ်းချမ်းရေးလိုလားချက်ကို အခြေခံပြီး အင်အားစုအားလုံးဟာ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်နားလည်မှု၊ လေးစားမှု၊ ယုံကြည်မှုများနဲ့အတူ ပြည်တွင်းငြိမ်းချမ်းရေးပေါ်ထွန်းလာမည်ဆိုပါက ဒီမိုကရေစီပြည့်ဝတဲ့ ပေါင်းစည်းညီညွတ်တဲ့ လူ့အဖွဲ့အစည်းကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖြစ်စဉ်ကြီးမှာ ပါဝင်သူအားလုံးဟာ မလျှော့သော ဇွဲလုံ့လနဲ့ ကြိုးပမ်းဆောင်ရွက်သွားကြမယ်ဆိုရင် တိုင်းရင်းသားပြည်သူအားလုံးတို့ မျှော်မှန်းတောင့်တနေတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီကနေ့ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကြီးကတစ်ဆင့် မိမိတို့နိုင်ငံသားအားလုံး မျှော်မှန်းထားတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး အောင်မြင်စွာတည်ဆောက်နိုင်ဖို့အတွက် နိုင်ငံသားတစ်ဦးချင်းကလည်း "ပြည်သူများနှင့်အတူ" ဆိုတဲ့ ဒီမိုကရေစီစိတ်ဓာတ်အင်အားများနဲ့ တက်ကြွစွာ ပူးပေါင်းပါဝင်တည်ဆောက်သွားကြပါလို့ အလေးအနက်တိုက်တွန်းအပ်ပါတယ်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အာဆီယံပါလီမန်များ အထွေထွေညီလာခံသို့ တက်ရောက်ရန် ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၄

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် စက်တင်ဘာ ၁၄ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် (၃၈)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံသို့ တက်ရောက်ရန် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် ခေါင်းဆောင်သော အဆိုပါကိုယ်စားလှယ်အဖွဲ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

မြန်မာ-ဂျပန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၄

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi HIGUCHI အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ဒေသ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ **စစ်ကိုင်းတိုင်းဒေသကြီးမှ**

ငှက်ပျောတောင်ရေတံခွန်သို့ ဝန်းသိုမှတစ်ဆင့် ဒီးဒုတ်ကုန်းရွာမှ ခြေကျင်တက်လျှင် ၂ နာရီနှင့် ၁၀ မိနစ်ခန့် ကြာမြင့်သလို ကျောက်မြောင်းဘက်မှသွားလျှင် ရသော်လည်း မိုးတွင်းတွင် သွားလာရေးခက်ခဲကြောင်း သိရသည်။ ငှက်ပျောတောင်ရေတံခွန်သို့လာလျှင် ဘေးပတ်ဝန်းကျင်၌ လည်ပတ်စရာတောတောင်ရေတံခွန်များရှိသလို ဝန်းသိုမြို့နှင့်ဒေသဝန်းကျင်သို့လည်ပတ်လေ့လာနိုင်ကြောင်း သိရသည်။

လမ်းလျှောက်ဝါသနာပါသူများအနေဖြင့် ဒီးဒုတ်ကုန်းကျေးရွာနှင့် ကျောက်မြောင်းကျေးရွာများတွင် ကား၊ ဆိုင်ကယ်များထား၍ သုံးမိုင်ခန့် လမ်းလျှောက်သွားနိုင်သလို ရေတံခွန်ခြေအနီးတွင် ဒီးဒုတ်ကုန်းကျေးရွာနှင့် ကျောက်မြောင်းကျေးရွာတို့၏ CBT(ကျေးရွာလူထုအခြေပြုခရီးသွားအဖွဲ့)၏ နားခိုညှိခံစခန်းငယ်များ ထားရှိလုပ်ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရတာဝန်ရှိသူထံမှ သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

■

☆ **ပုဂံမြို့မှ**

ညနေဆည်းဆာကြည့်ရှုနိုင်မည့် ခရီးစဉ်လက်မှတ်ကို တစ်ဦးလျှင် ငွေကျပ် ၁၆၀၀၀ ဖြင့် ရောင်းချပေးလျက်ရှိသည်။ ညစာကို ယခင်ကဲ့သို့ ဘူဖေးစနစ်ဖြင့် မဟုတ်ဘဲ ကြိုက်ရာမှာယူစားသောက်နိုင်ပြီး ကျသင့်ငွေရှင်းစနစ်ဖြင့် ပြောင်းလဲသွားမည်ဖြစ်ကြောင်း သိရသည်။

ညနေ ၆ နာရီခွဲတွင် ဆိပ်ကမ်းသို့ ပြန်လည်ဆိုက်ကပ်မည်ဖြစ်ပြီး ညစာ မှာယူသုံးဆောင်နိုင်ရန်အတွက် ရေပေါ်စားသောက်ဆိုင်အဖြစ် ည ၁၀ နာရီထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

✳ **အာဆီယံ ယူ-၁၈ မှ**

မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းသည် ကိုးမှတ်စီတူညီခဲ့သည့်အပြင် ဂိုးကွာခြားချက်၊ သွင်းဂိုး၊ ပေးဂိုးများလည်းတူညီခဲ့ရာ နှစ်သင်းထိပ်တိုက် တွေ့ဆုံမှုတွင် မြန်မာအသင်းက အနိုင်ရခဲ့သောကြောင့် နောက်တစ်ဆင့်တက်နိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် နောက်ဆုံးသုံးပွဲဆက် အနိုင်ရခဲ့သည့်အပြင် ခြေစွမ်းပိုင်းလည်း တိုးတက်မှုရှိလာရာ ဆီမီးဖိုင်နယ်အဆင့်တွင် ထပ်မံကျော်ဖြတ်နိုင်ရန် မျှော်လင့်လျက်ရှိသည်။ မြန်မာအသင်းနှင့် မလေးရှားအသင်းသည် ယခုပြိုင်ပွဲတွင် ၁၀ ကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်ပြီး နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုတွင် မြန်မာအသင်းက အသာရထားသည်။ မြန်မာအသင်းသည် မလေးရှားအသင်းနှင့် ဆီမီးဖိုင်နယ်အဆင့်တွင် ပထမဆုံးအကြိမ် တွေ့ဆုံခြင်းဖြစ်သည်။ **သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- စိုးညွန့်**

ဟောင်ကောင်အုပ်ချုပ်ရေးမှူးချုပ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၄

ဟောင်ကောင်အုပ်ချုပ်ရေးမှူးချုပ် Mrs. Carrie Lam ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၆ နာရီ ၃၅ မိနစ်တွင် နေပြည်တော်သို့ ရောက်ရှိသည်။

ကြိုဆို

ဟောင်ကောင်အုပ်ချုပ်ရေးမှူးချုပ်နှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

(သတင်းစဉ်)

တရုတ်-အာဆီယံကုန်စည်ပြပွဲ တရုတ်နိုင်ငံတောင်ပိုင်း နန်နင်းမြို့၌ ကျင်းပ

နန်နင်း စက်တင်ဘာ ၁၄

(၁၄)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲကို တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၏မြို့တော် နန်နင်း၌ ကျင်းပလျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

၂၁ ရာစု ပင်လယ်ရေကြောင်းပိုးလမ်းမ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှတစ်ဆင့် ဒေသဆိုင်ရာ စီးပွားရေး ပေါင်းစည်းမှုမြှင့်တင်ရေးဟူသော ဦးတည်ချက်ဆောင်ပုဒ်ဖြင့် ကျင်းပသော ကုန်စည်ပြပွဲသည် တရုတ်နိုင်ငံ၊ အရှေ့တောင် အာရှနိုင်ငံများအသင်း (အာဆီယံ)နှင့် ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်း အစီအစဉ်နှင့် အကျုံးဝင်သော နိုင်ငံများအတွင်း ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန် ရည်ရွယ်သည်။

လေးရက်ကြာ ကျင်းပမည့် ကုန်စည်ပြပွဲတွင် ဒေသဆိုင်ရာနိုင်ငံများမှ ပြပွဲကျင်းပသူ ၂၇၀၀ တို့က ပြခန်းပေါင်း ၆၆၀၀ ကျော် ဖွင့်လှစ်ထားသည်။ နိုင်ငံတကာမှ ကုန်ပစ္စည်းဝယ်ယူသူ ၄၀၀၀ ခန့် အပါအဝင် ကုန်ပစ္စည်းဝယ်ယူသူ ၁၀၀၀၀ ကို ကျော်လွန်မည်ဟု ခန့်မှန်းရကြောင်း ကုန်စည်ပြပွဲကျင်းပရေးအဖွဲ့ အထွေထွေအတွင်းရေးမှူး ယန်ယန်းက ပြောကြားသည်။

တရုတ်- အာဆီယံ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ညီလာခံကို စက်တင်ဘာ ၁၂ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

ဆင်ဟွာ။

အိန္ဒိယနိုင်ငံအတွင်း ဂျပန်နည်းပညာ ကျည်ဆန်ရထားများ အသုံးပြုမည်

ကျိုတို စက်တင်ဘာ ၁၄

အိန္ဒိယနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ၎င်းအနေဖြင့် အိန္ဒိယနိုင်ငံအတွင်း၌ ဂျပန်နိုင်ငံ၏ကျည်ဆန်ရထားနည်းပညာများကို အသုံးပြုရန်မျှော်လင့်ပါကြောင်း အိန္ဒိယဝန်ကြီးချုပ် မိုဒီနှင့်တွေ့ဆုံရာတွင် ပြောကြားခဲ့ကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့သည် စက်မှုမြို့တော်ဖြစ်သည့် အာမာဒါဘတ်နှင့် စီးပွားရေးအချက်အချာကျသော မွမ်ဘိုင်းမြို့တို့အကြား မြန်နှုန်းမြင့် ရထားလမ်းတည်ဆောက်ရေးစီမံကိန်းနှင့် ဆက်စပ်သည့် ဖွင့်ပွဲအခမ်းအနားတစ်ခုသို့ တက်ရောက်ခဲ့ကြသည်။

အိန္ဒိယနိုင်ငံ၏ ရထားကွန်ရက်များ ပြောင်းလဲအကောင်အထည်ဖော်ဆောင်ရာတွင် မြန်နှုန်းမြင့်ရထားလမ်း တည်ဆောက်ရေးနည်းပညာကို ရွေးချယ်အသုံးပြုသည့်အတွက် လွန်စွာဝမ်းသာကြောင်း ဂျပန်ဝန်ကြီးချုပ်အာဘေးက ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ၏ မြန်နှုန်းမြင့်ကျည်ဆန်ရထားများသည် အိန္ဒိယနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ကြက်ကာ အိန္ဒိယပြည်သူတစ်ရပ်လုံးကို အကျိုးကျေးဇူးပြုမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဆိုသည်။

အိန္ဒိယနိုင်ငံက အကွာအဝေး ကီလိုမီတာ ၅၀၀ ရှိသော အာမာဒါဘတ်နှင့် မွမ်ဘိုင်းမြို့တို့အကြား မြန်နှုန်းမြင့်ကျည်ဆန်ရထားဝန်ဆောင်မှုကို ၂၀၂၃ ခုနှစ်တွင် စတင်ရန် စီစဉ်လျက်ရှိသည်။

အိန္ဒိယနိုင်ငံအတွင်း နောက်ထပ် မြန်နှုန်းမြင့်ကျည်ဆန်ရထားလမ်း ခြောက်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ။

❒

နိုင်ငံလေးနိုင်ငံအား ပြည်ဝင်ဗီဇာကန့်သတ်ချက်များ အမေရိကန်အစိုးရထုတ်ပြန်

ဝါရှင်တန် စက်တင်ဘာ ၁၄

ကမ္ဘောဒီးယား၊ အီရီထရီးယား၊ ဂီနီနှင့် ဆီရာလီယွန်နိုင်ငံတို့သည် ပြည်နှင်ဒဏ်ပေးခံရသည့် ၎င်းတို့၏နိုင်ငံသားများကို ပြန်လည်လက်ခံရန် ငြင်းဆန်ခဲ့သည့်အတွက် အမေရိကန်ပြည်ထောင်စုက ယင်းနိုင်ငံများအား ပြည်ဝင်ခွင့်ဗီဇာကန့်သတ်ချက်များထုတ်ပြန်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ပြည်ဝင်ခွင့်ဗီဇာကန့်သတ်ခြင်းသည် စက်တင်ဘာ ၁၃ ရက်တွင် စတင်အာဏာအသက်ဝင်ခဲ့သည်။ ဗီဇာအမျိုးအစားအချို့ကို ပိတ်ပင်လိုက်ခြင်းကြောင့် ပြည်ဝင်ခွင့်လျှောက်ထားသူများအပေါ် အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပြီး နိုင်ငံအလိုက် အခြေအနေကိုသုံးသပ်ကာ ဗီဇာထုတ်ပေးမည်ဖြစ်ကြောင်း အမေရိကန်အမိမြေလုံခြုံရေးဌာနက စက်တင်ဘာ ၁၃ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ယင်းနိုင်ငံများက သင့်တင့်လျောက်ပတ်သည့် တုံ့ပြန်မှုမရှိပါက ပြည်ဝင်ခွင့်ပိတ်ပင်မှုသည် ပိုမိုများပြားသောလူဦးရေအပေါ် သက်ရောက်မှုရှိလာမည်ဖြစ်ကြောင်း ကြေညာချက်တွင် သတိပေးဖော်ပြသည်။

ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်မှု စတင်အာဏာအသက်ဝင်လာခဲ့ပြီးနောက် အီရီထရီးယားနိုင်ငံရှိ အမေရိကန်သံရုံးက ပြည်ဝင်ခွင့်ဗီဇာ B အမျိုးအစားဖြစ်သည့် စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် သို့မဟုတ် အလည်အပတ်သွားရောက်ရန် လျှောက်ထားသည့်ဗီဇာများကို ထုတ်ပေးခြင်းမပြုဘဲ ရပ်ဆိုင်းထားလိုက်ကြောင်း၊ အခြားသုံးနိုင်ငံမှ အစိုးရတာဝန်ရှိသူများအတွက် ဗီဇာထုတ်ပေးမှုကို ရပ်ဆိုင်းထားလိုက်ကြောင်း သတင်းတွင်ဖော်ပြသည်။

အဆိုပါလေးနိုင်ငံသည် အမေရိကန်၏ ပြည်နှင်ဒဏ်ပေးခံရသူများအတွက် ခရီးသွားစာရွက်စာတမ်းများ ထုတ်ပေးခြင်းမရှိသဖြင့် ဗီဇာကန့်သတ်ချက်များ ထုတ်ပြန်ရခြင်းဖြစ်သည်ဆို၏။

အမေရိကန်ပြည်ထောင်စုသို့ ထွက်ပြေးလွတ်မြောက်လာသည့် ဂီနီနိုင်ငံသား ၂၁၃၇ ဦးခန့်နှင့် ဆီရာလီယွန်နိုင်ငံသား ၈၃၁ ဦးအနက် အများစုမှာ ရာဇဝတ်ပြစ်မှုကျူးလွန်ခဲ့ကြသူများဖြစ်ကြောင်း ထုတ်ပြန်ချက်၌ ပါရှိသည်။

အီရီထရီးယားနိုင်ငံသား ၇၀၀ နှင့် ကမ္ဘောဒီးယားနိုင်ငံသား ၁၉၀၀ ခန့်မှာ အမေရိကန်ပြည်ထောင်စုမှ ထွက်ခွာသွားရန် ပြည်နှင်ဒဏ်ပေးခံထားရသူများဖြစ်ကြသည်။

ဆင်ဟွာ။

❒

မြို့တော်မော်စကိုတွင် နေရာစုံ ဗုံးလန့်မှုကြောင့် လူပေါင်း ၂၀၀၀၀ ကျော်ကို ရွှေ့ပြောင်းပေးရ

မော်စကို စက်တင်ဘာ ၁၄

ရုရှားနိုင်ငံမြို့တော် မော်စကိုတစ်ဝန်းတွင် စက်တင်ဘာ ၁၃ ရက်က နေရာအများအပြား၌ တစ်ပြိုင်နက်တည်း ဗုံးဖောက်ခွဲတိုက်ခိုက်မည်ဟု ခြိမ်းခြောက်မှု ထွက်ပေါ်လာခဲ့ပြီးနောက် ကုန်တိုက်ကြီးများ၊ ဘူတာရုံများနှင့် တက္ကသိုလ်ကျောင်းနှစ်ကျောင်း အပါအဝင် နေရာပေါင်း ၃၀ ခန့်တွင်ရှိနေသော လူပေါင်း ၂၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဗီတီအိုင် သတင်းတွင် ဖော်ပြသည်။

မော်စကိုမြို့တော်ရှိ အများပြည်သူနှင့် သက်ဆိုင်ရာနေရာများ၌ ဖောက်ခွဲရေးပစ္စည်းများ တပ်ဆင်ထားပြီး တစ်ပြိုင်နက် ဖောက်ခွဲမည်ဟူသော သတိပေးချက်များကို လက်ခံရရှိခဲ့ကြောင်း မော်စကိုမြို့တော် အာဏာပိုင်များက ပြောကြားကြသည်။

လတ်တလောတွင် နေရာပေါင်း ၂၀ ၌ လူအများကို ရွှေ့ပြောင်းပေးနေပြီး လူပေါင်း ၁၀၀၀၀ ကျော်ကို လုံခြုံရေးအစောင့်အရှောက်ဖြင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့သော်လည်း အရေအတွက်အတိအကျကို အတည်မပြုနိုင်သေးကြောင်း မော်စကိုမြို့တော် အရေးပေါ်လုပ်ငန်းဌာန၏ ပြောကြားချက်ကို တာ့စ်သတင်းဌာနက ကောက်နုတ်ဖော်ပြသည်။

ကုန်တိုက်ကြီးများ၊ မော်စကိုမြို့တော်၏ အကြီးဆုံးရထားဘူတာများဖြစ်သည့် လီနင်ဂါရက်စကီး၊ ကာဇန်စကီးနှင့်ကီဗက်စ်စကီးဘူတာများ၊ ကီချန်နော့ဗ် ဆေးတက္ကသိုလ်၊ အမ်ဂျီအိုင်အမ်အို အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးတက္ကသိုလ်တို့မှ ကျောင်းသားများနှင့် ဆရာများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ဗုံးဖောက်ခွဲမည်ဟု ခြိမ်းခြောက်ခံထားရသည့် နေရာများကို အာဏာပိုင်များက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ မည်သည့်နေရာတွင်မှ ဖောက်ခွဲရေးပစ္စည်းများကို ရှာဖွေတွေ့ရှိခြင်းမရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ဗီတီအိုင်။

မောင်တောဒေသတည်ငြိမ်အေးချမ်းဖို့အတွက် လွှတ်တော်အနေနဲ့ နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့အတူ ပူးပေါင်းဆောင်ရွက်သွားမယ်

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာတို့နှင့်အတူ စက်တင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် မောင်တောဒေသသို့ သွားရောက်၍ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားများအတွက် ကျန်ရစ်သူမိသားစုဝင်များအား ထောက်ပံ့ငွေများပေးအပ်ပြီး နေရပ်စွန့်ခွာခြင်းမရှိဘဲ မိမိတို့၏ဒေသတွင် နေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံအားပေးစကားပြောကြားကာ ဆန်အိတ်များ ထောက်ပံ့ခဲ့သည်။ အဆိုပါခရီးစဉ်အတွင်း အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဒေသခံတိုင်းရင်းသားများအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်ပတ်သက်၍ ပြောကြားခဲ့သည်များကို ဖော်ပြလိုက်ပါသည်-

ဦးအေးသာအောင်
(ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်)

ဦးညီပု
(ရခိုင်ပြည်နယ်ဝန်ကြီးချုပ်)

ဦးစောမိုးမြင့်
(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)

ဦးစိုးသိန်း(ခ)ဦးမောင်စိုး
(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)

ဦးအေးသာအောင်
(ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်)

မောင်တောဒေသ အကြမ်းဖက်မှုဖြစ်စဉ်တွေက ၂၀၁၂၊ ၂၀၁၆ နဲ့ ၂၀၁၇ ဆိုပြီး သုံးကြိမ်ဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်တွေထဲမှာ ဒီတစ်ကြိမ်ကတော့ အဆိုးဆုံးလို့ပြောရမယ်။ ဒီတစ်ခေါက် အကြမ်းဖက်တိုက်ခိုက်တဲ့နေရာမှာ လက်နက်ကိုင်အင်အား၊ ထောက်ပံ့အားပေးတဲ့အင်အားတွေ အတော်များပါတယ်။ ရဲကင်းစခန်းအချို့ကို ဝင်ရောက်စီးနင်းတိုက်ခိုက်တဲ့နေရာမှာ လူအင်အား အများအပြားပါတယ်လို့ သက်ဆိုင်ရာ တာဝန်ရှိသူတွေက ရှင်းပြလို့သိရတယ်။ ဒါဟာလုံခြုံရေးတပ်ဖွဲ့တွေ၊ ဒေသခံပြည်သူတွေနဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာအတွက် အလွန်ပဲစိုးရိမ်ရပြီး အန္တရာယ်များပါတယ်။

ဒီလိုဖြစ်လိုက်တဲ့အခါမှာ ကျွန်တော်တို့လွှတ်တော်အနေနဲ့ ပြည်သူတွေ ကြုံတွေ့ရတဲ့ ဒုက္ခတွေကို တစ်ဖက်တစ်လမ်းက ဘယ်လိုပံ့ပိုးနိုင်မလဲ၊ လွှတ်တော်ကိုယ်စားလှယ်တွေ ကိုယ်တိုင်ကိုယ်ကျတွေ့မြင်ရပြီး လတ်တလောဘာတွေ ဆောင်ရွက်ပေးနိုင်မလဲ၊ ရေရှည်မှာ ဘယ်လိုလုပ်ရမလဲဆိုတာ သိရအောင် ရှမ်း၊ ကရင်၊ ကချင်၊ ရခိုင် တိုင်းရင်းသားတွေပါတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို ခေါ်ပြီး လာရောက်တာ ဖြစ်ပါတယ်။

ဒီခရီးစဉ်မှာ ငွေကြေးအားဖြင့် တတ်နိုင်သလောက် လှူဒါန်းခဲ့တယ်။ လွှတ်တော်က ကူညီပံ့ပိုးပေးတဲ့ အလှူငွေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မိသားစုနဲ့ ကျွန်တော်တို့ မိသားစုတွေရဲ့ ထည့်ဝင်ငွေအပြင် ကျွန်တော်နဲ့အတူ ပါလာကြသူတွေရဲ့ စုပေါင်းအလှူငွေတွေကို ပေါင်းစပ်ပြီးတော့ အပိုင်းနှစ်ပိုင်းခွဲပြီး ထောက်ပံ့ပေးခဲ့တယ်။ ကျဆုံးသွားတဲ့ တပ်မတော်သားနဲ့ ရဲတပ်ဖွဲ့ဝင်တွေအတွက် ကျန်ရစ်တဲ့မိသားစုဝင်တွေကို ငွေကြေးထောက်ပံ့ပေးတယ်။ ဒါ့အပြင် သေဆုံးသွားတဲ့ တိုင်းရင်းသားတွေအတွက် သူတို့ရဲ့ မိသားစုဝင်တွေကို ထောက်ပံ့ပေးခဲ့တယ်။ ကျန်တာကိုတော့ ဆန်ကို အဓိကဝယ်ယူလာပြီး ထောက်ပံ့ပေးခဲ့ပါတယ်။

ဒီလိုထောက်ပံ့တဲ့အခါမှာလည်း ယာယီစခန်းတွေမှာ သွားရောက်နေထိုင်ကြတဲ့ သူတွေထက် ကြောက်လန့်စိုးရိမ်ပေမယ့် ကိုယ့်ရွာ၊ ကိုယ့်ဒေသကို မစွန့်ခွာဘဲ ကြံ့ကြံ့ခံနေထိုင်ကြတဲ့ ဒေသခံရွာသူ ရွာသားတွေကို ဦးစားပေးပြီး လူဦးရေအလိုက် ဆန်အိတ်တွေ သွားရောက်ထောက်ပံ့ခဲ့ပါတယ်။ နောက်ပြီး စစ်တွေက ကယ်ဆယ်ရေးစခန်းအချို့ကို သွားရောက်လှူဒါန်းခဲ့ပါတယ်။ ဒီခရီးစဉ်တစ်လျှောက်မှာ ကြုံတွေ့ခဲ့တဲ့ တိုင်းရင်းသားတွေရဲ့ စိုးရိမ်ကြောက်လန့်စိတ်တွေနဲ့ ပတ်သက်ပြီးတော့လည်း လုပ်ဆောင်စရာတွေ အများကြီးရှိနေပါတယ်။ လက်ရှိမှာ ဒေသကို ကာကွယ်ဖို့အတွက် ကြိုးစားဆောင်ရွက်နေတဲ့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ ဝန်ထမ်းတွေကိုလည်း ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

ဒီတစ်ကြိမ်က ရည်ရွယ်ချက်ရှိရှိ ချိန်ကိုက်ပြီး လုပ်ဆောင်ကြတာပါ။ ရဲစခန်းတွေ၊ လုံခြုံရေးတပ်ဖွဲ့တွေမရှိရင် ဒီနယ်မြေကို သိမ်းပိုက်ဖို့အတွက် လုပ်တာပါ။ ဒါဟာ တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာကို ထိပါးစော်ကားလာတဲ့အဆင့်အထိ အတင့်ရဲလာတာ ဖြစ်တယ်။

ဒါနဲ့ပတ်သက်ပြီး နိုင်ငံအချို့နဲ့ မီဒီယာအချို့တို့ကလည်း အမျိုးမျိုးပုံဖော်ပြီး အကြမ်းဖက်အဖွဲ့အစည်းတွေကို အားပေးအားမြှောက် လှုံ့ဆော်ရေးသားဖော်ပြကြတယ်။ ဘယ်သူတွေ ဘာပဲပြောပြော ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးလာတဲ့ကိစ္စကိုတော့ သည်းခံလို့မရဘူး။ ဒါကြောင့် လတ်တလော လုပ်ရမယ့်အပိုင်းနဲ့ ဒေသခံတိုင်းရင်းသားပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ရှိပါတယ်။ ဒေသခံတွေက လက်ရှိမှာ လုံခြုံရေးရှိမှ နေရဲတယ်။ လုံခြုံရေးတွေ ပြန်ထွက်ခွာသွားရင် မနေရဲဘူးလို့ ပြောနေကြတယ်။ ဒါကြောင့် လုံခြုံရေးကင်းစခန်းတွေ ရှိနေဖို့လိုအပ်တယ်။ ရေရှည်အတွက် လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းဖို့၊ ဒေသဖွံ့ဖြိုးရေးနဲ့ နယ်မြေတည်ငြိမ်အေးချမ်းဖို့အတွက် အစိုးရ၊ တပ်မတော်နဲ့အတူ ပူးပေါင်းပြီး ကျွန်တော်တို့လွှတ်တော်ကလည်း တစ်ဖက်တစ်လမ်းက ကူညီပံ့ပိုးဆောင်ရွက်သွားမယ်လို့ ပြောချင်ပါတယ်။

ဦးညီပု(ရခိုင်ပြည်နယ်ဝန်ကြီးချုပ်)

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနဲ့ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်တွေက သူတို့ရဲ့အလှူငွေတွေနဲ့ ဆန်တွေ ဝယ်လာပြီး နေရပ်ကိုမစွန့်ခွာဘဲ ကိုယ့်နေရာမှာ အခိုင်အမာရပ်တည်နေထိုင်နေတဲ့ တိုင်းရင်းသားတွေဆီကို ကိုယ်တိုင်လာရောက်ထောက်ပံ့လှူဒါန်းပြီး တွေ့ဆုံအားပေးစကားပြောကြားပေးပါတယ်။ မိမိတို့ဒေသမှာ အခိုင်အမာ ရပ်တည်နေထိုင်ကြတဲ့ တိုင်းရင်းသားတွေအတွက် ဒါဟာ ခွန်အားလည်းဖြစ်တယ်။

တိုင်းရင်းသားတွေကိုယ်တိုင်ကလည်း မမျှော်လင့်ဘဲ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကိုယ်တိုင် လာရောက်ထောက်ပံ့တာဆိုတော့ သူတို့အတွက် တအံ့တဩလည်းဖြစ်သလို ကျေနပ်အားရမှုရှိတာလည်း တွေ့ရတယ်။ နောက်ထပ်လည်း လာဖို့ဖိတ်ခေါ်တာတွေလည်း တွေ့ရပါတယ်။ ကျွန်တော်တို့ဘက်ကလည်း သူတို့အတွက် ပိုပြီးလုံခြုံတဲ့ အစီအမံတွေ ဆောင်ရွက်ပေးမယ်ဆိုရင် သူတို့လည်း ကိုယ့်ဒေသကို မစွန့်ခွာဘဲ ရေရှည်ထိန်းသိမ်းသွားမယ် ဆိုတာမျိုးတွေလည်း တွေ့ရပါတယ်။

ဦးစောမိုးမြင့်
(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)

ဒီလို ကိုယ့်နေရာကိုယ့်ဒေသမှာ ကြံ့ကြံ့ခံရပ်တည်နေထိုင်နေကြတဲ့ တိုင်းရင်းသားတွေကို တွေ့ရလိမ့်မယ်ဆိုတာ မထင်ထားမိပါဘူး။ ဒီလိုတွေ့ရလို့ ဝမ်းသာပါတယ်။ စိတ်ထားကို ချီးကျူးလေးစားတယ်။ ဘာလို့လဲဆိုတော့ ကိုယ့်ရဲ့ဘိုးဘွားပိုင်မြေကို သူများကျူးကျော်တာမခံချင်လို့ ကိုယ့်ဒေသမှာပဲ နေမယ်ဆိုတဲ့ သူတွေကို တွေ့ရလို့ပါပဲ။ ဒီအတွက် ဝမ်းသာပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ သူတို့တစ်တွေရဲ့ဘဝပြန်လည်ထူထောင်ရေး လုပ်ပေးရမှာဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနဲ့ ရေရှည်အမြဲတမ်းနေထိုင်နိုင်အောင်နဲ့ သူတို့ရဲ့ သားသမီးတွေအတွက်လည်း ရေရှည်ခိုင်မြဲတဲ့ စီးပွားရေးလုပ်ငန်းတွေ ထူထောင်ပေးဖို့အတွက် စဉ်းစားပေးသင့်တယ်။

အခုလောလောဆယ်တော့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေအတွက် လိုအပ်တဲ့ အထောက်အပံ့တွေ ပေးသင့်တယ်။ နောက်တစ်ခုက လမ်းပန်းဆက်သွယ်ရေးပါ။ ဒီဒေသမှာ အခုလိုမျိုး အကြမ်းဖက်ဖြစ်စဉ်တွေ နောက်ထပ်ဖြစ်မလာဖို့အတွက်နဲ့ အကယ်၍ ဖြစ်လာမယ်ဆိုရင်လည်း အမြန်ဆုံးသွားရောက်ကာကွယ်နှိမ်နင်းဖို့အတွက် လမ်းပန်းဆက်သွယ်ရေး ဒီထက်ပိုကောင်းအောင် လုပ်ဆောင်ပေးသင့်တယ်။

နောက်တစ်ခုက တချို့နိုင်ငံတွေကနေ မဟုတ်မမှန်သတင်းတွေ ထုတ်လွှင့်နေတာမျိုးတွေ ကြားသိနေရတယ်။ မဟုတ်မမှန်ဘူးဆိုတာကို ပြောပြဖို့အတွက်လည်း တာဝန်ရှိတယ်။ ကျွန်တော်တို့အနေနဲ့ ဆက်လက်ပြောပြသွားပါမှာ။ မြန်မာနိုင်ငံမှာရှိတဲ့ ဒီဒေသက စိုက်ပျိုးရေးရော၊ မွေးမြူရေးရော အင်မတန်မှ ကောင်းတဲ့နေရာဖြစ်တယ်။ ဒါကြောင့် သူတို့ ပြန်လာကြမှာပဲ။ အဲဒီအခါမှာ အုပ်ချုပ်မှုပိုင်း၊ တရားဥပဒေစိုးမိုးမှုပိုင်းတွေမှာ လွှမ်းမိုးနိုင်တဲ့ အနေအထားမျိုး တစ်ခုဖြစ်အောင် တာဝန်ရှိသူတွေက ကြိုတင်ဆောင်ရွက်ထားသင့်ပါတယ်။

ဦးစိုးသိန်း(ခ)ဦးမောင်စိုး
(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)

ကျွန်တော်တို့ ဒီခရီးစဉ်မှာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနဲ့ ကျေးရွာတွေအထိ ထဲထဲဝင်ဝင် သွားရောက်ကြည့်တဲ့အခါမှာ ရွာတချို့မှာ ကျန်ခဲ့တဲ့ တိုင်းရင်းသားတွေဟာ စိုးရိမ်ပူပန်မှုတွေရှိနေတာကို တွေ့ရတယ်။ သူတို့အဓိကစိုးရိမ်နေကြတာ စားဝတ်နေရေးထက် သူတို့ဘဝလုံခြုံရေးကို ပိုပြီးစိတ်ပူနေကြတယ်။ ထောက်ပံ့မှုတွေ လာရောက်ပေးတယ်ဆိုတာကလည်း လတ်တလော အခက်အခဲလေးတွေ ဖြေရှင်းပေးတဲ့သဘောပါ။ အမှန်တကယ်ကတော့ ပြည်ထောင်စုဘတ်ဂျက်ထဲကနေ သူတို့ဘဝတွေရဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို လွှတ်တော်ကနေ ပြဋ္ဌာန်းဆုံးဖြတ်ပြီးတော့ လုပ်ဆောင်သွားရမယ်လို့ မြင်ပါတယ်။

နောက်တစ်ခုအနေနဲ့ ဒီတိုင်းရင်းသားတွေကို အကြမ်းဖက်တာဟာ ပြည်ထောင်စုကို အကြမ်းဖက်တယ်လို့ပဲ ကျွန်တော်တို့က ယူဆတယ်။ ဒါကြောင့် ဒီအကြမ်းဖက်မှုအတွက် ကျွန်တော်တို့ တော်တော်လေးကို စိတ်မကောင်းခဲ့ပါဘူး။ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး မျက်ဝါးထင်ထင် မြင်တွေ့ရတဲ့အတွက် ပြည်ထောင်စုအဆင့်ကနေ သေချာကိုင်တွယ်ဖြေရှင်းဖို့ လိုအပ်တယ်လို့ထင်ပါတယ်။ ဒီမောင်တောဒေသဖွံ့ဖြိုးတိုးတက်အောင် ပြည်ထောင်စုဘတ်ဂျက်ကနေ ဦးစားပေးစနစ်နဲ့ သုံးစွဲဆောင်ရွက်ဖို့လိုတယ်။ ပျက်စီးသွားတာတွေ ပြန်လည်ထူထောင်ဖို့၊ နောက် ပုံမှန်ဝင်ငွေရဖို့နဲ့ အနာဂတ် ရေရှည်စီးပွားရေးအတွက် အဆင်ပြေအောင် ဘယ်လိုရည်မှန်းချက်တွေချပြီး လုပ်ဆောင်ရမယ်ဆိုတာကို နိုင်ငံတော်အနေနဲ့ စဉ်းစားဖို့လိုပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကဏ္ဍကလည်း ဒါတွေကို ကြိုးစားပြီး ဆောင်ရွက်သွားမယ်။ တိုင်းရင်းသားတွေအနေနဲ့လည်း ဘိုးဘွားစဉ်ဆက် နေထိုင်လာခဲ့ကြတဲ့ ကိုယ့်နေရာ၊ ကိုယ့်ဒေသ၊ ကိုယ့်မြေ၊ ကိုယ့်ရေပေါ်မှာပဲ ဆက်လက်နေထိုင်ဖို့ အရေးကြီးပါတယ်။

အမေး/အရေး- တင်မောင်လွင်၊ မင်းထက်အောင်၊ ဓာတ်ပုံ- မောင်မွေး

ဩဂုတ်လအတွင်း ပြည်ပသို့တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၁၇၀၀၀ ကျော်အား စေလွှတ်နိုင်ခဲ့ပြီး ပြည်တွင်း၌လည်း အလုပ်နေရာ ၁၈၀၀၀ ကျော် ခန့်ထားနိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၁၄

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် ယခုနှစ် ဩဂုတ်လအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၁၇၀၀၀ ကျော်အား စေလွှတ်နိုင်ခဲ့ပြီး ပြည်တွင်း၌လည်း အလုပ်နေရာ ၁၈၀၀၀ ကျော်အား ခန့်ထားပေးနိုင်ခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနမှ သိရသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး ဩဂုတ်လအတွင်း ပြည်ပသို့ အလုပ်သမားများ တရားဝင်စေလွှတ်ရာတွင် မလေးရှား၊ စင်ကာပူ၊ ကိုရီးယား၊ ထိုင်း၊ ဂျပန်၊ ကာတာနှင့် ယူအေအီးနိုင်ငံများသို့ စေလွှတ်ခဲ့ကြောင်း သိရသည်။

ထိုသို့ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် ဆောင်ရွက်ရာတွင် ယခုနှစ်အတွင်း ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး အလုပ်သမားများအနေဖြင့် သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေး၊ အလုပ်ရှင်များအတွက် အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရေးအတွက် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် LabourExchange Management System ဖြင့် Online မှလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ရှင်မင်း)

ပုံရိပ်ယောင်ဘဝ၊ သတင်းမှားနှင့် သတင်းမှန်အောင် လုပ်ကြမယ်

ဇာခြည်ညိမ်း

သတင်းဆိုသည်မှာ အရပ်မျက်နှာအသီးသီးမှာ လတ်တလောဖြစ်ပျက်နေသော အကြောင်းခြင်းရာများကို တင်ဆက်မှုဖြစ်ပါသည်။ ယခင်ကတော့ သတင်းဆိုသည်မှာ သတင်းစာ၊ ဂျာနယ်တို့တွင်သာ အလေးထားဖတ်ရသည့်အရာဖြစ်သည်။ နည်းပညာတိုးတက်လာသည့် ယနေ့ခေတ်အခါတွင်တော့ အွန်လိုင်းအသုံးပြုသူ လူတိုင်းသည် သတင်းသမားဖြစ်နိုင်သလို ကိုယ်ပိုင်မီဒီယာတစ်ခုကို ပိုင်ဆိုင်နေသကဲ့သို့ သတင်းအချက်အလက်များကို အတားအဆီးမရှိ ကူးယူ၊ သယ်ဆောင်၊ ပြုပြင်၊ ဖြန့်ဖြူးနိုင်သည့် အခွင့်အလမ်းကို ပိုင်ဆိုင်နေကြပြီဖြစ်သည်။ ယင်းအချက်ကပင် သတင်းအတုများ၊ သတင်းမှားများကို အားကောင်းမောင်းသန်စီးဆင်းစေရန် အားပေးစေသည်ဟု ဝေဖန်မှုများရှိနေသော်လည်း ယင်းသတင်းမှားများ စီးဆင်းမှုကို မည်သို့ပိတ်ပင်တားဆီးမည်ဆိုသည်က ခေါင်းကိုက်စရာကိစ္စ ဖြစ်လာပြန်သည်။

ယနေ့ခေတ်အစားဆုံး အွန်လိုင်းမီဒီယာဖြစ်သည့် လူမှုကွန်ရက်စာမျက်နှာ ဖေ့စ်ဘွတ်ကို လူကြိုက်များလာကြသည်မှာ အားလုံးအသိပင်ဖြစ်သည်။ လူတိုင်းအတွက် အွန်လိုင်းပုံရိပ်ယောင်တစ်ခု ဖန်တီးခွင့်ပေးထားပြီး မိမိထင်မြင်ယူဆချက်များ၊ မိမိစိတ်ကြိုက် ဘဝတစ်ခုကို သတ်မှတ်ဖန်တီးနိုင်ခွင့် လူတိုင်းတွင်ရှိသလို ကိုယ်ပိုင်မီဒီယာ ပလက်ဖောင်းတစ်ခုလည်း ပိုင်ဆိုင်ထားခွင့်ရှိပေသည်။ (citizen journalism) အရပ်သား သတင်းစာပညာ ထွန်းကားလာပြီးနောက်တွင် လူတိုင်းသတင်းသမားဖြစ်နိုင်သည်။ မိမိသိသောသတင်းကို အွန်လိုင်းပေါ်တွင် မျှဝေနိုင်သည်။ သတင်းပညာ၊ သတင်းကျင့်ဝတ်ကို စနစ်တကျသိထား၊ တတ်ထားခြင်းမရှိဘဲ သတင်းများ ဖြန့်ဝေနေနိုင်သည်။ ထို့အတွက် သတင်းစီးဆင်းမှု မြန်ဆန်လာသည့်အားသာချက်ကို ရရှိလာသလို တစ်ဖက်မှကြည့်လျှင်လည်း ယင်းသည်ပင် သတင်းမှားများ စီးဆင်းရာ ပလက်ဖောင်းတစ်ခုဖြစ်လာစေသည်။

သတင်းကို တစ်ဖက်တည်းကသာ တင်ဆက် ဝါဒဖြန့်ခဲ့သည့် ယဉ်ကျေးမှု ကြာမြင့်စွာထွန်းကားခဲ့သည့်အတွက် သတင်းဆိုလျှင် ဘက်စုံ၊ ထောင့်စုံက ရှာဖွေဖတ်ရှုရမည်ဆိုသည့် သတင်းသိမှုပညာ အားနည်းနေခဲ့သည်။ အင်တာနက်တွင် ဖော်ပြသမျှအမှန်ဟု ထင်တတ်သည့် လူဦးရေလည်း များများစားစားရှိနေသည်။ ထိုအချက်များကြောင့်ပင် တိုင်းပြည်တွင် အရေးကိစ္စပေါ်ပေါက်လာတိုင်း လူများသည် သတင်းစာအစား လူမှုကွန်ရက် စာမျက်နှာပေါ်တွင် ထင်ရှားသူ(celebrity)တို့၏ စာမျက်နှာတွင် မိနစ်နှင့်အမျှ တက်လာသောသတင်းများ၊ အာဘော်များကို စောင့်ဖတ်ကြသည်။ အချင်းချင်းဝေမျှကြသည်။ သတင်းမှားစီးဆင်းရာလမ်းကြောင်းများကို သုတေသနပြုကြည့်ရာတွင် အကြမ်းဖျင်းအားဖြင့် အောက်ပါအတိုင်း တွေ့ရသည်။

(၁) သတင်းစာမျက်နှာများ
(၂) လူသိများသည့် celebrity များ
(၃) တရားဝင် အစိုးရဝန်ကြီးဌာနများ၏ စာမျက်နှာများ
(၄) မိမိ သိကျွမ်းခင်မင်သော လေးစားလောက်ဖွယ် ပုဂ္ဂိုလ်များ၏ ကိုယ်ပိုင်စာမျက်နှာများ
(၅) သတင်းစာ၊ ဂျာနယ်များဖြစ်သည်။

အဖြစ်အပျက်တစ်ခု ဖြစ်ပြီးသည်ဆိုသည်နှင့် အနီးအနားတွင်ရှိသော လူပုဂ္ဂိုလ်များက ဖုန်းဖြင့် ဓာတ်ပုံရိုက်၍ ဖေ့စ်ဘွတ်ပေါ်တင်ကာ လူတိုင်း သတင်းသမား (citizen journalist) ဖြစ်နိုင်သော ခေတ်ဖြစ်သည်နှင့်အညီ စက္ကန့်နှင့်အမျှ တက်လာသော သတင်းများ၏မှားခြင်း၊ မှန်ခြင်း၊ တစ်ခါတလေ သတင်းက မှန်သော်လည်း တင်ပြပုံလွဲမှားသဖြင့် ပြောင်းပြန်အကျိုးသက်ရောက်ခြင်းများလည်း ရှိနေနိုင်သည်။ ထိုသို့သော အခြေအနေမျိုးတွင် သတင်းမှား၊ မှန်ကို ခွဲခြားသိနိုင်သော အသိပညာ ပြည်သူတို့တွင် ကျယ်ကျယ်ပြန့်ပြန့်ရှိနေဖို့ လိုလာပေသည်။ ထိုမျှသာမက သတင်းကိုခွဲခြမ်းစိတ်ဖြာနိုင်သော ပင်ကိုအခံ ဗဟုသုတအားကောင်းဖို့လည်း အလွန်လိုအပ်နေပေသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော အဖြစ်အပျက်များ တစ်လျှောက် တွေ့ကြုံခဲ့ရသော အတွေ့အကြုံများအရ ပြောရမည်ဆိုလျှင် မြန်မာလူမျိုးသည် ခံစားလွယ်သော၊ သနားကရုဏာကြီးမားသော လူမျိုးဖြစ်သည်။ သနားခြင်းနှင့် ဒေါသမုန်းတီးခြင်းသည် အမြဲဆက်စပ်နေသော အခြေအနေရှိပါသည်။ တစ်ဖက်ကို သနားလေလေ၊ တခြားတစ်ဖက်ကို မုန်းတီးဒေါသထွက်လေ ဝင်ရောက်ဆုံးဖြတ်ပေးလိုစိတ်ရှိသူများလည်း ဖြစ်ကြသည်။

ဥပမာ-တစ်ခါက ဖေ့စ်ဘွတ်စာမျက်နှာတွင် ဘတ်စ်ကားပေါ်တွင် အိပ်နေသော သက်လတ်ပိုင်းအရွယ် လူတစ်ဦးပုံကို ဓာတ်ပုံရိုက်တင်၍ လူက ကြောင်သူတော်ရုပ်နဲ့ ဘေးက ကောင်မလေးတင်ပါးကို လက်လျှိုနှိုက်နေတယ်ဟု တင်ထားသည်ကို တွေ့ရသည်။ လူအများအပြားက ယုံကြည်ကြပြီး ယင်းပုံကို ဝိုင်းရှုတ်ကြသလို ဝိုင်းဆဲကြသူများလည်း အများအပြားပင် တွေ့ရသည်။

နောက်ပိုင်းမှ ထိုလူမှာ သူ့ဘာသာ အိပ်နေတာသာဖြစ်ပြီး ယင်းကဲ့သို့ ကျူးလွန်ခဲ့ခြင်းမရှိကြောင်း၊ စာရိတ္တပိုင်းဆိုင်ရာတွင် ယင်းကဲ့သို့ ပြစ်ချက်ရှိခဲ့သူမဟုတ်ကြောင်း ပြန်လည်ဖြေရှင်းထားသည်ကို တွေ့ရသည်။ ဒါသည် လူတစ်ဦးတစ်ယောက်၏ ကိုယ်ကျင့်သိက္ခာကို ပျက်စီးစေခြင်းဖြစ်သလို သတင်းရင်းမြစ်တင်သူကလည်း သာမန်အရပ်သားတစ်ယောက်သာဖြစ်သည်။ ပုံရိပ်ယောင်ကမ္ဘာဖြစ်သည့် ဖေ့စ်ဘွတ်လူမှုကွန်ရက်စာမျက်နှာပေါ်တွင် like, share များများရပြီး ဆယ်လီဖြစ်ချင်ကြသည့်ရောဂါ (၁၅ မိနစ်စာကျော်ကြားမှု) နောက်ကို တန်းတန်းစွဲလိုက်ရင်း လူကြိုက်များမည့် ပေါ်ပင်ခေါင်းစဉ်များကို အပြိုင်အဆိုင်တင်ကြသူများ၊ ဆရာကြီးလုပ် ဆွေးနွေးကြသူများတွင် နောက်လိုက် (followers) က သတင်းမှားများကို အဓိက ထုတ်လုပ်နေကြသလို ယင်းသတင်းကို ယုံကြည်ကြသူ၊ တစ်ဆင့်ဖြန့်ဖြူးသူများလည်း အများအပြားပင်ဖြစ်သည်။

လတ်တလော မြန်မာနိုင်ငံတွင် လူမှုကွန်ရက်စာမျက်နှာ ဖေ့စ်ဘွတ်သုံးစွဲသူ ၁၅ သန်းရှိပါသည်။ ယင်းအနက် ၇၀ ရာခိုင်နှုန်းကျော်မှာ ကျေးလက်ဒေသများတွင် နေထိုင်ကြသည်။ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် တွေ့သမျှကို သတင်းမှန်ဟု ယုံကြည်နေကြသူများလည်းဖြစ်ကြသည်။ ထိုသူများထံသို့ သတင်းမှန်ရောက်ရှိရေး အရေးကြီးသကဲ့သို့ သတင်းမှားကို ခွဲခြားသိမြင်နားလည်နိုင်သည့် အသိပညာပေးဖို့လည်း လိုအပ်သည်။ ထို့ကြောင့် သတင်းတစ်ခုကို မှား၊ မှန် အမြန်ဆုံးနှင့် အလွယ်ကူဆုံးခွဲခြားသိမြင်နိုင်သော အချက်အလက်များကို ဖော်ပြအပ်ပါသည်။

(၁) သတင်းတစ်ခုကိုတွေ့ပါက အရင်ဆုံး ယင်းသတင်းကို ယုံကြည်စိတ်ချရသော သတင်းမီဒီယာ စာမျက်နှာ ဘယ်နှခုတွင် တင်ထားပါသလဲဟု ဆန်းစစ်ပါ။

(၂) သတင်းစာမျက်နှာတွင် အတုများလည်း ရှိနေတတ်သဖြင့် သတင်းစာမျက်နှာ အစစ်အမှန်ဆိုပါက ဘေးနားတွင် အပြာရောင်အမှန်ခြစ်လေး စိစစ်အတည်ပြုသော အမှတ်အသားပါပါသည်။ အပြာရောင်အမှန်ခြစ်ပါသည့် သတင်းဌာနဘယ်နှခုက ယင်းသတင်းကို တင်ထားသလဲဟု လိုက်ကြည့်ပါ။

(၃) ကွန်မန့်များကို ဖတ်ပါ။ သတင်းမှန်သိသူများက ကွန်မန့်များတွင် ယင်းသတင်းမှားနေကြောင်း ကွန်မန့်များ ရေးထားတတ်ပါသည်။ ယင်းကွန်မန့်များကို ဖတ်ကြည့်ပါ။

(၄) သတင်းခေါင်းစဉ်ကိုသာမက သတင်းတစ်ပုဒ်လုံးကို ဖတ်ပြီးမှ မျှဝေသင့်၊ မသင့် ဆုံးဖြတ်ပါ။ မိမိနှင့်ခင်သူ၊ မိမိက လေးစားသူများက တင်သမျှသတင်း အကုန်လုံးမှန်သည်ဟု မယုံကြည်ပါနှင့်။ သူတို့သည်လည်း သမားရိုးကျလူသားမျှသာဖြစ်သည်ကို သတိပြုပါ။ သူတို့သည်လည်း သင့်လို ခင်မင်သူ၊ ယုံကြည်လောက်သူက တင်သမျှကို မှန်သည်ဟု ထင်တတ်သူများဖြစ်သည်ကို သတိပြုပါ။

(၅) တာဝန်ယူမှု၊ တာဝန်ခံမှုကို အမြဲသတိပြုပါ။ သင့်ကိုယ်ပိုင်စာမျက်နှာတွင် တင်လိုက်သော သတင်းမှားသည် သင့်ပေါ်တွင် တာဝန်ရှိပါသည်။ သင်မျှဝေလိုက်သော သတင်းမှားကို ယုံကြည်သူ၊ တစ်ဆင့်ပြန်ဖြန့်သူများကြောင့် မလိုလားအပ်သည့် သတင်းမှားများ၊ အကျိုးဆက်များ ဖြစ်နိုင်သည်ကို သတိပြုပါ။ သတင်းမှားတစ်ခုကို သတိလက်လွတ်မျှဝေလိုက်မိပါက ထိုသတင်းကို ပြန်ဖြုတ်ချခြင်း၊ သတင်းမှန်ကို ပြန်တင်ပေးခြင်းမျိုးကို မြန်နိုင်သမျှ အမြန်ဆုံး ပြုလုပ်ပေးပါ။ မမှားဖူးသူ မရှိပါ။ မှားတာကို အမှန်ပြန်မပြင်သူသာရှိပါသည်။ မှားတာကို သိမြင်ပြီး အမှန်ကို ပြန်လည်ဖြန့်ဖြူးပေးခြင်းဖြင့် မိမိ၏ နိုင်ငံသားကောင်းပီသသော တာဝန်ခံမှု၊ တာဝန်ယူမှုကို ပြသပေးပါ။

လူတိုင်းသည် ပုံရိပ်ယောင်ကမ္ဘာတွင် မိမိဖြစ်ချင်သည့် ဘဝတစ်ခုကို ဖန်တီးနိုင်ခွင့်ကို ဖေ့စ်ဘွတ်က ပေးထားသလို မိမိမလိုချင်သောဘဝကို ပိတ်သိမ်းခွင့်ကိုလည်း ပေးထားပါသည်။ မိမိစိတ်ကြိုက်ဖန်တီးထားသော အွန်လိုင်းဘဝလေးတွင် တာဝန်ယူမှု၊ တာဝန်ခံမှု စိတ်ဓာတ်အပြည့်ရှိသည့် လှပသော ဘဝမျိုးလေး ဖန်တီးကြပါစို့။ မိမိဖြန့်ဖြူးလိုက်သော သတင်းမှားကြောင့် တခြားသူမှာ ထိခိုက်နစ်နာမှု၊ မကောင်းသော အကျိုးဆက်များမဖြစ်အောင် ကျင့်ကြံကြပါစို့လို့ တိုက်တွန်းလိုက်ရပါသည်။

> **❝ လူတိုင်း သတင်းသမား (citizen journalist)ဖြစ်နိုင်သော ခေတ်ဖြစ်သည်နှင့်အညီ စက္ကန့်နှင့်အမျှ တက်လာသော သတင်းများ၏ မှားခြင်း၊ မှန်ခြင်း၊ တစ်ခါတလေ သတင်းက မှန်သော်လည်း တင်ပြပုံလွဲမှားသဖြင့် ပြောင်းပြန်အကျိုးသက်ရောက်ခြင်းများလည်း ရှိနေနိုင်သည်။ ထိုသို့သော အခြေအနေမျိုးတွင် သတင်း မှား၊ မှန်ကို ခွဲခြားသိနိုင်သော အသိပညာ ပြည်သူတို့တွင် ကျယ်ကျယ်ပြန့်ပြန့်ရှိနေဖို့ လိုလာပေသည်။ ထိုမျှသာမက သတင်းကို ခွဲခြမ်းစိတ်ဖြာနိုင်သော ပင်ကိုအခံ ဗဟုသုတအားကောင်းဖို့လည်း အလွန်လိုအပ် ❞**

ဈေးကွက် သို့မဟုတ် ဘဝသန်းပေါင်း ခိုလှုံရာ ချစ်သူနယ်မြေ

ကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် ရောင်းလိုသူနှင့် ဝယ်လိုသူတို့ ငွေကြေး သို့မဟုတ် ကြားခံလဲလှယ်ရေးပစ္စည်းများနှင့် ဆုံစည်းရာကို ဈေးကွက် (market) ဟု အကြမ်းဖျင်းအားဖြင့် ဆိုကြသည်။

သို့သော် ဈေးကွက်ကို လူ့သဘာဝ၊ လူ့လောကဖြစ်စဉ်နှင့် ယှဉ်တွေးမိရာ-
ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းလုပ်ကိုင်နေထိုင်ခြင်းသည် လူ့သဘာဝဖြစ်သည်။ တစ်နည်းအားဖြင့် မိမိဘဝအတွက် လိုအပ်(needs)၊ လိုချင်(wants)နှင့် လိုလား(tastes)များကို ရမည့်နေရာသို့ ရွှေ့ပြောင်းလုပ်ကိုင်နေထိုင်ခြင်းဟု တွေးမိသည်။ သုံးစွဲသူ(consumer)က သူ၏လိုအပ်၊ လိုချင်နှင့် လိုလားသည့် ကုန်ပစ္စည်း(Goods)နှင့် ဝန်ဆောင်မှု(Service) ရရှိနိုင်ရာ၊ ဖန်တီးနိုင်ရာ ဈေးကွက်(market)သို့ ဖွေရှာခြင်းဟုလည်း စဉ်းစားမိသည်။

ဤသို့ဖြင့် လူ့သမိုင်းတွင် ဈေးကွက်ကို ဖြစ်ပေါ်ခြင်း၊ ဖန်တီးခြင်း၊ တည်ဆောက်ခြင်း၊ ရှာဖွေခြင်းဖြင့် ကြွယ်ဝချမ်းသာသော၊ ခမ်းနားကြီးကျယ်သော မြို့၊ ရွာ၊ မြို့ကြီး၊ တိုင်းကြီး၊ ပြည်ကြီး၊ တိုက်ကြီးများ ဖြစ်ထွန်းခဲ့ကြသည်။ ကမ္ဘာ့သမိုင်းကိုကြည့်ရာ ပင်လယ်ရပ်ခြား စွန့်စားရွက်လွှင့်ခြင်း၊ ကမ္ဘာလုံးအကြောင်း သိရှိလာခြင်း၊ အမေရိကတိုက်ကြီး ရှာဖွေတွေ့ရှိခြင်း၊ ကိုလိုနီနယ်ချဲ့ခြင်း၊ ကမ္ဘာစစ်ကြီးနှစ်ကြိမ်၊ မာရှယ်စီမံကိန်းမှ ဥရောပစီးပွားပူးပေါင်းဆောင်ရွက်မှုအဖွဲ့(OECD)၊ EU၊ ASEAN အစရှိသဖြင့် ဖွဲ့ခြင်း၊ ဗြိတိန်နုတ်ထွက်ခြင်း (BREXIT) စသည်တို့၌ ဈေးကွက်စနက်မကင်း။ ဈေးကွက်စနက်ကင်းရာက ရှာမှ ရှား။ မြန်မာ့သမိုင်းကိုကြည့်ရာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လက်မှု၊ လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေးကောင်းရာ (ဝါ) ဈေးကွက်ဖြစ်ရာတို့သည် ရွာကြီး၊ မြို့ကြီး၊ မြို့တော်ဖြစ်ပေါ်ခဲ့သည်ဆိုလျှင် မှားအံ့မထင်။

ထို့အပြင် ဈေးကွက်ကိုဖျက်လျှင် ဒုက္ခနံ့နစ်သည်ကိုလည်း တွေးမိပြန်သည်။

အရင်းရှင်နှင့်ဆိုရှယ်လစ်ကွန်မြူနစ်၊ အနောက်နှင့်အရှေ့ ကမ္ဘာနှစ်ခြမ်း ဖြစ်စဉ်က ဈေးကွက်ဖွင့်သော အရင်းရှင်၊ အနောက်ကမ္ဘာက ဘာဖြစ်ပြီး ဈေးကွက်ပိတ်သော ဆိုရှယ်လစ် ကွန်မြူနစ်၊ အရှေ့ဆိုသူများ ဘာဖြစ်သည်ကို တစ်ကမ္ဘာလုံး သင်ခန်းစာယူပြီးဟု ယုံကြည်သည်။ အာဏာသိမ်းရင် သိမ်းမည် ဈေးကွက်ကိုတော့ သိမ်း၍ မဖြစ်။

မြန်မာ့ဖြစ်စဉ်ကို မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် သင်ခန်းစာယူကြည့်ချင်သည်။ ၁၉၆၂ ခုနှစ်က ပြည်သူပိုင်သိမ်းခြင်းကို ဈေးကွက်ဖျက်ခြင်းဟုသာ ခံစားမိသည်။ ထို့ကြောင့် ဆယ်စုနှစ် နှစ်ခုအကျော်မှာပင် အစိုးရနှင့် ပြည်သူအတူတူ ချွတ်ခြုံကျသွားသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း ဈေးကွက်ဖွင့်သည်။ သို့သော် ဈေးကွက်အပေါ် လက်ဝါးကြီးအုပ်မှု၊ ဘက်လိုက်မှုများကြောင့် အာဏာပိုင်နှင့် အာဏာပိုင်နှင့် နီးစပ်သူတို့ ချမ်းသာပြီး ပြည်သူက ဆင်းရဲတွင်းနက်ခဲ့သည်။

ယခုတော့ ပြည်သူနှင့်ပြည်သူ့မဲပေးတဲ့ အစိုးရကြီး အမွေရလိုက်သည်က ခနော်ခနဲ့ ဈေးကွက် (ဝါ) ဈေးပျက်။ မည်သို့ပင်ဖြစ်စေ ဈေးကွက်အပေါ် လက်ဝါးကြီးအုပ်မှုနှင့် ဘက်လိုက်မှုများ တိုက်ဖျက်မည်(ဝါ)လာဘ်ထိုးမှု ကင်းစင်မည်။ ဈေးကွက်အတွင်း မကောင်းတာပယ်၊ ကောင်းတာကယ်မည်။

သို့သော် ဈေးကွက်ဆိုသည်က တစ်နံတစ်လျား ဘဝများ ဆက်စပ်နေသဖြင့် မကောင်းတာပယ်စဉ် ကောင်းတာ ကပ်ရောက်တတ်သလို ကောင်းတာများကို သွယ်ဝိုက်ထိုးနှက်သည်များ ရှိတတ်ပါသောကြောင့် ကောင်းတာတည်ရင်း မကောင်းတာပယ်သွားနိုင်လျှင် ပိုမိုကောင်းမည်ဟု တွေးမိပါသည်။

ခွင့်ပြုချက်မရှိသော အဆောက်အအုံများ ဆောက်လုပ်နေမှုကိုပိတ်ပင်လိုက်ချိန်မှာပင် ခွင့်ပြုချက်ချပေးနိုင်သော အဆောက်အအုံဆောက်လုပ်မှုတွေ မြန်မြန်ဆန်ဆန်ကြီး ခွင့်ပြုဆောက်လုပ်ပါက ပန်းရန်၊ လက်သမား၊ သံချည် သံကွေး၊ မီးရိုက်၊ ပိုက်သမားစသော အခြေခံလူတန်းစား သို့မဟုတ် ဈေးကွက်အတွင်း ဘဝရင်းရသူများ၊ သူ့မိသားစုများ ဝမ်းစာရပါမည်။

ထို့အပြင် ဈေးကွက်အတွင်း လူဆိုသည်က အမျိုးမျိုး။ ဘာသာရေးဝန်ဆောင်မှု၌ ဥပုသ်စောင့်ရန် ဘုရားကျောင်းကန် သွားမည့်သူရှိသလို ပုထုဇဉ်လူတို့ဘဝ ညကလပ်သွားချင်သူလည်းရှိမည်။ မူးယစ်ဆေးဝါးနှင့် ဒုစရိုက်မှုများကို ထိန်းချုပ်လျက် ညကလပ်များ ဖွင့်လှစ်လည်ပတ်ပါက ဝန်ထမ်းတွေ၊ သီဆိုကပြဖျော်ဖြေသူတွေ၊ အစားအသောက်ရောင်းသူ၊ စားပွဲထိုး၊ အငှားကားပြေးဆွဲသူစသဖြင့် ညဈေးကွက်အတွင်းက ညဘဝများနှင့်အတူ ဆက်စပ်နေသော ကုန်စည်သွင်းမှု၊ ကုန်စည်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုစသော ဈေးကွက်အတွင်း တစ်နံတစ်လျား ဘဝများနှင့်အတူ မိသားစုဝမ်းရေး အေးပါမည်။

ဈေးကွက်အတွင်း ပွင့်လင်းသော လုပ်ကိုင်ခွင့်နှင့် ရင်းနှီးမြှုပ်နှံမှုများနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်မှု၊ အလုပ်ရုံစက်ရုံ၊ ဝန်ဆောင်မှုစသည်တို့ များပြားတိုးတက်ကာ အလုပ်အကိုင်တွေ ပေါ်များလာပါက လမ်းဘေးဈေးသည်၊ မူးယစ်ဆေးဝါးရောင်းဝယ်သူ၊ ဒုစရိုက်သမား၊ စည်းကမ်းမဲ့သူစသဖြင့် လျော့ပါးလာခြင်းသည် ကွဲကူးရေပါ ဖြစ်လာပါမည်။

ဈေးကွက်ကို ဖန်တီးရမည်၊ တည်ဆောက်ရမည်၊ တိုးတက်ခိုင်မြဲအောင် လုပ်ရပါမည်။ ဈေးကွက်သည် ပွင့်လျက်၊ လည်လျက်၊ သွက်လျက်ရှိပါမှ စီးပွားရေးလည်ပါမည်။ စီးပွားရေးလည်ပါမှ စီးပွားဖြစ်ပါမည်။ မလွှဲသာသည့် အဆုံးမှာတောင် ဈေးကွက်ကို အညင်သာဆုံး၊ အထိအခိုက် အနည်းဆုံးဖြင့် ကယ်ပေါက်ပေးစေချင်သည်။ သို့မှသာ နိုင်ငံရေးဈေးကွက်(Market)အတွင်း နိုင်ငံရေး ဦးဆောင်မှု(Service)နှင့် သုံးစွဲသူ(Consumer) ကြည်ဖြူနှလုံးသင့်ပါမည်။

ဈေးကွက်သည် ဘဝသန်းပေါင်းခိုလှုံရာ ချစ်သူနယ်မြေမို့ "ချစ်သူနယ်မြေသည်သာ ငြိမ်းချမ်းသာယာသောနယ်မြေ . . . သစ္စာစကားထွန်းကားရာ ငြိမ်းချမ်းသာယာသောနယ်မြေ. . . ငြိမ်းချမ်းသာယာသောနယ်မြေ. . . "

မိုးထွန်း

ကြေးမုံ

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၄

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အစိုးရသစ်တာဝန်ယူပြီး မကြာမီ ၂၀၁၆ ခုနှစ် မေ ၃၀ ရက်မှ စတင်၍ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ(၄)ရပ်ကိုဖွဲ့စည်းပြီး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားသည့်ဖြစ်စဉ်များမှာ ကာလရှည်ကြာဖြစ်ပွားခဲ့ပြီး ရခိုင်ပြည်နယ်အရေးကို ဖြေရှင်းဆောင်ရွက်ရန် အကြံဉာဏ်များရယူလိုသဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက် အကြမ်းဖက်တိုက်ခိုက်ခံရမှု ဖြစ်ပွားခဲ့ပြီးနောက် မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်ကို ထပ်မံဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ထိုကော်မရှင်(၂)ရပ်၏ အကြံပြုချက်များ ပေါ်ထွက်လာပြီးဖြစ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် "ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ"ကို ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် အကြံပြုချက်များအနက် ပြည်သူအကျိုးရှိပြီး လက်ရှိမြေပြင်အခြေအနေနှင့် လိုက်လျောညီထွေဖြစ်သောအချက်များကို ဆောင်ရွက်ရန်ဖြစ်သဖြင့် သက်ဆိုင်ရာကော်မတီဝင် ဝန်ကြီးဌာနများအလိုက် ကွင်းဆင်းလေ့လာသုံးသပ်ခြင်းကို ရက်သတ္တနှစ်ပတ်အတွင်း အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း၊ စီမံချက်မှ ထွက်ပေါ်လာသော ဆောင်ရွက်ရန်ကိစ္စများကို ဦးစားပေးအဆင့် သတ်မှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားသည်။

ကော်မတီပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ကော်မရှင်(၂)ရပ်၏ အကြံပြုချက်များကို အကောင်အထည်ဖော်ရာတွင် ဖြစ်နိုင်ခြေရှိသည်များကို ဦးစားပေးအလိုက်ဖော်ထုတ်၍ ရေရှည်အတွက် လက်တွေ့ကျကျ ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ အပြောင်းအလဲကို သိသိသာသာဖြစ်ရေး လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအပြင် နိုင်ငံရေးကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်ကြောင်း ပြောကြားသည်။

ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ကော်မတီ၏ လုပ်ငန်းတာဝန်(၁၀)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံချက်များရေးဆွဲနိုင်ရေးနှင့် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့် စီမံချက်များဖြစ်ရန်လိုကြောင်းကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးခင်မောင်တင်က သီးခြားရုံးဖွင့်လှစ်ဆောင်ရွက်ရေး၊ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့်ဌာနများ သတ်မှတ်တာဝန်ပေးအပ်ရေး၊ လစဉ်အစီရင်ခံစာများ ပြုစုတင်ပြရေးနှင့် လက်တွေ့ကျပြီး အကျိုးဖြစ်ထွန်းသည့်စီမံချက်များ ဖြစ်စေရေးအတွက် ရခိုင် ပြည်နယ်သို့ ကွင်းဆင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်းကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က ကော်မတီဖွဲ့စည်းမှု၊ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် သီးခြားဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကာ တက်ရောက်လာသည့်ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာဌာနများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေး ကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပူးတွဲဥက္ကဋ္ဌအဖြစ် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ အတွင်းရေးမှူးအဖြစ် ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ တွဲဖက်အတွင်းရေးမှူးအဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်တို့ပါဝင်ကာ ကော်မတီဝင်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များနှင့် နိုင်ငံတော်သမ္မတရုံး စီမံရေးနှင့် ဘဏ္ဍာရေးရာဌာနကြီး ခေတ္တညွှန်ကြားရေးမှူးချုပ်တို့ဖြင့် နိုင်ငံတော်သမ္မတရုံးက စက်တင်ဘာ ၁၂ ရက်တွင် ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အလှူငွေများပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၄

ရခိုင်ပြည်နယ်အတွင်း ဒေသခံတိုင်းရင်းသားများ၏ အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် အတွက် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်ရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့ညနေပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အလှူငွေပေးအပ်လှူဒါန်းပွဲတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဝန်ကြီးဌာနဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဂုဏ်ပြုအသိအမှတ်ပြုပါကြောင်း၊ ယနေ့ဖြစ်ပေါ်နေသော ရခိုင်ပြည်နယ်အရေးသည် မြန်မာနိုင်ငံ၏ အရေးပင်ဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအချို့က အမြင်တစ်မျိုးဖြင့် ပြောဆိုဝေဖန်ရှုတ်ချခြောက်လှန့်ခြင်းများ ဆောင်ရွက်နေသည့်အတွက် မြန်မာနိုင်ငံ၏ ပကတိအခြေအနေအမှန်၊ သမိုင်းကြောင်း၊ လူမျိုးနွယ်စုများ၏ အခြေအနေကို ကမ္ဘာကသိရှိရန် လိုအပ်ပါသဖြင့် အခြေအနေမှန်များကိုသုံးသပ်၊ ဖော်ထုတ်ဆွေးနွေးရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးအနေဖြင့် ဖြစ်စဉ်ဖြစ်ပွားရာဒေသသို့ အစောဆုံးရောက်ရှိ သွားရောက်နိုင်ခြင်းသည် ကောင်းမွန်သောဆောင်ရွက်ချက်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများကို ပြည်သူများကလည်း ပိုမိုသိမြင်လာသည်ကို တွေ့ရှိရပါကြောင်း၊ ဒုက္ခရောက်နေကြသော တိုင်းရင်းသားများနှင့် ပြည်သူအပေါင်းကို စာနာသနားပြီး လုံခြုံရေး၊ အစားအသောက်၊ ဆေးဝါး၊ အဝတ်အစား၊ နေရာထိုင်ခင်းတို့ကို စီစဉ်ပေးမှုပြုနေသော နိုင်ငံတော်အစိုးရနှင့်အဖွဲ့အစည်းအသီးသီးကို ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ နောက်ဆက်တွဲပြဿနာများကို တည်ငြိမ်စွာဖြေရှင်းရန်နှင့် နောင်ဤအဖြစ်ဆိုးမျိုးမဖြစ်ရန် သင်ခန်းစာယူဆောင်ရွက်နေခြင်းကိုလည်းသိမြင်ပါကြောင်း၊ ဖြစ်ပျက်မှုအပေါ် နိုင်ငံရေးအမြတ်ထုတ်ခြင်း၊ ဖျာခင်းခြင်းဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် ဒေသနှင့်နိုင်ငံလုံခြုံရေးကို မထိခိုက်ရန်မှာ ပြည်သူအားလုံးတွင် တာဝန်ရှိပါကြောင်း၊ ခြံစည်းရိုးလုံဖို့ လိုသလို နိုင်ငံတည်ဆောက်ရေးနှင့် တိုးတက်ရေးကို မှန်ကန်သော မျိုးချစ်စိတ်၊ မှန်ကန်သောနည်းလမ်းများဖြင့် ညီညွတ်စွာဆောင်ရွက်ကြရန် လိုကြောင်းပြောကြားပြီး ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှူဒါန်းငွေကျပ် သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်ဆင်ဖတ်ရှုပါရန်

စက်တင်ဘာလ ၁၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၆)ပါ Myanmar Global Investment Forum - 2017 ဒုတိယနေ့ ဆက်လက်ကျင်းပသတင်း၌ "ဟိုတယ်နှင့် ခရီးသွားလာမှုလုပ်ငန်းမှာ မနှစ်က မှန်းထားတဲ့ ဝင်ငွေ နှစ်သန်းထက် ကျော်သွားတယ်လို့ သိရပါတယ်။ ဒီနှစ်မှာ ၃ ဒသမ ၅ သန်း ရှိလိမ့်မယ်လို့ မှန်းထားပါတယ်" အစား "ခရီးသည်ဝင်ရောက်မှုမှာ မနှစ်က ၂ သန်းကျော်သွားတယ်လို့ သိရပါတယ်။ ဒီနှစ်မှာ ၃ ဒသမ ၅ သန်း ရှိလိမ့်မယ်လို့ မှန်းထားပါတယ်"ဟု ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **(မင်းမင်းဇော်)**

❍ ရန်ကုန်တိုင်းဒေသကြီးမှ

L.T လိုင်းများ တိုးချဲ့တည်ဆောက်ခြင်းနှင့် ကြိုးလဲလှယ်ခြင်းလုပ်ငန်း ပေ ၉၉၈၇၀၊ ရှပ်ထွေးဆားဗစ်ရှင်းလင်းခြင်းလုပ်ငန်း ပေ ၅၆၀၀၊ Circuit Breaker များ လဲလှယ်ခြင်းလုပ်ငန်း ၅၃ လုံးနှင့် ကွန်ကရစ်တိုင်များ လဲလှယ်ခြင်းလုပ်ငန်းတိုင် ၅၀ အား ဆောင်ရွက်ရန် စီမံချက်ချမှတ်ထားပြီး လုပ်ငန်း၏ ၅၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်း Distribution ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းတွင် ထရန်စဖော်မာကိုးလုံး စုစုပေါင်း ကေဗွီအေ ၁၈၀၀၊ H.T လိုင်းများ တိုးချဲ့တည်ဆောက်ခြင်းနှင့် ကြိုးလဲလှယ်ခြင်းလုပ်ငန်း ၁၁၉၂၄ ပေ၊ L.T လိုင်းများ တိုးချဲ့တည်ဆောက်ခြင်းနှင့် ကြိုးလဲလှယ်ခြင်းလုပ်ငန်း ၃၂၁၀၀ ပေ၊ ရှပ်ထွေးဆားဗစ်ရှင်းလင်းခြင်းလုပ်ငန်း ၁၁၂၅၃ ပေ၊ Circuit Breaker များ လဲလှယ်ခြင်းလုပ်ငန်း ၇၂ လုံး ဆောင်ရွက်ရန် စီမံချက်ချမှတ်ထားပြီး ယခုအချိန်ထိလုပ်ငန်း၏ ၆၂ ရာခိုင်နှုန်းကိုလည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း Distribution ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းတွင် ထရန်စဖော်မာ ခြောက်လုံး စုစုပေါင်း ကေဗွီအေ ၁၂၀၀၊ H.T လိုင်းများ တိုးချဲ့တည်ဆောက်ခြင်းနှင့် ကြိုးလဲလှယ်ခြင်းလုပ်ငန်း ပေ ၂၂၇၈၀၊ L.T လိုင်းများ တိုးချဲ့တည်ဆောက်ခြင်းနှင့် ကြိုးလဲလှယ်ခြင်းလုပ်ငန်း ၃၇၁၀၉ ပေ၊ ရှပ်ထွေးဆားဗစ်ရှင်းလင်းခြင်းလုပ်ငန်း ပေ ၆၀၀၀၊ Circuit Breaker များ လဲလှယ်ခြင်းလုပ်ငန်း ၃၅ လုံး၊ ဆွေးမြည့်သံတိုင်၊ သစ်သားတိုင်များအား ကွန်ကရစ်တိုင်များဖြင့် လဲလှယ်ခြင်းလုပ်ငန်း ၄၉၆ တိုင် ဆောင်ရွက်ရန် စီမံချက်ချမှတ်ထားပြီး ပျမ်းမျှအားဖြင့် ၃၅ ရာခိုင်နှုန်းကိုလည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း Distribution ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းတွင် ထရန်စဖော်မာကိုးလုံး စုစုပေါင်း ကေဗွီအေ ၁၈၀၀၊ H.T လိုင်းများ တိုးချဲ့တည်ဆောက်ခြင်းနှင့် ကြိုးလဲလှယ်ခြင်းလုပ်ငန်း ပေ ၅၁၆၂၀၊ L.T လိုင်းများ တိုးချဲ့တည်ဆောက်ခြင်းနှင့် ကြိုးလဲလှယ်ခြင်းလုပ်ငန်း ၇၉၅၂၂ ပေ၊ Circuit Breaker များ လဲလှယ်ခြင်းလုပ်ငန်းနှစ်လုံး ဆောင်ရွက်ရန် စီမံချက်ချမှတ်ထားပြီး ၆၇ ရာခိုင်နှုန်းကို လည်းကောင်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံးတွင် Distribution ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းတွင် ထရန်စဖော်မာ ၄၆ လုံး စုစုပေါင်း ကေဗွီအေ ၁၀၉၃၀၊ H.T လိုင်းများ တိုးချဲ့တည်ဆောက်ခြင်းနှင့် ကြိုးလဲလှယ်ခြင်းလုပ်ငန်း ၁၄၁၈၈၂ ပေ၊ L.T လိုင်းများ တိုးချဲ့တည်ဆောက်ခြင်းနှင့် ကြိုးလဲလှယ်ခြင်းလုပ်ငန်း ၂၄၈၆၀၂ ပေ၊ ရှပ်ထွေးဆားဗစ်ရှင်းလင်းခြင်းလုပ်ငန်း ၂၂၈၅၃ ပေ၊ Circuit Breaker များ လဲလှယ်ခြင်းလုပ်ငန်း ၁၆၂ လုံးနှင့် ကွန်ကရစ်တိုင်များ လဲလှယ်ခြင်းလုပ်ငန်း ၅၄၆ တိုင်ဆောင်ရွက်ရန် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါစီမံချက်လုပ်ငန်းများ စက်တင်ဘာလအတွင်းပြီးစီးရေး တွန်းအားပေးဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်မှု အကြိမ်ရေလျော့နည်းကျဆင်းကာ ဗို့အားပြည့်ဝစွာဖြင့် သုံးစွဲလာနိုင်မည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

(နိုင်လင်းကြည်)

ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ပတ်သက်ပြီး အပြန်အလှန် ဖလှယ်ခွင့်ရရှိကြတာဖြစ်တယ်

မျိုးသန့်ဆွေ

Myanmar Global Investment Forum – 2017 ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ စက်တင်ဘာ ၁၂ ရက်မှ ၁၃ ရက်ထိ ကျင်းပခဲ့ရာ ဖိုရမ်နှင့်စပ်လျဉ်း၍ မေးမြန်းခဲ့သည်များကို ပြန်လည်ရေးသား တင်ပြလိုက်ရပါသည်-

Takafumi Ueda

Jeffrey Lyle Martin

မျိုးသန့်ဆွေ

Peichuan LU

Neville Daw

Ross Duu Hey

Takafumi Ueda (Advisor)
Directorate of Investment & Company Administration

ဒီမှာကျင်းပနေတဲ့ဖိုရမ်ဟာ ရင်းနှီးမြှုပ်နှံသူတွေအတွက် များစွာအကျိုးရှိစေမှာ ဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးပွဲမှာ ကုန်ထုတ်လုပ်မှုကဏ္ဍအပါအဝင် ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းကဏ္ဍတွေကို ဆက်လက်ဆွေးနွေးကြပါတယ်။ ဆွေးနွေးတဲ့ကဏ္ဍတစ်ခုချင်းစီရဲ့ အကြောင်းအရာတွေနဲ့ အခြေအနေတွေကို ရင်းနှီးမြှုပ်နှံသူတွေက နှံ့နှံ့စပ်စပ်သိခွင့်ရရှိပါတယ်။ ဒီဖိုရမ်မှာ မြန်မာနိုင်ငံရဲ့ စိန်ခေါ်မှုတွေနဲ့ အလားအလာတွေကို သိခွင့်ရပါတယ်။ စိန်ခေါ်မှုတွေရှိရင် အစိုးရအနေနဲ့ ဘယ်လိုကျော်လွှားသွားမလဲဆိုတာတွေကိုလည်း သိခွင့်ရပါတယ်။ အဲဒီလို သိခွင့်ရရှိမှုတွေဟာ ရင်းနှီးမြှုပ်နှံသူတွေကို အကျိုးရှိစေတာဖြစ်ပါတယ်။ ဒီဖိုရမ်ကို အနောက်နိုင်ငံတွေက ရင်းနှီးမြှုပ်နှံသူ အများအပြားတက်ရောက်တာကို တွေ့ရတယ်။ တရုတ်နဲ့ အိန္ဒိယက ရင်းနှီးမြှုပ်နှံသူတွေကို များများဖိတ်ကြားစေချင်တယ်။ ဒီဖိုရမ်ဟာ စကားဝိုင်းဆွေးနွေးပွဲပုံစံဖြစ်တဲ့အတွက် ဖိုရမ်တက်ရောက်လာတဲ့သူတွေကို အဆင်ပြေချောမွေ့စေပါတယ်။

ကျွန်တော်ကတော့ ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတွေ မြန်မာနိုင်ငံကို ပိုမိုဝင်ရောက်လာအောင်၊ ပိုမိုတိုးမြှင့်လာအောင် ဆောင်ရွက်ပေးရတဲ့သူဖြစ်ပါတယ်။ ဖိုရမ်မှာ ရင်းနှီးမြှုပ်နှံသူအချို့အတွက် အင်္ဂလိပ်ဘာသာစကားအခက်အခဲရှိတာကို တွေ့ရတယ်။ Japan International Cooperation Agency နဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းပြီး ကရင်ပြည်နယ် ဘားအံမြို့မှာ ရင်းနှီးမြှုပ်နှံမှုပြပွဲကို နိုဝင်ဘာလမှာ ကျင်းပမှာ ဖြစ်ပါတယ်။ ဘားအံမြို့ဟာ အရှေ့အနောက် စီးပွားရေးစင်္ကြံပေါ်မှာ တည်ရှိတဲ့အတွက် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူတွေကို တက်ရောက်စေချင်ပါတယ်။

Jeffrey Lyle Martin
VDB / Loi

ကျွန်တော့်အနေနဲ့ ဒီဖိုရမ်ကို ဒုတိယအကြိမ် တက်ရောက်ခြင်းဖြစ်ပါတယ်။ စကားဝိုင်းဆွေးနွေးပွဲတွေဟာ ပထမအကြိမ်တုန်းကထက် ပိုမိုကောင်းမွန်ပါတယ်။ စကားဝိုင်းဆွေးနွေးပွဲတွေရဲ့ ကဏ္ဍအလိုက် ဆွေးနွေးချက်တွေဟာ ရင်းနှီးမြှုပ်နှံသူတွေကို ပိုမိုစိတ်ဝင်စားစေပါတယ်။ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေကို ပိုမိုပေါ်လွင်စေပါတယ်။ ဆွေးနွေးတဲ့ကဏ္ဍတွေအားလုံးက စိတ်ဝင်စားဖို့ကောင်းပါတယ်။ အဲဒါတွေထဲက စွမ်းအင်ကဏ္ဍကို ပိုမိုစိတ်ဝင်စားပါတယ်။ မြန်မာနိုင်ငံဟာ စွမ်းအင်ကို အရေးတကြီး လိုအပ်နေပါတယ်။ အလားတူ မြန်မာနိုင်ငံသားတွေအတွက်လည်း စွမ်းအင်နဲ့ပတ်သက်လို့ လိုအပ်မှုတွေရှိနေတယ်။ စွမ်းအင်သာ လုံလုံလောက်လောက်ရမယ်ဆိုရင်၊ တည်ငြိမ်တဲ့ စွမ်းအင်ရမယ်ဆိုရင် ရင်းနှီးမြှုပ်နှံသူတွေအတွက် ရင်းနှီးမြှုပ်နှံတဲ့နေရာမှာ ပိုမိုအဆင်ပြေစေမှာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေကလည်း ရင်းနှီးမြှုပ်နှံမှုအတွက် စွမ်းအင်ကို ဈေးပိုပေးနိုင်တဲ့အခြေအနေမှာရှိနေပါတယ်။

မျိုးသန့်ဆွေ (Supreme Court Lawyer)
Legal Consultant, ANA – Holding Co., Ltd.

ကျွန်တော်ကတော့ ဂျပန်နိုင်ငံအခြေစိုက် ANA – Holding Co.Ltd, ရဲ့ မြန်မာနိုင်ငံဆိုင်ရာ ဥပဒေအကြံပေးဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်တဲ့ ကဏ္ဍတွေကို စိတ်ဝင်စားလို့ ဒီဖိုရမ်ကို တက်ရောက်ရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ လေကြောင်းနဲ့ပတ်သက်တဲ့ကဏ္ဍကို စိတ်ဝင်စားပါတယ်။ လက်ရှိမှာလည်း ကုမ္ပဏီအနေနဲ့ မြန်မာနိုင်ငံက လူငယ်တွေကို လေဆိပ်မြေပြင်ဆိုင်ရာဝန်ဆောင်မှုတွေအတွက် ဂျပန်နိုင်ငံမှာ ခေါ်ယူလေ့ကျင့်ပေးနေပါတယ်။ ခရီးသွားလုပ်ငန်းနဲ့ပတ်သက်တဲ့ ဆွေးနွေးချက်တွေကို ပိုပြီးစိတ်ဝင်စားပါတယ်။

ဒီဖိုရမ်ဟာ ကျွန်တော်တို့ တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းစေမှာဖြစ်ပါတယ်။ ဖိုရမ်ဟာ စကားဝိုင်းဆွေးနွေးပွဲပုံစံဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံသူတွေက ပိုပြီးစိတ်ဝင်စားကြတယ်။ ရင်းနှီးမြှုပ်နှံသူအချင်းချင်း သူတို့တွေရဲ့ အမြင်တွေနဲ့ မျှော်မှန်းချက်တွေကို အပြန်အလှန်ဖလှယ်ကြတယ်။ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ပတ်သက်ပြီး အပြန်အလှန်ဖလှယ်ခွင့်ရရှိကြတာဖြစ်တယ်။ အဲဒါတွေက ကျွန်တော်တို့နိုင်ငံကို ပိုမိုဖွံ့ဖြိုးတိုးတက်စေမှာဖြစ်ပါတယ်။

Peichuan LU (Secretary), Economic Division
Taipi Economic and Cultural Office in Myanmar

မြန်မာနိုင်ငံကို ဒုတိယအကြိမ် လာရောက်ခြင်းဖြစ်ပါတယ်။ ဒီလိုဒုတိယအကြိမ် ဆွေးနွေးပွဲလာရောက်တဲ့အခါ ဆွေးနွေးမယ့်ခေါင်းစဉ်တွေ စုံလင်တာတွေ့ရတယ်။ ဆွေးနွေးပွဲစီစဉ်တဲ့သူတွေက အစိုးရအပါအဝင် ပုဂ္ဂလိကတွေကိုပါ ဆွေးနွေးနိုင်အောင် စီစဉ်ထားတာတွေ့ရပါတယ်။ ပါဝင်ဆွေးနွေးသူတွေနဲ့ ဆွေးနွေးပွဲတက်ရောက် နားထောင်သူတွေ အဆင်ပြေအောင် စီစဉ်ပေးထားတာလည်းတွေ့ရတယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေကို သိရှိအောင်နဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဘယ်လိုရှိတယ်ဆိုတာ သိအောင်ဆောင်ရွက်ထားပေးတယ်။ စိုက်ပျိုးရေးလား၊ စွမ်းအင်လား အစရှိလို့ ဘယ်ကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံနိုင်တယ်ဆိုတာကို သိရှိစေပါတယ်။ ဒေသတွင်းနိုင်ငံတွေမှာ မြန်မာနိုင်ငံအနေနဲ့ ကုန်ထုတ်စွမ်းအားမြင့်တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်လာမယ်လို့ ကျွန်မအနေနဲ့ ထင်မြင်မိပါတယ်။ ဒီလိုဖြစ်လာဖို့ မြန်မာနိုင်ငံအနေနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ Investment Strategy ကိုလည်း သေချာပြင်ဆင်ထားဖို့ လိုအပ်ပါတယ်။ ဒီအချက်တွေနဲ့ ပတ်သက်ပြီး ဆွေးနွေးပွဲမှာ ဆွေးနွေးသွားကြမယ်လို့ထင်ပါတယ်။

Anandu Kumar

ဒီဖိုရမ်က လူတိုင်းအတွက်အကျိုးရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘယ်ကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ရမလဲဆိုတာ ကိုယ်တိုင်ဆုံးဖြတ်နိုင်လာတဲ့အတွက် ဖြစ်ပါတယ်။ ဒီဖိုရမ်ကနေ ကျွန်တော်တို့ သတင်းအချက်အလက်တွေအများကြီးရခဲ့ပါတယ်။ ဝန်ကြီးပြောခဲ့သလိုပဲ လျှပ်စစ်ဓာတ်အားကဏ္ဍကို ၁၀၀ ရာခိုင်နှုန်းအထိ ဖွံ့ဖြိုးတိုးတက်အောင် လုပ်မှာဖြစ်တဲ့အတွက် ၂၀၃၀ ပြည့်နှစ်မှာ မဂ္ဂါဝပ် ၁၀၀၀၀ ကနေ ၁၅၀၀၀ အထိ လျှပ်စစ်ဓာတ်အား ထပ်မံရရှိလာမှာဖြစ်ပါတယ်။

ကျွန်တော်တို့က မြန်မာနိုင်ငံရဲ့ တယ်လီကွန်းကဏ္ဍမှာ ဝင်ရောက်လုပ်ကိုင်နေပါတယ်။ လျှပ်စစ်ကဏ္ဍလို အခြားမတူညီတဲ့ကဏ္ဍတွေမှာလည်း ကျွန်တော်တို့ စိတ်ဝင်စားမှုရှိပါတယ်။ မြန်မာနိုင်ငံအတွက် ရေအားလျှပ်စစ်ဟာ လုံလောက်မှုမရှိသေးဘူးလို့ ကျွန်တော်ထင်ပါတယ်။ အထူးသဖြင့် နွေရာသီလို အခါမျိုးမှာတော့ ဒီလိုအပ်ချက်တွေကို နေရောင်ခြည်စွမ်းအင်ကဲ့သို့သော သဘာဝဓာတ်ငွေ့နဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေနဲ့ အစားထိုးဖြည့်တင်းနိုင်ကောင်း ဖြည့်တင်းနိုင်ပါလိမ့်မယ်။ နေရောင်ခြည်စွမ်းအင်ဆိုရင်တော့ မြေနေရာတွေ အများကြီးရှိတဲ့အတွက် နေရောင်ခြည်စွမ်းအင်အတွက် လိုအပ်တဲ့ အဆောက်အအုံတွေများစွာ တည်ဆောက်နိုင်ပါတယ်။ ဒါပေမယ့်လည်း နေရောင်ခြည်စွမ်းအင်အတွက် ကုန်ကျစရိတ်ကတော့များမယ်လို့ ကျွန်တော်ထင်ပါတယ်။

Tripop Boonmuan (President and CEO)
Group of Maxtex Companies

ဈေးကွက်ထဲမှာ ရင်းနှီးမြှုပ်နှံဖို့အတွက် ယုံကြည်မှုရှိဖို့ အရေးကြီးတယ်။ အစိုးရအနေနဲ့ ဘယ်လို ထောက်ပံ့မလဲဆိုတာကလည်း အရေးကြီးပါတယ်။ ဒါတွေမကဘူး။ မြန်မာနိုင်ငံသားတွေရဲ့ ရင်းနှီးမြှုပ်နှံမှုကလည်း စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် အရေးပါပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ရှိပြီးသားစီးပွားရေးတိုးတက်မှုကို ဘယ်လိုထိန်းသိမ်းမလဲ။ ရင်းနှီးမြှုပ်နှံမှုတွေတည်ငြိမ်ဖို့ ပထမဆုံးကတော့ စီးပွားရေးဥပဒေဟာ သိပ်အရေးကြီးပါတယ်။

Neville Daw (Director)
Amara Investment Securities Company Limited

စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနတို့၊ ဗဟိုဘဏ်တို့ကလည်း ဘဏ္ဍာရေးအနေနဲ့ သူတို့အကောင်အထည်ဖော်မယ့် လုပ်ငန်းကိစ္စတွေအပေါ် ကောင်းမွန်စွာ နားလည်သဘောပေါက်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အခုထက် ပိုမိုတိုးတက်ဖို့တော့ လိုနေပါတယ်။ ဒီအတွက် တိကျတဲ့အချိန်ကာလ သတ်မှတ်ရပါမယ်။ ဒါဟာရေရှည်မှာ စီးပွားရေးဖွံ့ဖြိုးဖို့အတွက် အလွန်ကောင်းလိမ့်မယ်။

Ross Duu Hey (Chairman)
Beyond the Box Communications Inc.

စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အရေးဟာ ဒီမီဒီယာအခန်းကဏ္ဍကလည်း အရေးပါတယ်။ ဒီအတွက် ဒီမီဒီယာပြုပြင်ပြောင်းလဲရေးကို အလေးထားလုပ်ဆောင်သင့်ပါတယ်။ မီဒီယာကိုမြှင့်တင်ရင်း ဈေးကွက်စီးပွားရေးစနစ်အတွင်းမှာ ပြုပြင်ပြောင်းလဲဖို့ လိုနေတဲ့အရာတွေအတွက် ဒီမီဒီယာဟာ ပွင့်လင်းမြင်သာစွာ ထောက်ပြဝေဖန်နိုင်ခွင့်ရဖို့ လိုနေပါသေးတယ်။ စီးပွားရေးတိုးတက်မှုနဲ့အတူ မီဒီယာရဲ့ အခန်းကဏ္ဍဟာလည်း လိုက်ပါဖွံ့ဖြိုးသင့်ပါတယ်။

မင်းမင်းဇော်(ကလေး)
ဓာတ်ပုံ-အေးသန်း

မသင်္ကာသူတစ်ဦး ဖမ်းဆီးရမိသဖြင့် အကြမ်းဖက်မှုတွင် ပါဝင်ခြင်း ရှိ၊ မရှိ စစ်ဆေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၄

စက်တင်ဘာ ၆ ရက် မှ စက်တင်ဘာ ၁၃ ရက်အထိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ARSA အစွန်းရောက်အကြမ်းဖက်သမားများ ထိတွေ့မှုဖြစ်စဉ် လျော့နည်းလာသဖြင့် တည်ငြိမ်မှုပြန်လည်ရရှိကာ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေသူများကို မူလနေရပ်များသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ပို့ဆောင်ရာတွင် မောင်တောမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ ၁၅ ရွာ၊ ရသေ့တောင်မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာနှင့် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျေးရွာခြောက်ရွာတို့မှ ဒေသခံတိုင်းရင်းသားပြည်သူ စုစုပေါင်း ၄၂၂၈ ဦးတို့ကို ၎င်းတို့နေထိုင်ခဲ့သည့် မူလနေရပ်များသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်တောဒေသအတွင်း နယ်မြေစိုးမိုးလာနိုင်ပြီဖြစ်ရာ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် ဒေသခံတိုင်းရင်းသားပြည်သူများသည် ၎င်းတို့၏ မူလနေရပ်များ၌ နေထိုင်လျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် နယ်မြေ ၁၁ လက်ဝဲဒက်ပြင်ရှည်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးမှ အသက်(၂၀) ခန့်ရှိ (အမည်၊ နေရပ်- စိစစ်ဆဲ) မသင်္ကာသူတစ်ဦး ဖမ်းဆီးရမိကြောင်း သတင်းပို့မှုအရ စက်တင်ဘာ ၁၃ ရက် ညနေ ၄ နာရီ ၅၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့များက သွားရောက်ခေါ်ဆောင်ခဲ့ရာ ၎င်းမှာ အင်းဖောက်တောင်ကျော်လမ်းမှ လက်ဝဲဒက်ပြင်ရှည်ကျေးရွာသို့ ဝင်ရောက်လာသဖြင့် ဒေသခံတိုင်းရင်းသားများက ဝိုင်းဝန်းဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး အမည်၊နေရပ်လိပ်စာတို့အား ပြောကြားနိုင်ခြင်းမရှိ၍ အကြမ်းဖက်မှုဖြစ်စဉ်တွင် ပါဝင်ခြင်း ရှိ၊ မရှိ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများက ဩဂုတ် ၂၅ ရက် နံနက်စောစောအချိန်မှစ၍ မောင်တောဒေသအတွင်းရှိ နယ်ခြားစောင့်ရဲစခန်း ၃၀ ကျော်အား တစ်ပြိုင်နက်တည်း အင်အားသုံး၍ အလစ်အငိုက်တိုက်ခိုက်ခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ရခိုင်တိုင်းရင်းသားများနှင့် အစ္စလာမ်ဘာသာဝင်များအပြင် ဟိန္ဒူဘာသာဝင်များ၊ ဒိုင်းနက်လူမျိုးများ၊ မြိုလူမျိုးများ အပါအဝင် အပြစ်မဲ့ပြည်သူများ အသက်ဆုံးရှုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ခဲ့ရပြီး ဒေသခံတိုင်းရင်းသားပြည်သူများသည် နေရာဒေသအများအပြားသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်အဖွဲ့ မောင်တောဒေသမှပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

စစ်တွေ စက်တင်ဘာ ၁၄

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် စိုးရိမ်ထိတ်လန့်၍ နေရပ်မှ ခေတ္တစွန့်ခွာတိမ်းရှောင်ကာ စစ်တွေမြို့ပေါ်ရှိ ယာယီကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိနေသည့် မောင်တောဒေသရှိ တိုင်းရင်းသားကျေးရွာများမှ ပြည်သူများထံသို့ သွားရောက်၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်အဖွဲ့သည် စစ်တွေမြို့ရှိ လောကနန္ဒာစေတီတော်မြတ်ကြီးကို သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများပေးအပ်သည်။

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် ငါးစရိုင်းချောင်းကျောင်းတိုက် ကယ်ဆယ်ရေးစခန်း(ယာယီ)နှင့် စက်ရုံစုအကွက် (၁) ရတနာ့ဗိမာန်ကျောင်း ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကာ ထောက်ပံ့ငွေများ ပေးအပ်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမိုးမြင့်က အောင်မြင်သူနှင့် အွန်လိုင်းမိသားစုများက လှူဒါန်းသည့် ထောက်ပံ့ငွေများ ပေးအပ်သည်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က စစ်တွေမြို့ ယာယီကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိနေသည့် မောင်တောဒေသရှိ တိုင်းရင်းသားကျေးရွာများမှပြည်သူများအား မောင်တောဒေသ နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကို အစိုးရနှင့်တပ်မတော် ပူးပေါင်းဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ဒေသခံများအလုပ်အကိုင်ရရှိရန်နှင့် လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နယ်မြေအေးချမ်းတည်ငြိမ်မှုရရှိလာပြီဖြစ်၍ မိမိတို့၏နေရပ်သို့ ပြန်လည်နေထိုင်နိုင်ကြောင်း ပြောကြားသည်။

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် ညနေပိုင်းတွင် စစ်တွေလေဆိပ်မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။ **(သတင်းစဉ်)**

စစ်တွေမြို့ပေါ်ရှိ နေရပ်စွန့်ခွာပြည်သူများအတွက် စားနပ်ရိက္ခာများ ဆက်လက်ကူညီထောက်ပံ့

စစ်တွေ စက်တင်ဘာ ၁၄

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် စိုးရိမ်ထိတ်လန့်၍ နေရပ်စွန့်ခွာပြီး စစ်တွေမြို့ရှိ ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိ

နေကြသည့် မောင်တောဒေသနှင့် အနီးဝန်းကျင်မှ ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ယနေ့ညနေပိုင်းတွင် စားနပ်ရိက္ခာများ ထပ်မံကူညီထောက်ပံ့ပေးသည်။

“စစ်တွေမြို့ပေါ်မှာရှိတဲ့ ကယ်ဆယ်ရေးစခန်းတွေအတွက် စားနပ်ရိက္ခာပိုမိုဖူလုံနိုင်ဖို့ ဆန်၊ ဆီ၊ ပဲ၊ ဆားအပါအဝင် စခန်းတိုင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ ကူညီထောက်ပံ့ပေးနေတာပါ။ မောင်တောဒေသကယ်ဆယ်ရေးစခန်းတွေမှာတော့ အများစုက မိမိကျေးရွာ၊ မိမိနေအိမ်တွေကို ပြန်တဲ့သူတွေ ပြန်နေကြပါပြီ။ ဒီစစ်တွေမြို့ပေါ်မှာကတော့ အနီးဝန်းကျင်က ပြည်သူတွေလည်းပါသလို ဝေးလံခေါင်ဖျားတဲ့ဒေသတွေကလည်း လာရောက်ခိုလှုံကြတာတွေရှိပါတယ်။ ဒါကြောင့် အခုလိုကယ်ဆယ်ရေးစခန်းတွေကို ထပ်မံကူညီထောက်ပံ့ပေးရတာပါ”ဟု ရခိုင်ပြည်နယ် ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးကျော်မင်းက ပြောသည်။

ဩဂုတ် ၂၅ ရက်တွင် မောင်တောဒေသ၌ ဖြစ်ပေါ်ခဲ့သော ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာတိုင်းရင်းသားများမှာ စစ်တွေမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်သော စားနပ်ရိက္ခာများကို ကူညီထောက်ပံ့ပေးလျက်ရှိပြီး ယနေ့ညနေပိုင်းတွင် ထောက်ပံ့ရန် ကျန်ရှိသော အိမ်ထောင်စု ၃၁၅ စုမှ လူဦးရေ ၁၀၅၃ ဦးအတွက် ဆန် ၇၇ အိတ်၊ ဆီ ၁၅၇ ပိဿာ၊ ပဲ ၁၅၇ ပိဿာနှင့် ဆား ၇၅ ပိဿာတို့ကို ဆက်လက်ထောက်ပံ့ခဲ့ခြင်းဖြစ်သည်။

ယင်းအိမ်ထောင်စုများအတွက် စားနပ်ရိက္ခာများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရခိုင်ပြည်နယ်ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးကျော်မင်း၊ မြန်မာနိုင်ငံသဘာဝဘေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးအေးမင်းသူနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကယ်ဆယ်ရေးစခန်းအသီးသီးသို့ သွားရောက်ကူညီထောက်ပံ့ပေးခဲ့သည်။

(သတင်းအဖွဲ့)

နေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ဟိန္ဒူဘာသာဝင်များအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

စစ်တွေ စက်တင်ဘာ ၁၄

ရခိုင်ပြည်နယ်အတွင်း ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်သူများ ခေတ္တခိုလှုံရောက်ရှိနေသည့် စစ်တွေမြို့ ကျောင်းတက်လမ်း ရပ်ကွက် ကယ်ဆယ်ရေးစခန်းရှိ ဟိန္ဒူဘာသာဝင်များအား ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှ ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

နေရပ်စွန့်ခွာ ပြောင်းရွှေ့နေထိုင်ကြရသည့် ဒေသခံတိုင်းရင်းသားများအား မိမိတို့ တတ်ကျွမ်းသည့် တိုင်းရင်းဆေးပညာဖြင့် လာရောက်ကုသပေးခြင်းဖြစ်ကြောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာနရုံးချုပ်မှလည်း နယ်လှည့်ကွင်းဆင်းကုသမှုအတွက် လိုအပ်သောဆေးဝါးများ ကူညီပံ့ပိုးပေးကြောင်း၊ စစ်တွေမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်းများတွင် ဆက်လက်ကုသပေးသွားမည်ဖြစ်ကြောင်း၊ ဆေးဝါးကုသရာတွင် ဝမ်းပျက်ခြင်း၊ ခေါင်းမူးခြင်း၊ အိပ်မပျော်ခြင်း၊ ဒူးနာခြင်း၊ ခါးနာခြင်းနှင့် ကလေးများတွင် ချောင်းဆိုးရင်ကျပ် ရောဂါများကို အများဆုံး ကုသပေးရကြောင်း ပြည်နယ်တိုင်းရင်းဆေးပညာဌာနမှူး ဒေါ်သိန်းသိန်းဦးက ပြောကြားသည်။

မောင်တောမြို့ ရပ်ကွက်(၄)မှ ပြောင်းရွှေ့လာသူ ဟိန္ဒူဘာသာဝင် ဦးမောင်မောင်အေးက ယခုကဲ့သို့ လာရောက် ကုသပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ တိုင်းရင်းဆေးသည် ဒူးနာခြင်း၊ ခါးနာခြင်းနှင့် အရိုးအဆစ်များ နာကျင်ခြင်းအတွက် အလွန်ကောင်းကြောင်း၊ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ကျေးဇူးတင်ပါကြောင်း ပြောကြားခဲ့သည်။

တိုင်းရင်းဆေးပညာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်သိန်းသိန်းဦးနှင့် ဝန်ထမ်းများက စစ်တွေမြို့ ကျောင်းတက်လမ်း ရပ်ကွက်ရှိ ကယ်ဆယ်ရေးစခန်းမှ ဟိန္ဒူဘာသာဝင် ၁၀၇ ဦးအား တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

တင်ထွန်း(ပြန်/ဆက်)

❐

အကြမ်းဖက်တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာထွက်ပြေးလာသည့် တိုင်းရင်းသားများအတွက် ငွေများလှူဒါန်း

စစ်တွေ စက်တင်ဘာ ၁၄

အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်တို့မှ နေရပ်စွန့်ခွာပြီး စစ်တွေမြို့ရှိ ကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေသည့် ဒေသခံ တိုင်းရင်းသားများအတွက် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း)တို့မှ ကျောင်းဆင်းများ စုပေါင်းပြီး အလှူငွေများထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်ကျောင်းဆင်းများသည် ငွေကျပ် ၁၀ သိန်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အလှူငွေပစ္စည်း လက်ခံဖြန့်ဖြူးရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်းထံ ယနေ့နံနက်ပိုင်းက ပေးအပ်ခဲ့သည်။

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်ကျောင်းဆင်း ဦးတင်ဝင်းမောင်က “ကျွန်တော်တို့ စစ်တွေမှာရှိတဲ့ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် ကျောင်းဆင်းတွေ ဦးဆောင်ပြီး အစိုးရဌာနလုပ်ငန်းခွင်အသီးသီးမှာ ရောက်ရှိတာဝန်ထမ်းဆောင်နေတဲ့ ကျောင်းဆင်းတွေကို တတ်နိုင်သလောက် လှူဒါန်းကြဖို့ တိုက်တွန်းခဲ့တယ်။ အကြမ်းဖက်ခံရမှုကြောင့် ဒုက္ခရောက်နေတဲ့ မောင်တောဒေသက တိုင်းရင်းသားတွေအတွက် ကျွန်တော်တို့ ကျောင်းဆင်းတွေ တတ်နိုင်သလောက် စုပေါင်းလှူဒါန်းကြတာပါ” ဟု ပြောသည်။

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်ကျောင်းဆင်းများသည် စက်တင်ဘာ ၁၆ ရက်တွင် ဘူးသီးတောင်၊ မောင်တောမြို့နယ်တို့၌ ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကာ ဒေသခံတိုင်းရင်းသားများအတွက် ထောက်ပံ့မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းအဖွဲ့)

❐



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၄

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် စက်တင်ဘာ ၁၁ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးဌာနရုံး၏ ယာယီဖွင့်လှစ်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မုံရွာမြို့ ချမ်းမြဝတီရပ်ကွက်ရှိ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးဌာနရုံး အဆောက်အအုံ ဆောက်လုပ်ရန် လျာထားသည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော တို့သည် စက်တင်ဘာ ၁၂ ရက်က မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် (၆၃)လမ်းရှိ မန္တလေးတိုင်းဒေသကြီး ဦးစီးဌာနရုံးတွင် မန္တလေးမြို့ပေါ်ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တက်ရောက်လာသူများက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ဖွဲ့စည်းမှုဆိုင်ရာ ဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများတွင် တိုင်းရင်းသားအမည် အမှန်ဖြစ်အောင် ပြင်ဆင်ပေးနိုင်ရေး၊ တိုင်းရင်းသားအရေး လုပ်ငန်းဆောင်ရွက်မှုများဆောင်ရွက်နိုင်ရန် ရုံးနေရာ သတ်မှတ်ပေးနိုင်ရေး ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့က လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

သမဝါယမစပါးခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ဘိုကလေး စက်တင်ဘာ ၁၄

China Axim Bank ၏ ရန်ပုံငွေဖြင့် သမဝါယမအသင်းသည် တောင်သူများကို အထွက်တိုးမိုးစပါး စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် လယ်ယာမြေအဆင့်အတန်းပေါ် မူတည်ပြီး ၂၀၁၇ ခုနှစ်မှစ၍ တစ်ဧကလျှင် ကျပ်နှစ်သိန်းမှ ကျပ် ၁၂ သိန်းအထိ စတင်ထုတ်ချေးပေးခဲ့သည်။

"သမဝါယမအသင်းက ထုတ်ချေးထားတဲ့ ငွေကျပ်သိန်း ၆၀၀နဲ့ ဧက ၅၀ စိုက်ပါတယ်။ အားလုံးနီးပါး အောင်မြင်တယ်လို့ ပြောရမှာပါ။ ဒီအထဲမှာ ကျွန်တော့်လယ်လည်း ၁၀ ဧက ပါဝင်ပါတယ်။ ကျွန်တော်တို့က လယ်ယာမြေပုံသဏ္ဌာန်ပြောင်းလဲမှု၊ ရေသွင်း၊ ရေထုတ်မြောင်း ဖောက်လုပ်မှု၊ ရေယူရေနုတ်အဆောက်အအုံဆောက်လုပ်မှု၊ ပိုင်ဆိုင်မှုမြေနေရာခွဲဝေသတ်မှတ်မှု စတဲ့ အဆင့်မြှင့်အကျိုးတူ လယ်ယာမြေဖော်ထုတ်ရေး နည်းပညာပါ အချက်တွေနဲ့ ကိုက်ညီမှုရှိအောင် တောင်သူချင်း မိတ်ဆွေဖွဲ့ပြီး သွားနေတာဖြစ်ပါတယ်။ ချေးငွေထုတ်ချေးပေးတာ တောင်သူတွေအတွက် အများကြီးအကျိုးရှိစေပါတယ်"ဟု ထရော်ရွာသစ်ကျေးရွာနေ ဦးစန်းတင့်က ပြောသည်။

လယ်ယာမြေအဆင့်မြှင့်တင်ရေး စီမံကိန်းအရ သမဝါယမအသင်းဝင်တောင်သူများကို ယခုကဲ့သို့ ချေးငွေထုတ်ချေးပေးခြင်းဖြစ်ပြီး ဘိုကလေးမြို့နယ် သရော်ချောင်းကျေးရွာအုပ်စုရှိ အဏ္ဏဝါထွန်းစိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေသမဝါယမလီမိတက်မှ လယ်တစ်ဧကလျှင် ငွေကျပ် ၁၂ သိန်းနှုန်းဖြင့် လယ်ဧက ၅၀ အတွက် ငွေကျပ်သိန်း ၆၀၀ ကို ယခုနှစ် ဇန်နဝါရီ ၂ ရက်က ထုတ်ချေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(သပြေထွန်း)

ဆူပူလှုပ်ရှားမှုနှင့် အကြမ်းဖက်လုပ်ရပ်များ ဟန့်တားထိန်းချုပ်ရေး ဆောင်ရွက်

ပုသိမ် စက်တင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်သည် နယ်မြေဆက်စပ်မှုရှိသဖြင့် ARSA အစွန်းရောက်အကြမ်းဖက်သမားများ ထွက်ပြေးဝင်ရောက်လာနေသည်ဟူသော ကောလာဟလများကြောင့် ပြည်သူများ စိုးရိမ်ထိတ်လန့်မှုများမဖြစ်စေရန် စက်တင် ဘာ ၁၀ ရက် နံနက်ပိုင်းမှစတင်၍ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့ဝင် များက ပုသိမ်မြို့ရပ်ကွက်/ကျေးရွာ၊ လမ်းဆုံများတွင် နေ့ညမပြတ် လုံခြုံရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ ဟသ်ာတခရိုင် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ရဲမီးတန်းယာဉ် လေးစီး၊ မအူပင်ခရိုင် မြို့နယ်ရဲတပ်ဖွဲ့ဝင်က မီးတန်းယာဉ် လေးစီး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူမြို့နယ်များနှင့် ရေလမ်းဝင်/ထွက်မှု လွယ်ကူသော ငပုတောမြို့နယ်အပါအဝင် ရေလမ်း၊ ကုန်းလမ်းမှ တစ်ပြိုင်တည်း အကြမ်းဖက်သမားများ ဝင်/ထွက်မှုများ၊ တရားမဝင်လက်နက်ခဲယမ်းသယ်ဆောင်မှု၊ တရားမဝင် မူးယစ်ဆေးဝါးသယ်ဆောင်မှုများစသည်တို့ကို စီမံချက်ဖြင့် ပိတ်ဆို့ရှာဖွေစစ်ဆေးလျက်ရှိကြောင်းသိရသည်။

(ပုသိမ်လှကြည်)

ကျေးရွာသုံးစိုက်ခင်းများ လွှဲပြောင်းပေးအပ်

စလင်း စက်တင်ဘာ ၁၄

စလင်းမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ကျေးရွာသုံးစိုက်ခင်းများကို အကျိုးပြုကျေးရွာများသို့ လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၁၃ ရက်က သမန်းကျင်းကျေးရွာအုပ်စု ဒီးဒုတ်ပင်ကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။

ထို့နောက် တာဝန်ရှိသူများက စိုက်ခင်းလွှဲပြောင်း၊ လက်ခံမှတ်တမ်းကို ပေးအပ်ရာ ဒေသခံကျေးရွာ ပြည်သူလူထုကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်သန်းကြည်က လက်ခံရယူသည်။ အဆိုပါစိုက်ခင်းသည် စလင်းမြို့နယ် ဒီးဒုတ်ပင်ကျေးရွာ၏ အနောက်တောင်ဘက် သုံးမိုင်ခန့်အကွာ နွယ်ကြီးသမန်းတောကြိုးပြင်ကာကွယ်တောအတွင်းတည်ရှိပြီး ၂၀၁၁-၂၀၁၂ ခုနှစ်တွင် စတင်စိုက်ပျိုးခဲ့ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငါးနှစ်သားနှင့်အထက် ယူကလစ်၊ တမာ၊ သပွတ်ကြီးသစ်မျိုး အပင်ရေ ၄၅၀၀၀ ကျော်နှင့် စိုက်ဧက ၁၅၀ ရှိကြောင်း သိရသည်။ **စိုးမိုးသူ(ပြန်/ဆက်)**

အပ်ချုပ်စက်သင်တန်းဆင်းလက်မှတ်ပေးအပ်

ရွှေကူ စက်တင်ဘာ ၁၄

အပ်ချုပ်စက်သင်တန်းဆင်းပွဲကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက ကချင်ပြည်နယ် ရွှေကူမြို့နယ်၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်းနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ အဆိုပါ သင်တန်းကို တစ်လကြာ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသူ ၅၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

စာစီစာကုံး၊ ပန်းချီ၊ ပုံပြော၊ ကဗျာနှင့် အရုပ်ခေါက်ပြိုင်ပွဲ ကျင်းပ

ကျိုက်မရော စက်တင်ဘာ ၁၄

စာစီစာကုံး၊ ပန်းချီ၊ ပုံပြော၊ ကဗျာ၊ စာဖတ်စွမ်းရည်နှင့် အရုပ်ခေါက်ပြိုင်ပွဲများကို စက်တင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ မြို့နယ်ရုံး ကျိုက်မရော ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ မိမိစိတ်ကြိုက်ပန်းချီရေးဆွဲယှဉ်ပြိုင်စေခြင်း၊ သီတင်းကျွတ် မီးထွန်းပွဲခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကျင်းပပြီး ဆုရရှိသောကလေးများကို တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြန်မာစာ စာလုံးပေါင်းသတ်ပုံပြိုင်ပွဲ ကျင်းပ

အုတ်ဖို စက်တင်ဘာ ၁၄

မြန်မာစာ စာလုံးပေါင်းသတ်ပုံပြိုင်ပွဲကို အုတ်ဖိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်း၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ပြိုင်ပွဲတွင် အခြေခံပညာကျောင်း ၁၄ ကျောင်းမှ တတိယတန်းနှင့် စတုတ္ထတန်း ကျောင်းသား ကျောင်းသူ ၄၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆုကို အမကမူလွန် အိုင်ကြီးဒေါင့်မှ တတိယတန်းကျောင်းသူ မအိအိအောင်၊ ဒုတိယဆုကို အမကနှောကုန်းမှ စတုတ္ထတန်းကျောင်းသူ မဖြိုးပြည့်သဇင်နှင့် တတိယဆုကို အလက(ခွဲ) သာလိကာကွေ့ချောင်းမှ စတုတ္ထတန်းကျောင်းသူ မမို့မို့အောင်တို့က ဆွတ်ခူးရရှိခဲ့ကြသည်။ ပြိုင်ပွဲသို့ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသား မိဘများ စုစုပေါင်းအင်အား ၇၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော စက်တင်ဘာ ၆ ရက်မှ စက်တင်ဘာ ၁၂ ရက်အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

စဉ်	စာအုပ်အမည်	စာရေးသူ	ဈေးနှုန်း	ထုတ်ဝေသည့်တိုက်
၁	ကသောလက်နှင့်ရက်စက်တတ်သောမျက်နှာ	ချစ်ဦးညို	၅၅၀၀	မူဝံ
၂	သင့်အနာဂတ်ကိုသင်ကိုယ်တိုင်ဖန်တီးယူပါ	ရန်နိုင်သိုက်	၂၀၀၀	ကောင်းစုသာ
၃	အောင်ဆန်းတဲ့. . . ဟော့	သက်အောင်(ဗဟို)	၃၀၀၀	ယဉ်မျိုး
၄	ဖိနပ်ထဲကမိန်းကလေး	အခရာ	၂၀၀၀	ငါတို့စာပေ
၅	အလင်းအမှောင်ကြားမှတံလျှပ်များ	ဂျိုဇော်	၂၅၀၀	ဥတ္တရလမင်း
၆	သူပြောကိုယ်ပြောအချစ်သဘော	နိုင်သစ်	၁၅၀၀	ကျော်မွှေး
၇	အက်ဆေးကလေးတွေ	ယုယ	၂၀၀၀	ငါတို့စာပေ
၈	မိလိန္ဒပဉှာ	ဦးသော်ဇင်	၃၅၀၀	စိတ်ကူးချိုချို
၉	ဧဝရက်တောင်	စာစဉ် (၈၅)	၁၅၀၀	The key
၁၀	ကိုလော့စ်စီယမ်	စာစဉ် (၈၆)	၁၅၀၀	The key
၁၁	ချစ်ခြင်း	စိုင်းဝင်းမြင့်	၂၀၀၀	ကျော်မွှေး
၁၂	အခြေခံသစ်ခွစိုက်ပျိုးနည်းများနှင့် ထိန်းသိမ်းစောင့်ရှောက်နည်းများ	ဥယျာဉ်မှူးတစ်ဦး	၂၅၀၀	စိတ်ကူးချိုချို
၁၃	အဖေခေသူမဟုတ်နှင့်အခြားဝတ္ထုတိုများ	မောင်သုန်	၂၅၀၀	ငါတို့စာပေ
၁၄	ခြေလေးချောင်းတော်လှန်ရေး	သခင်ဘသောင်း	၂၀၀၀	ရာပြည့်
၁၅	ခရီးကြမ်းမှမညှိုးပန်း	မောင်ပေါ်ထွန်း	၂၅၀၀	ဇွန်ပွင့်
၁၆	နောက်ဆုတ်ပြီးမှရှေ့ဆက်ပါ	အောင်လှိုင်	၁၃၀၀	စိတ်ကူးချိုချို
၁၇	အင်္ဂလိပ်လိုပြောရဖတ်ရအောင်	ရွှေကူမေနှင်း	၃၃၀၀	စိတ်ကူးချိုချို
၁၈	မန္တလေးရတနာပုံဘုရားစုံ	နတ်မောက်ထွန်းရှိန်	၃၅၀၀	မျိုးဆက်သစ်
၁၉	REVO Collision (V-1)	ကလောင်စုံ	၂၀၀၀	နှင်းဆီနီ
၂၀	ဝတ္ထုတိုပေါင်းချုပ်-၂	ငြိမ်းကျော်	၆၀၀၀	စိတ်ကူးချိုချို
၂၁	လင်းလက်ကြွေလွင့်ကြယ်ပွင့်များနှင့် အခြားဝတ္ထုတိုများ	စေးလာနွယ်	၃၀၀၀	လမ်းသစ်
၂၂	ကျွန်မဘာအမှားတွေလုပ်ခဲ့မိသလဲ	လှိုင်မြင့်ကြည်	၁၅၀၀	စိတ်ကူးချိုချို
၂၃	ပုထုဇနော ဥမ္မတကော (အရှူးများ)	အောင်မော်စံဆရာတော်	၂၀၀၀	မဖျိုမ
၂၄	ကဗျာဒဿနရှာတော်ပုံ	အောင်သူရ	၅၀၀၀	bamboo
၂၅	အိုရှိုး နိဒါန်း၏အစ	အောင်သူရ	၂၀၀၀	bamboo
၂၆	နိဗ္ဗာန်လမ်းစ	ထီးချိုင်မြို့တည်တော	၁၀၀၀	ဓမ္မဗျူဟာ

(ဆက်လက်ဖော်ပြပါမည်)

မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား လေကြောင်းတိုးချဲ့ပျံသန်းရေး ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၄

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် စက်တင်ဘာ ၁၃ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာဘူလောင်နှင့်အဖွဲ့အား နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှု အကောင်အထည်ဖော်နိုင်ရေးအတွက် နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာရေးထိုးနိုင်ရေး၊ လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းရေးနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးနိုင်ရေး၊ ရေကြောင်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးကိစ္စရပ်များနှင့် အနာဂတ်တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းနည်း သင်တန်းဖွင့်

ရေတာရှည် စက်တင်ဘာ ၁၄

တောင်သူအထောက်အကူပြု စက်ကိရိယာများ စနစ်တကျမောင်းနှင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို ရေတာရှည်မြို့နယ် စိုင်တမော့ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ယနေ့ နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းကို ၁၂ ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး မြို့နယ်စက်မှုလယ်ယာ ဦးစီးဌာန အမှတ်(၄၈) စက်မှုလယ်ယာစခန်းမှ ကျွမ်းကျင်ဝန်ထမ်းများက ထွန်စက်မောင်းနှင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ထွန်ယက်ကိရိယာများ ချိန်တွယ်ခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမည့်စပါးပျိုးပင်များ ပြုစုပျိုးထောင်ခြင်းနှင့် လယ်ယာမြေများဖော်ထုတ်ခြင်း အစရှိသည့် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားသွားမည်ဖြစ်သည်။

သင်တန်းသို့ ရေတာရှည်မြို့နယ် စိုင်တမော့ကြီး၊ စိုင်တမော့လေး၊ နန်ချွန်၊ ပေါက်ချောင်းကျေးရွာများမှ သင်တန်းသား ၃၁ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



နိုင်ငံ၏လိုအပ်ချက်နှင့်ဈေးကွက်ပြောင်းလဲမှုအခြေအနေများအရ B.A (Tourism) ဘွဲ့အစား Bachelor of Tourism and Hospitality Management ဘွဲ့အဖြစ် ပြောင်းလဲပေးအပ်သွားမည်

ရန်ကုန် စက်တင်ဘာ ၁၄

နိုင်ငံ၏လိုအပ်ချက်နှင့် ဈေးကွက်ပြောင်းလဲမှု အခြေအနေများအရ B.A (Tourism) ဘွဲ့အစား Bachelor of Tourism and Hospitality Management ဘွဲ့အဖြစ် ယခုနှစ်မှစ၍ ပြောင်းလဲပေးအပ်သွားမည်ဖြစ်ကြောင်း အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၏ ကျောင်းအုပ်ကြီး ဒေါက်တာတင်တင်ထွေးက ပြောသည်။

"ရေးဆွဲထားတဲ့ သင်ရိုးညွှန်းတမ်းကလည်း ငါးနှစ်ပြည့်သွားပြီဆိုတာရယ်၊ လူဇင်ဘတ်အစိုးရရဲ့ ပံ့ပိုးမှုအစီအစဉ်အရ သင်ရိုးညွှန်းတမ်းရေးဆွဲရာမှာ အကူအညီပေးတာကြောင့် Bachelor of Tourism and Hospitality Management (B.T.H.M)ဘွဲ့အဖြစ် ပြောင်းလဲလိုက်တာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

လေးနှစ်တက်ရောက်ရသည့် အဆိုပါဘွဲ့သင်တန်းတွင် တစ်နှစ်လျှင်နှစ်ကြိမ် Semester နှစ်ခုဖြေဆိုရပြီး တတိယနှစ် Second Semester ရောက်ရှိချိန်တွင် သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းများ၌ လက်တွေ့ကွင်းဆင်းလုပ်ကိုင်ရကြောင်း သိရသည်။

"သင်ရိုးရေးဆွဲကတည်းက စာတွေ့အသိပညာနဲ့ လက်တွေ့အသိပညာ ပေါင်းစပ်ထားတာကြောင့် ဒီဂရီအောင်မြင်ပြီးပြီဆိုတာနဲ့ လုပ်ငန်းခွင်ကို ဝင်ရောက်ဖို့ အဆင်သင့်ဖြစ်နေပြီဆိုတာ သေချာသလောက်ပါပဲ။ လက်စွဲစာအုပ်ကိုလည်း ကျောင်းသား ကျောင်းသူတွေ သိရှိဖို့ ထုတ်ထားတယ်။ ဒီမေဂျာတစ်ခုထဲကို တက်ရောက်သူ ဦးရေရဲ့ ၉၀ ရာခိုင်နှုန်းကျော်က လုပ်ငန်းခွင်ကို ဝင်ရောက်လုပ်ကိုင်မှုရှိတယ်။ ကျန်တဲ့သူတွေက ဘွဲ့လွန်ထပ်ပြီး လေ့လာကြတာများတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တွင် နှစ်စဉ်သြဂုတ်လရောက်တိုင်း တက္ကသိုလ်ဝင်ကျောင်းသား ကျောင်းသူများကို ဖိတ်ကြား၍ကျောင်း၏ သင်ခန်းစာများသင်ယူမှုအခြေအနေ၊ လုပ်ငန်းခွင်အတွက် အကျိုးရှိနိုင်သည့် အကြောင်းအရာများကို တက်ရောက်ဆဲ ကျောင်းသားကျောင်းသူများက ရှင်းပြပြီး လူဦးရေ ၆၀၀ ခန့် စိတ်ဝင်တစား လာရောက်လေ့လာကြကြောင်း သိရသည်။

အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်ကို ၂၀၀၄ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ဆရာ ဆရာမ ဦးရေ ၃၉ ဦးရှိကာ ၁၀ တန်းအောင်အမှတ် ပျမ်းမျှ ၄၂၀ အထက်ရှိပါက လျှောက်ထားနိုင်ပြီး တစ်နှစ်လျှင် ကျောင်းသားဦးရေ ၃၀၀ နှင့် ၄၀၀ ဝန်းကျင်ကို လက်ခံသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများအား ရန်ကုန်စီးပွားရေး တက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တို့မှ ဆရာ ဆရာမများက အချိန်ပိုင်း လာရောက်သင်ကြားပေးခြင်းအပြင် ပြည်တွင်းနှင့် ပြည်ပမှ စီးပွားရေးလုပ်ငန်း အောင်မြင်နေသူများကိုလည်း ဖိတ်ခေါ်၍ Lecture နှင့် Seminar များ ပို့ချခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်း-မြတ်စန္ဒီ၊ ဓာတ်ပုံ-မွန်မွန်

အသက်(၉၀)နှင့်အထက် ဘိုးဘွား ၆၅ ဦးအား လူမှုရေးပင်စင်ပေးအပ်

တာချီလိတ် စက်တင်ဘာ ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်းရှိ အသက်(၉၀)နှင့်အထက် သက်ကြီးဘိုးဘွားများအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒုတိယအကြိမ် နိုင်ငံတော်မှ ချီးမြှင့်သည့် လူမှုရေးပင်စင်ပေးအပ်ပွဲကို စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က သက်ကြီးဘိုးဘွားများအား နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်သည့် လူမှုရေးပင်စင်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အသက်(၉၀)နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်အဖြစ် တစ်လလျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် သုံးလအတွက် ငွေကျပ်သုံးသောင်းစီကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်သည်။ အခမ်းအနားသို့ မတက်ရောက်နိုင်သည့် ဘိုးဘွားများအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက နေအိမ်များသို့ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ လူမှုရေးပင်စင်ကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမသုံးလပတ်တွင် ဘိုးဘွား ၁၉၀ နှင့် ယခု ဒုတိယသုံးလပတ်တွင် ဘိုးဘွား ၂၂၈ ဦးအထိ ထောက်ပံ့ပေးမည်ဖြစ်သည်။ တာချီလိတ်မြို့နယ်၌ ဒုတိယအကြိမ် ပေးအပ်ရာတွင် အသက်(၉၀)နှင့်အထက် ဘိုးဘွား ၆၅ ဦးအား ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

ဘီးလင်းမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးမြင့်ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်အင်အား ၅၀ တို့သည် (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ဒုတိယပတ်က ဘီးလင်းမြို့နယ် ပြည်သူ့ဆေးရုံကြီးအတွင်း သန့်ရှင်းရေးပြုလုပ်ခဲ့ကြစဉ်။

(ကြေးမုံ)

တရားမဝင်ကန့်သတ်ကုန်ပစ္စည်းများ သိမ်းဆည်းရမိ

ရန်ကုန် စက်တင်ဘာ ၁၄

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ တရားမဝင်ကန့်သတ်ကုန်စည်များ သယ်ဆောင်လာမှုကို မရမ်းချောင်စစ်ဆေးရေးစခန်း ပူးပေါင်း

စစ်ဆေးရေးအဖွဲ့များက စက်တင်ဘာ ၁၃ ရက်တွင် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မရမ်းချောင်စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက Hilux ယာဉ်ကို စစ်ဆေးခဲ့ရာ တရားမဝင် ကန့်သတ်ကုန်စည်ဖြစ်သော Clobetamil-G (1Pcsx250 Pcs) 2 Pkgs (ယားနာလိမ်းဆေး) စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် နှစ်သန်းခန့်တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၃ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၃၈၃ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

(ဝဝ၁)

ထိုင်းနိုင်ငံတွင် စက်မှုဇုန် လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့သဖြင့် အမှောင်ကျနေသည့်စက်ရုံအတွင်း မြန်မာလုပ်သားများ ပိတ်မိ

အယုဒ္ဓယ စက်တင်ဘာ ၁၄

ထိုင်းနိုင်ငံ၌ စက်တင်ဘာ ၁၂ ရက်ညပိုင်းက စက်မှုဇုန် လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့သဖြင့် မြန်မာလုပ်သား ၁၀၀၀ ကျော်အပါအဝင် လုပ်သားဦးရေ ၂၀၀၀ ကျော်မှာ အမှောင်ကျနေသည့် စက်ရုံအတွင်းပိတ်မိခဲ့ကြောင်း မဲဆောက်အခြေစိုက် SAW မှ သိရသည်။

ယင်းနေ့ညပိုင်းက ထိုင်းနိုင်ငံ အယုဒ္ဓယပြည်နယ် စက်မှုဇုန်အတွင်းရှိ nipro thailand corporation limited ပိုင် ဆေးဝါးအကူပစ္စည်းစက်ရုံမှ ဂျင်နရေတာများအားလုံး ရပ်ဆိုင်းသွားခဲ့ပြီး နာရီအတန်ကြာ အမှောင်ကျသွားခဲ့ကြောင်း၊ အရေးပေါ်မီးစက်များပါထွန်းသော်လည်း မရခဲ့သောကြောင့် မြန်မာလုပ်သားဦးရေ ၁၀၀၀ ကျော် အပါအဝင် အလုပ်သမားဦးရေ ၂၀၀၀ မှာ အမှောင်ကျနေသည့် စက်ရုံအတွင်း၌ ပိတ်မိခဲ့ကြပြီး အချို့အလုပ်သမားများမှာ မူးမေ့လဲကျသွားခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်အတွင်းရှိ ကယ်ဆယ်ရေးအသင်းများ၏အကူအညီဖြင့် မီးစက်များထွန်းကာ အလုပ်သမားများအား စက်ရုံအတွင်းမှ ခေါ်ထုတ်ခဲ့ကြရကြောင်း၊ အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ စက်ရုံမှတာဝန်ရှိသူများက ဆက်လက်စစ်ဆေးလျက်ရှိကြောင်းနှင့် ယခုရက်ပိုင်းအတွင်း ထိုင်းနိုင်ငံအတွင်း၌ အပူချိန်များမြင့်တက်လျက်ရှိသောကြောင့် လျှပ်စစ်ဓာတ်အားများ မကြာခဏပြတ်တောက်မှုများဖြစ်ပေါ်နေကြောင်း မဲဆောက်အခြေစိုက် SAW မှ သိရသည်။

(ပွင့်သစ္စာ)

ချောင်းအတွင်းရေဆင်းချိုးစဉ် ကျောင်းသူတစ်ဦး မျောပါသေဆုံး

ဟုမ္မလင်း စက်တင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် မန်မော်ကျေးရွာအနောက်ဘက် မိုင်းနွယ်ချောင်းတွင် စက်တင်ဘာ ၁၂ ရက်က ရေဆင်းချိုးသောကျောင်းသူတစ်ဦး ရုတ်တရက်ချောင်းရေကျလာသောကြောင့် ရေစီးနှင့်အတူ မျောပါသေဆုံးခဲ့ကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ် မောင်းခမ်းရဲကင်းစခန်းမှူး ရဲအုပ်သန်းညိုသည် မန်မော်ကျေးရွာအနောက်ဘက်တစ်မိုင်ခန့်အကွာ ပင်ခါလယ်ကွင်းတဲတွင် နေထိုင်သော အသက်(၁၁)နှစ်အရွယ် ငါးတန်းကျောင်းသူသည် ကျောင်းမှအပြန်လယ်တဲမြောက်ဘက်ရှိ မိုင်းနွယ်ချောင်းတွင် ရေဆင်းချိုးရာမှ ရုတ်တရက်ချောင်းရေကျလာကာရေစီးနှင့် မျောပါသေဆုံးသွားကြောင်း အကြောင်းကြားသဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြင်ပဒဏ်ရာမတွေ့ရဘဲ ရေနစ်သေဆုံးသည့် လက္ခဏာဖြင့် သေဆုံးနေသည်ကိုတွေ့ရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ထမံသီနယ်မြေရဲစခန်းက ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ယာဉ်နှစ်စီးတိုက်မှုဖြစ်ပွား

နေပြည်တော် စက်တင်ဘာ ၁၄

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၃၅၆/၇)နှင့် (၃၅၇/၀) အကြားတွင် ယနေ့မွန်းလွဲပိုင်းက ယာဉ်နှစ်စီးတိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့က စက်မှုလယ်ယာအဝိုင်းပတ်၌ နေပြည်တော်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်းဦးမြင့်ဌေး မောင်းနှင်လာသော Canter ယာဉ်မှာ အမြန်လမ်းမကြီးအတိုင်း မောင်းနှင်လာစဉ် ယာဉ်မောင်း မဆုမို့မို့ပြည့် မောင်းနှင်လာသော Mazda Demio ယာဉ်က Canter ယာဉ်၏ ရှေ့ယာဘက်ဦးခေါင်းကို ဝင်တိုက်မိခဲ့သည်။ ဖြစ်စဉ်ကြောင့် ယာဉ်နှစ်စီးစလုံး အနည်းငယ်ပျက်စီးသွားပြီး ယာဉ်ပေါ်ပါသူများမှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း မဆုမို့မို့ပြည့်အား သက်ဆိုင်ရာက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

သန်းဦး(လေးမျက်နှာ)

သုံးစွဲရန်မသင့်သောအလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသောအလှကုန်ပစ္စည်းများကိုအများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ရောင်းချနေသည့် အလှကုန်ပစ္စည်းများကိုစစ်ဆေးခဲ့ရာ အောက်ဖော်ပြပါအလှကုန်ပစ္စည်းလေးမျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်း မရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း (မာကျူရီ) ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထုသုံးစွဲရန် မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

စဉ်	အလှကုန် ပစ္စည်းအမည်	ထုတ်လုပ်သည့် ကုမ္ပဏီ	တွေ့ရှိချက်
၁။	MADAME Organic	ဖော်ပြမထားပါ။	Mercury (+)
၂။	Cleo Me' White	ထိုင်းဘာသာဖြင့် ဖော်ပြထားပါသည်။	Mercury (+)
၃။	Cosmetic Set (Yun Shi Man Cream)	ဖော်ပြမထားပါ။	Mercury (+)
၄။	Anti-Freckle (Day Cream + NightCream)	တရုတ်ဘာသာဖြင့် ဖော်ပြထားပါသည်။	Mercury (+)

၃။ အဆိပ်သင့်ဓာတုပစ္စည်းမာကျူရီ(ပြဒါး)သည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါကကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်းတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ ပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

MADAME Organic

Cosmetic Set (Yun Shi Man Cream)

Cleo Me' White

Anti-freckle (Day Cream+Night Cream)

မြစ်ကြီးနားမြို့နယ်တွင် မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၁၄

မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၂ ရက် ည ၈ နာရီခွဲက မြစ်ကြီးနားမြို့နယ်(၂၁)မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် နမ္မတီးဘက်မှ မြစ်ကြီးနားဘက်သို့ နော်ဆိုင်းမော် မောင်းနှင်ပြီး ဂျာလီအောင်မြတ် လိုက်ပါလာသောမော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၁၁၄ ပြား၊ ကိုယ်ထည်နံပါတ် M 002961, AUSTRIA နိုင်ငံလုပ် STEYR M9-A1(9x19) ပစ္စတိုသေနတ်တစ်လက်၊ ကျည်ဘောက်တစ်ခု၊ ၎င်းကျည် ၂၄ တောင့်နှင့် မြန်မာငွေကျပ် ၁၅၂ သိန်းတို့ကို သိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးချက်အရ စက်တင်ဘာ ၁၃ ရက် နံနက် ၁၁ နာရီတွင် မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက် အမှတ်(၁၁)နယ်မြေ လမ်းသွယ်(၆)ရှိ နော်ဆိုင်းမော်၏နေအိမ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၀၀ နှင့် ဘိန်းဖြူ သုည ဒသမ ၀၂ ကီလို ကိုလည်းကောင်း၊ မြစ်ကြီးနားမြို့ တပ်ကုန်းရာဒါကောင်း(ဘီ)ရပ်ကွက် အမှတ်(၇)နယ်မြေရှိ လဒီး(ခ)ခေါင်တောင်၏နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူ ၂ ဒသမ ၅၅၇ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၉၆၀၀၊ လက်ကိုင်ဖုန်းတစ်လုံး၊ မြန်မာငွေကျပ်ငါးသိန်း နှင့် မော်တော်ယာဉ်တစ်စီးတို့ကိုလည်းကောင်း။

အလားတူ စက်တင်ဘာ ၁၂ ရက် ည ၉ နာရီခွဲက ဘန်းယဉ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆီဆိုင်မြို့နယ် နောင်မွန်ကျေးရွာအုပ်စု နမ့်ဟူးတောင်ကျေးရွာရှိ ဦးညွှန့်၏နေအိမ်ကို ရှာဖွေရာ ဦးညွှန့်နှင့်အတူ ဇော်ထူးကိုတွေ့ရှိပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၆၃၀၀ ကိုလည်းကောင်း။

အလားတူ စက်တင်ဘာ ၁၃ ရက် ညနေ ၆ နာရီက မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် မူဆယ်-မန္တလေးပြည်ထောင်စုကားလမ်း မိုင်တိုင်(၈၀/၄)တွင် ဝေလင်းဇော်မောင်းနှင်၍ အောင်လျံဝင်း(ခ)အောင်နိုင်ဦး လိုက်ပါလာသော ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၆ ယူရိုပါလိဂ်ဗိုလ်လုပွဲရလဒ်ကို မချေဖျက်နိုင်ခဲ့တဲ့ လီဗာပူး

ပရီမီယာလိဂ်အသင်းတွေ ရလဒ်ကောင်းခဲ့တဲ့ ချန်ပီယံလိဂ်

မေလဲ့သင်း စုစည်းသည်

ချန်ပီယံလိဂ်ပွဲစဉ်(၁) ရလဒ်များ

လီဗာပူး	၂-၂	ဆီဗီလာ
မာရီဘော	၁-၁	စပါးတပ်စ်မော်စကို
ဖီယင်နော့ဒ်	၀-၄	မန်စီးတီး
ရှက်တာဒိုးနက်	၂-၁	နာပိုလီ
ပေါ်တို	၁-၃	ဘီဆီတပ်စ်
လိုက်ပ်ဇစ်ပ်	၁-၁	မိုနာကို
ရီးယဲလ်	၃-၀	အေပိုရယ်
စပါး	၃-၁	ဒေါ့မွန်

ယမန်နေ့နံနက် အစောပိုင်းက ယှဉ်ပြိုင်ခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်(၁) မှာ ပရီမီယာလိဂ်အသင်းတွေဖြစ်တဲ့ စပါး၊ မန်စီးတီးတို့ ဂိုးပြတ်နိုင်ခဲ့ပေမယ့် လီဗာပူးကတော့ ၂၀၁၆ ယူရိုပါလိဂ် ဗိုလ်လုပွဲမှာ အရေးနိမ့်ခဲ့တဲ့ ဆီဗီလာကို သရေသာ ကစားနိုင်ခဲ့တာကြောင့် အရင်က ရှုံးကြွေးကို မချေဖျက်နိုင်ခဲ့ဘူးလို့ ဆိုရပါမယ်။ ရီးယဲလ်မက်ဒရစ်ကတော့ ပြည်တွင်းလိဂ်ပွဲစဉ်တွေမှာ ပွဲပယ်ခံထားရတဲ့ တိုက်စစ်မှူး စီရိုနယ်လ်ဒိုရဲ့ သွင်းဂိုးတွေနဲ့ အေပိုရယ်နီကိုရှားအသင်းကို သုံးဂိုးပြတ်နဲ့ သက်သောင့်သက်သာ အနိုင်ယူပြီး ချန်ပီယံလိဂ် တာထွက်ကောင်းခဲ့တယ်။

အမှတ်ခွဲယူခဲ့ရတဲ့ လီဗာပူး

ပရီမီယာလိဂ်ကလပ် လီဗာပူး အသင်းဟာ အိမ်ကွင်းမှာယှဉ်ပြိုင်ခဲ့ရပေမယ့် ဆီဗီလာအသင်းကို နှစ်ဂိုးစီ သရေသာ ကစားနိုင်ခဲ့တာကြောင့် ၂၀၁၆ ယူရိုပါလိဂ်ဗိုလ်လုပွဲက ရှုံးကြွေးကို ပြန်လည်ရယူဖို့ ပျက်ကွက်ခဲ့တယ်လို့ ဆိုရပါမယ်။ လီဗာပူးက သူတို့အသင်းရဲ့ ပုံမှန်အခင်းအကျင်း ဖြစ်တဲ့ ၄-၃-၃ ကစားကွက်နဲ့ ပွဲထွက်လာခဲ့သလို ဆီဗီလာကလည်း ကွင်းလယ်ကစားကွက်အားကောင်းတဲ့ လီဗာပူးကို ထိန်းချုပ်နိုင်ဖို့ ၄-၂-၃-၁ နဲ့ ရင်ဆိုင်ခဲ့တယ်။ ဒါကြောင့် ဆီဗီလာဟာ လီဗာပူးအသင်းကို အဝေးကွင်းမှာ ရင်ဆိုင်ခဲ့ရပေမယ့် ဘောလုံးပိုင်ဆိုင်မှု အသာရခဲ့သလို ပွဲအစ ငါးမိနစ်မှာပဲ ဘန်ရက်ဒါရဲ့ ဂိုးနဲ့ ဦးဆောင်ခွင့်ရခဲ့ပါတယ်။

ဦးဆောင်ဂိုး ခွင့်ပြုပေးခဲ့ရပြီး နောက် လီဗာပူးအသင်းဟာ တရစပ် ထိုးဖောက်တိုက်စစ်ဆင်ခဲ့ပေမယ့် ဆီဗီလာကလည်း ဥရောပအတွေ့ အကြုံရင့်တဲ့အသင်းပီပီ လီဗာပူးရဲ့ တိုက်စစ်ကို စနစ်တကျ ဖျက်ထုတ်ကာကွယ်နေတာကြောင့် လီဗာပူး ချေပဂိုးရဖို့ အတော်အခက်တွေ့ခဲ့တယ်။ ဒါပေမယ့် ပွဲချိန် ၂၀ မိနစ်မှာတော့ တိုက်စစ်မှူး မာနေးရဲ့ထိုးဖောက်မှုကို ဆီဗီလာဂိုးသမား ဆာဂျီယိုရီ ပုတ်ထုတ်ကာကွယ်လို့ လျှံကျလာတဲ့ ဘောလုံးကို ဖာမီနိုက ပိတ်သွင်းခဲ့တာကြောင့် လီဗာပူး ချေပဂိုးရခဲ့ပါတယ်။

တိုက်စစ်ကစားသမား သုံးဦးထားကစားတဲ့ လီဗာပူးအသင်းရဲ့တိုက်စစ်ပိုင်းဟာ ဆီဗီလာအတွက် အတော်ထိန်းချုပ်ရ ခက်ခဲခဲ့ပြီး နောက်တန်းမကြာခဏ ပေါက်ထွက်ခဲ့တဲ့အတွက် ချေပဂိုးခွင့်ပြုပြီး ၁၅ မိနစ် မပြည့်ခင်မှာဘဲ နောက်ထပ်သွင်းဂိုးတစ်ဂိုးကို ထပ်မံပေးခဲ့ရပါတယ်။ ဒီဂိုးကိုတော့ တိုက်စစ်မှူး ဆာလာက သွင်းယူခဲ့တာပါ။ အဲဒီနောက် ပွဲချိန် ၄၂ မိနစ်မှာ လီဗာပူးအသင်း ပင်နယ်တီကန်ခွင့်ရခဲ့ပေမယ့် ဖာမီနို လွဲချော်ခဲ့တာကြောင့် ဂိုးပြတ်ဦးဆောင်ခွင့် ဆုံးရှုံးခဲ့ရတယ်။ လီဗာပူးဟာ အနိုင်သေချာစေဖို့အတွက် ကစားအား လုံး၀လုံး၀မချခဲ့ပေမယ့် နောက်တန်းခံစစ်အားနည်းမှုကြောင့် ပွဲချိန် ၇၂ မိနစ်မှာ ဆီဗီလာအသင်းကို ချေပဂိုး ပြန်လည်ခွင့်ပြုခဲ့ရပါတယ်။

လီဗာပူးဟာ ယခုပွဲမှာ ဂိုးကန်သွင်းမှု ၂၄ ကြိမ်အထိ ရခဲ့ပေမယ့် နှစ်ဂိုးသာ ရရှိခဲ့တာဖြစ်ပါတယ်။ ဒီနေရာမှာ ပြောစရာရှိတာက လီဗာပူး နောက်တန်းခံစစ်ပိုင်း ယိုယွင်းမှုဖြစ်ပြီး လီဗာပူးဟာ နောက်ဆုံးကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာလည်း မန်စီးတီးကို ငါးဂိုးအထိ ခွင့်ပြုခဲ့တဲ့အသင်းလည်း ဖြစ်ပါတယ်။

စပါးလာပါပြီ

စပါးအသင်းဟာ အိမ်ကွင်းမှာ ဂျာမန်အင်အားကြီး ဒေါ့မွန်ကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူပြီးနောက် ဒီနှစ် စပါးဟာ မနှစ်က စပါးလို ဥရောပအတွေ့အကြုံနုတဲ့ အသင်း မဟုတ်ဘူးဆိုတာ ပြိုင်ဘက်တွေကို သတိပေးလိုက်ပါပြီ။ ဒေါ့မွန်ဟာ စပါးအသင်းဘက်ကို ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူကစားနိုင်ပေမယ့် မြန်နှုန်းမြင့်ကစားနိုင်တဲ့ စပါးတိုက်စစ်ပိုင်းကြောင့် ဂိုးတွေ ဆက်တိုက်ခွင့်ပြုခဲ့ရတာလို့ ဆိုချင်ပါတယ်။ အထူးသဖြင့် တိုက်စစ်မှူး ဟယ်ရီကိန်းရဲ့ ဂိုးသွင်းသေချာမှုက ပွဲရဲ့ ရလဒ်ပိုင်းကို အဆုံးအဖြတ်ဖြစ်စေခဲ့တာပါ။

တိုက်စစ်အစွမ်းပြတဲ့ မန်စီးတီး

ရော့တာဒမ်မှာ ကစားခဲ့တဲ့ ဖီယင်နော့ဒ်နဲ့ မန်စီးတီးအသင်းတို့ပွဲမှာတော့ မန်စီးတီးက အဝေးကွင်းမှာပဲ ဂျွန်စတုန်းရဲ့ သွင်းဂိုးနှစ်ဂိုး၊ အဂွဲရိုးနဲ့ ဂျီးဆပ်ဇ်တို့ရဲ့ သွင်းဂိုးတွေနဲ့ လေးဂိုးပြတ်အနိုင်ကစားပြီး အုပ်စု(F) အမှတ်ပေးဇယားကို ပြတ်ပြတ်သားသား ဦးဆောင်ခဲ့ပါတယ်။ မန်စီးတီးပါဝင်တဲ့ အုပ်စုမှာ နာပိုလီ၊ ရှက်တာဒိုးနက်တို့လို ကစားအားမာတဲ့အသင်းတွေ ပါတာကြောင့် မန်စီးတီးက အနိုင်ရသင့်တဲ့ပွဲကို ဂိုးပြတ်အနိုင်ရအောင် ဂရုတစိုက်ကစားသွားခဲ့သလို ဘောလုံးပိုင်ဆိုင်မှုကလည်း ၇၂ ရာခိုင်နှုန်းအထိတောင် ရရှိခဲ့ပါတယ်။ မန်စီးတီးအတွက် ဦးဆောင်ဂိုးကို နောက်ခံလူ ဂျွန်စတုန်းက ပွဲအစ ၂ မိနစ်မှာပဲ ခေါင်းတိုက် သွင်းယူပေးခဲ့တဲ့အတွက် ဒီဂိုးဟာ ချန်ပီယံလိဂ်သမိုင်းမှာ အမြန်ဆုံးဂိုးတစ်ဂိုးအဖြစ် မှတ်တမ်းဝင်သွားပါတယ်။

စီရိုနယ်ဒိုး ဟက်ထရစ်ဂိုးရဖို့ နှီးစပ်ခဲ့ပေမယ့်

ပြည်တွင်းလိဂ်မှာ ငါးပွဲပယ် ပြစ်ဒဏ်ကျခံနေရတဲ့ ရီးယဲလ်စူပါစတား တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ချန်ပီယံလိဂ်ပွဲစဉ်မှာတော့ပါဝင်လာခဲ့ပြီး ဦးဆောင်ဂိုးကို ပွဲအစ ၁၂ မိနစ်ကတည်းက သွင်းယူပေးခဲ့ကာ ၅၁ မိနစ်မှာ ဒုတိယဂိုးကို ပင်နယ်တီကနေ ထပ်မံသွင်းယူခဲ့ပါတယ်။ စီရိုနယ်လ်ဒိုအနေနဲ့ နောက်ထပ် နှစ်ဂိုး သွင်းယူခဲ့ပေမယ့် ဒီဂိုး နှစ်ဂိုးလုံးဟာ လူကျွံနေခဲ့လို့ ဂိုးအဖြစ်ခွင့်ပြုခြင်း မခံခဲ့ရပါဘူး။ စီရိုနယ်လ်ဒိုဟာ ယခုလို ဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ချန်ပီယံလိဂ် သွင်းဂိုး ၁၀၇ ဂိုးအထိ သွင်းယူနိုင်တဲ့ ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်သွားပါတယ်။

ရီးယဲလ်အတွက် ပွဲသိမ်းဂိုးကိုတော့ အသင်းခေါင်းဆောင် ရာမို့စ်က သူ့ရဲ့ ပုံစံအတိုင်း ခေါင်းတိုက်သွင်းယူပေးခဲ့တာဖြစ်ပြီး သူ့ရဲ့ သွင်းဂိုးဟာ ၆၉ ဂိုးအထိ ရောက်ရှိလာတာကြောင့် ဒီမှတ်တမ်းဟာ ဗဟိုနောက်ခံကစားသမားတစ်ဦးအတွက် တကယ့်ကို အံ့အားသင့်စရာပါပဲ။ ဒါ့အပြင် ဒီပွဲမှာ အရင်ပွဲတွေက ခြေစွမ်းပိုင်းကျဆင်းနေလို့ ဝေဖန်ခံခဲ့ရတဲ့ ဂါရတ်ဘေးလ်လည်း အကောင်းဆုံးပုံစံ ပြသနိုင်ခဲ့တာက ရီးယဲလ်ပရိသတ်တွေအတွက် ကျေနပ်စရာဖြစ်ခဲ့ပါတယ်။ ရီးယဲလ်နည်းပြ ဇီဒန်းက ယခုပွဲမှာ တိုနီခရုးစ်နေရာမှာ ကိုဗာဆစ်ကို အသုံးပြုခဲ့တာကို တွေ့ရပြီး သူ့ရဲ့ အလှည့်ကျလူထုတ်ပုံစနစ်ကို မပြောင်းလဲဘဲ ဆက်လက်ကျင့်သုံးခဲ့တာကို တွေ့ရပါတယ်။

ရီးယဲလ်မက်ဒရစ်ကို အိမ်ကွင်းမှာ အခက်တွေ့စေမယ့်

ဆိုစီဒက်

ရှိုင်းမင်းမင်း

၂၀၁၇-၁၈ လာလီဂါရင်ခုန်သံ - ၄

၂၀၁၇-၁၈ စပိန်လာလီဂါပြိုင်ပွဲရဲ့ ပွဲစဉ်(၄)ကို လာမယ့် စက်တင်ဘာ ၁၆၊ ၁၇၊ ၁၈၊ ၁၉ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပြီး ဒီပွဲစဉ်မှာတော့ ရီးယဲလ်မက်ဒရစ်ဟာ လက်ရှိခြေစွမ်းကောင်းနေတဲ့ ဆိုစီဒက်စ်ရဲ့ အိမ်ကွင်းမှာ သွားရောက်ကစားရမှာဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ပါ့မလား စောင့်ကြည့်ရမယ်။

အီဘား - လီဂါနက်စ် နံနက် ၁း၃၀ (၁၆-၉-၁၇)

အီဘားက ခြေစွမ်းပိုင်းအားနည်းမှုတွေများပါတယ်။ သုံးပွဲကစားပြီးချိန်မှာ တစ်ပွဲသာ အနိုင်ရပါသေးတယ်။ ဒီပွဲမှာတော့ အီဘားတို့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အိမ်ကွင်းမှာအားစိုက်လာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း လီဂါနက်စ်ခြေက ကောင်းမွန်မှုရှိနေကာ သုံးပွဲကစားပြီးချိန်မှာ နှစ်ပွဲတိတိ အနိုင်ရယူနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာလည်း အီဘားတို့ ရုန်းကန်ရနိုင်ကာ အမြင့်ဆုံး သရေလောက်သာ ကစားနိုင်ဖို့ရှိပါတယ်။

လီဗန်တေး - ဗလင်စီယာ ညနေ ၅း၃၀ (၁၆-၉-၁၇)

နှစ်သင်းစလုံးဟာ ဒီရာသီမှာ ခြေစွမ်းကောင်းတွေရရှိနေတဲ့ အသင်းဖြစ်တယ်။ အထူးသဖြင့် ဗလင်စီယာအသင်းဟာ ကစားသမားကောင်းတွေ ခေါ်ယူထားနိုင်ခဲ့ပြီး ခြေစွမ်းတိုးတက်မှုတွေရှိနေတဲ့ အသင်းဖြစ်တယ်။ တန်းတက်လီဗန်တေးကလည်း အသင်းလိုက်စုဖွဲ့မှု အားကောင်းတဲ့အသင်းဖြစ်တယ်။ ဒါကြောင့် သွင်းဂိုးတွေ အပြန်အလှန်မြင်တွေ့ရနိုင်ပြီး ဗလင်စီယာက နိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

ဂီတာဖေး - ဘာစီလိုနာ ည ၈း၄၅ (၁၆-၉-၁၇)

ဘာစီလိုနာ ခြေစွမ်းပိုင်းတည်ငြိမ်မှုရှိတယ်လို့ ဆိုနိုင်ပါတယ်။ အခုအချိန်မှာ အမှတ်ပေးဇယားရဲ့ထိပ်ဆုံးမှာ ရပ်တည်နေနိုင်တာကြောင့် အဆိုပါနေရာကို ဆက်ထိန်းနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဂီတာဖေးကတော့ နိုင်ပွဲရယူနိုင်ခဲ့ပြီဖြစ်ပေမယ့် ခြေစွမ်းကတော့ သာမန်သာရှိပါတယ်။ ဒါကြောင့်လည်း အိမ်ကွင်းမှာကစားရမှာဖြစ်ပေမယ့် ဘာစီလိုနာကို ထိန်းချုပ်နိုင်ဖို့ ခက်ခဲနေပါတယ်။ ဘာစီလိုနာကသာ နိုင်ပွဲရမယ်။

ဘက်တစ် - ဒီပို့တီဗို ည ၁၁း၀၀ (၁၆-၉-၁၇)

ဘက်တစ်အသင်းဟာ အိမ်ကွင်းကစားအားကောင်းမွန်တဲ့ အသင်းဖြစ်ပြီး နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာ ဆယ်လ်တာဗီဂိုကို အနိုင်ကစားထားနိုင်ခဲ့ပါတယ်။ ဒီပို့တီဗိုကလည်း ဒီရာသီမှာ ခြေစွမ်းကောင်းရဖို့ ကြိုးပမ်းနေရတဲ့ အသင်းဖြစ်ပေမယ့် တိုက်စစ်ကစားအားကောင်းတဲ့ အသင်းဖြစ်တယ်။ ဒါကြောင့် ဒီပွဲမှာ အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရဖို့သေချာနေပါတယ်။ အသင်းလိုက်ကစားအားအပိုင်းမှာတော့ အိမ်ရှင်အသင်းကသာပြီး နိုင်ပွဲလည်းရနိုင်မယ်။

အက်သလက်တီကို - မာလာဂါ နံနက် ၁း၁၅ (၁၇-၉-၁၇)

အက်သလက်တီကိုဟာ ဒီရာသီမှာလည်း တိုက်စစ်ပိုင်းအနည်းငယ် အားပြုတဲ့ကစားဟန်ကို အသင်းငယ်တွေနဲ့ ရင်ဆိုင်ရတဲ့ပွဲစဉ်တွေမှာ ကျင့်သုံးနေပါတယ်။ မာလာဂါကတော့ ဒီရာသီမှာ ခြေစွမ်းကောင်းတွေပြန်ရဖို့ ရုန်းကန်နေရဆဲဖြစ်တယ်။ အထူးသဖြင့် မာလာဂါရဲ့ ခံစစ်ပိုင်းဟာ ကျစ်လျစ်မှု ပျောက်ဆုံးနေပါတယ်။ အက်သလက်တီကိုက တိုက်စစ်ပိုင်းထက်မြက်နေပြီး သွင်းဂိုးတွေရရှိနေလို့ အခုအိမ်ကွင်းပွဲမှာလည်း ဂိုးပြတ်နိုင်ပွဲရသွားနိုင်ပါတယ်။

အလာဗက်စ် - ဗီလာရီးယဲလ် ညနေ ၄း၃၀ (၁၇-၉-၁၇)

နှစ်သင်းစလုံးဟာ ဒီရာသီမှာ ခြေစွမ်းကောင်းတွေရရှိဖို့ ရုန်းကန်နေရတဲ့ အသင်းတွေဖြစ်တယ်။ အထူးသဖြင့် ဗီလာရီးယဲလ်ဟာ ခြေစွမ်းပိုင်း သိသိသာသာ ကျဆင်းနေခဲ့ပြီး တိုက်စစ်ပိုင်းကလည်း သွင်းဂိုးတွေရရှိဖို့ခက်ခဲနေပါတယ်။ အလာဗက်စ်ကတော့ အခုကစားမယ့်ပွဲစဉ်က အိမ်ကွင်းပွဲစဉ်ဖြစ်နေလို့ ခြေစွမ်းကောင်း ပြသလာနိုင်အောင် ကြိုးပမ်းမှာသေချာပါတယ်။ ဗီလာရီးယဲလ်အတွက် ခက်ခဲမယ့် ပွဲစဉ်ဖြစ်လာဦးမှာ သေချာနေပြီး အိမ်ရှင်အသင်းက အနည်းဆုံး သရေကစားသွားနိုင်မှာပါ။

ဂျီရိုနာ - ဆီဗီလာ ည ၈း၄၅ (၁၇-၉-၁၇)

တန်းတက် ဂျီရိုနာဟာ ကစားသမားသစ်တွေနဲ့ ခြေစွမ်းကောင်းတွေ ပြသနိုင်နေတဲ့အသင်းဖြစ်တယ်။ ဒါ့အပြင် ဂျီရိုနာဟာ နောက်ဆုံးကစားထားခဲ့တဲ့ အိမ်ကွင်းပွဲမှာ မာလာဂါကို အနိုင်ကစားထားနိုင်ခဲ့ပါတယ်။ ဆီဗီလာကလည်း ကစားသမားသစ်တွေနဲ့ ခြေစွမ်းကောင်းတွေရရှိနေပြီး တိုက်စစ်ကစားအားကောင်းတယ်။ ဒီပွဲမှာတော့ ဂျီရိုနာရဲ့ ခံစစ်ကစားအားကြောင့် သွင်းဂိုးတွေအများအပြား မြင်တွေ့ရဖို့ခက်နေပါတယ်။ ဆီဗီလာဟာ ဒီရာသီမှာ ခံစစ်ပိုင်းပိုမိုကျစ်လျစ်နေတာကြောင့် သွင်းဂိုးနည်းပြီး ဆီဗီလာကသာ ကပ်နိုင်သွားနိုင်ပါတယ်။

လက်စ်ပါးမက်စ် - ဘီဘာအို ည ၁၁း၀၀ (၁၇-၉-၁၇)

လက်စ်ပါးမက်စ်ဟာ အစောပိုင်းရာသီတွေမှာ ခြေစွမ်းကောင်းတွေ ပြသနိုင်ခဲ့ပေမယ့်လည်း ဒီရာသီမှာ ခြေစွမ်းသိသိသာသာကျဆင်းနေပါတယ်။ ဘီဘာအိုကတော့ ကစားသမားကောင်းတွေနဲ့ ပုံမှန်ခြေစွမ်းကို ဆက်ထိန်းထားပြီး တိုက်စစ်ပိုင်းကလည်း ထက်မြက်နေပါတယ်။ လက်စ်ပါးမက်စ်ရဲ့ ခံစစ်ပိုင်း အားနည်းမှုကြောင့် ဒီပွဲက သွင်းဂိုးတွေ များပြားလာနိုင်ပြီး ဘီဘာအိုကသာ နိုင်ပွဲရယူသွားနိုင်ဖို့ ရှိနေပါတယ်။

ဆိုစီဒက်စ် - ရီးယဲလ် နံနက် ၁း၁၅ (၁၈-၉-၁၇)

ဆိုစီဒက်ဟာ ဒီရာသီမှာ ခြေစွမ်းတိုးတက်မှုတွေရှိနေပြီး အသင်းလိုက်ကစားအားရော တိုက်စစ်ကစားပုံပါ လျင်မြန်မှုရှိနေတဲ့အသင်းဖြစ်တယ်။ ရီးယဲလ်မက်ဒရစ်ကလည်း ကွင်းလယ်နဲ့ တိုက်စစ်ကစားအား ကောင်းမွန်နေတဲ့အသင်းဖြစ်တယ်။ ဒါပေမယ့်လည်း ရီးယဲလ်ဟာ တိုက်စစ်အားပြုကစားနေချိန်မှာ ခံစစ်ပိုင်းက တန်ပြန်တိုက်စစ်ကိုထိန်းဖို့ ခက်တတ်ပါတယ်။ ရီးယဲလ် နိုင်ရင်တောင် ဂိုးမပြတ်ဘူး။

အက်စ်ပန်ညို - ဆယ်လ်တာဗီဂို နံနက် ၁း၃၀ (၁၉-၉-၁၇)

အက်စ်ပန်ညိုဟာ ဒီရာသီမှာ ခြေစွမ်းကောင်းတွေပြန်ရဖို့ ရုန်းကန်နေရတဲ့ အသင်းဖြစ်သလို ဆယ်တာဗီဂိုကလည်း ဒီရာသီမှာ ခြေစွမ်းပိုင်းကျဆင်းနေတဲ့ အသင်းဖြစ်နေပါတယ်။ နှစ်သင်းစလုံးခြေစွမ်းကျဆင်းနေပြီး ရလဒ်ကောင်းရအောင် တိုက်စစ်ဖွင့်ကစားလာဖို့ရှိနေပါတယ်။ တိုက်စစ်ပိုင်းမှာတော့ ဆယ်လ်တာဗီဂိုက ပိုမိုကောင်းမွန်နေပေမယ့်လည်း အသင်းလိုက်ကစားအားနဲ့အိမ်ရှင်အားရှိနေတဲ့ အက်စ်ပန်ညိုက ပွဲကိုထိန်းချုပ်နိုင်ပါတယ်။ သရေကျသွားဖို့ များနေတဲ့ပွဲပါ။

အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၉၄၈ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်တွင် စတင်တည်ထောင်ခဲ့သည့် မြန်မာအမျိုးသား လေကြောင်းလိုင်းသည် (၆၉)နှစ်ပြည့်မြောက်ခဲ့ပြီး ယနေ့ကျရောက်သည့် မွေးနေ့မင်္ဂလာမှသည် နှစ်ပေါင်းရာကျော် ဆက်လက်အောင်မြင်ပါစေကြောင်း၊ ကောင်းသတင်းအဖြာဖြာတို့ ကမ္ဘာတစ်ဝန်းပျံ့နှံ့ လွှမ်းခြုံပါစေကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နှစ်ရုံမြောက်ရုပ်ရှင်ရုံအဖြစ် ရွှေဘိုမြို့တွင် ဖွင့်လှစ်

ရွှေဘို စက်တင်ဘာ ၁၄

မြန်မာနိုင်ငံ၏ခုနစ်ရုံမြောက် PARADISO ရုပ်ရှင်ရုံကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နှစ်ရုံမြောက်အဖြစ် ရွှေဘိုမြို့တွင် စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက ဖွင့်ပွဲကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် လူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်းတို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

"ဒီနေ့ဒီအချိန်မှာ ကျွန်တော်တို့ ဒီထက်ပိုမိုတဲ့ ရုပ်ရှင်ရုံ တွေကိုဆောက်နိုင်လိမ့်မယ်လို့ မျှော်လင့်ခဲ့ပေမယ့် ခုနစ်ရုံမြောက်ကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ လာမယ့်နှစ် ဧပြီ-မေလလောက်ဆိုရင် အနည်းဆုံး ရုံ ၃၀ လောက်တော့ပြီးမှာပါ။ ရုံ ၁၀၀ စီမံကိန်းက နှစ်နှစ်ခွဲ သုံးနှစ်ကြာပါလိမ့်မယ်။ ရွေးချယ်တည်ဆောက်ရတဲ့ နေရာတွေ၊ ရုပ်ရှင်ကြည့်ပရိသတ်နဲ့ ထိတွေ့ရတဲ့ နေရာတွေဖြစ်လို့ လက်ရှိမှာအောင်မြင်မှု အသီးသီး ရရှိနေပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးဟာ ရုပ်ရှင်ကြည့်အားကောင်းတဲ့ တိုင်းဒေသကြီးဖြစ်ပါတယ်။ ရန်ကုန်၊ မန္တလေးမပါဘဲကြည့်မယ်ဆိုရင် မုံရွာ ရုပ်ရှင်ရုံရဲ့ဝင်ငွေအားက ကောင်းမွန်သလို လွန်ခဲ့တဲ့ ၁၀ ရက်လောက်ကတည်းက ပြသနေတဲ့ ရွှေဘိုရုံဟာလည်း စီးပွားရေးအရလည်း အောင်မြင်တဲ့အနေအထား ရှိသလို ပရိသတ်ရဲ့အားလည်း ကောင်းတဲ့အနေအထားမှာ ရှိပါတယ်"ဟု သရုပ်ဆောင်အကယ်ဒမီလွင်မိုးက ပြောကြားသည်။

ရွှေဘိုမြို့ ကုန်းဘောင်ရပ် ရန်ကြီးအောင်လမ်း အမှတ်(၁၀)တွင်တည်ရှိသော PARADISO ရုပ်ရှင်ရုံကို ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်၊ လူမှုရေးဝန်ကြီးဒေါက်တာဇော်ဝင်းနှင့် ရုပ်ရှင်သရုပ်ဆောင် ဦးဇာဂနာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ သရုပ်ဆောင်အကယ်ဒမီလွင်မိုးက ရုံ ၁၀၀ဆောက်လုပ်ရခြင်းကို ရှင်းပြကာ သရုပ်ဆောင် ဦးဇာဂနာက ရုပ်ရှင်ရုံသမိုင်းရေစီးကို ပြောကြားသည်။

"ရုပ်ရှင်ရုံတွေက တကယ်တမ်းကျ မများသေးပါဘူး။ မလောက်သေးပါဘူး။ ဘာလို့လဲဆိုရင် တိုင်းပြည်လူဦးရေနဲ့ ပြောရင် ၁၉၈၈ ခုနှစ်ကနဲ့စာရင် သန်း၂၀ လောက်ကွာနေပြီ။ အဲဒီတုန်းက ရုပ်ရှင်ရုံက ၄၂၀ ကျော်ရှိတယ်။ အခု လူဦးရေ ၅၃ သန်းရှိနေတဲ့တိုင်းပြည်မှာ တစ်နိုင်ငံလုံးမှာရုံ ၁၀၀ မပြည့်သေးဘူးဆိုတော့ များတော့မများလှသေးဘူး။ အရင်နှုန်းကို မမီသေးတာလို့ပြောရမှာပါ။ အရင်လိုဖြစ်အောင် ကျွန်တော်တို့ ကြိုးစားရမှာပါ။ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ်ထူကိုယ်ထ လုပ်နေကြတာပါ" ဟု သရုပ်ဆောင် ဦးဇာဂနာက ပြောသည်။

"အရင်က ရွှေဘိုမှာရုပ်ရှင်ရုံ သုံးရုံရှိခဲ့ရာက နောက်ပိုင်းတစ်ရုံမှ မပြနိုင်တော့ဘဲ အခုပြန်လည်ပေါ်ထွက်လာတာဟာ ပြည်သူတွေအတွက်ရော၊ တိုင်းဒေသကြီး အတွက်ပါ အင်မတန်မှ ဝမ်းသာမိပါတယ်။ အနုပညာရှင်တွေအနေနဲ့လည်း ရုပ်ရှင်ရုံတွေများလာလေ ပြည်သူတွေရဲ့ နားနဲ့မျက်စိကို ဖွင့်ပေးရာရောက်လေဖြစ်တဲ့အတွက် များစွာအကျိုးရှိပါတယ်" ဟု ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်က ပြောကြားသည်။

ရွှေဘို PARADISOရုပ်ရှင်ရုံသည် ရုပ်ရှင်ကြည့်ပရိသတ် ၃၂၀ ဆံ့ပြီး နေ့စဉ်တနင်္လာနေ့မှ သောကြာနေ့အထိ တစ်ရက်လေးပွဲနှင့် အစိုးရရုံးပိတ်ရက်များတွင် ငါးပွဲပြသလျက်ရှိပြီး လက်မှတ်ဈေးနှုန်းများကို ကျပ် ၁၂၀၀မှ ကျပ် ၆၀၀၀ အထိ ရှစ်တန်းထားပြသပေးနေသည်ကို တွေ့ရသည်။

မိုးဝင်းထွန်း(မုံရွာ)

နေအိမ်မှ မိဘအုပ်ထိန်းသူများမသိဘဲ ထွက်ခွာလာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံ

ပဲခူး စက်တင်ဘာ ၁၄

စက်တင်ဘာ ၁၁ ရက် နံနက် ၆ နာရီက မန္တလေးဘူတာမှ ထွက်ခွာလာသော အမှတ်(၁၂)အစုန် မန္တလေး-ရန်ကုန်ရထားတွင် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် သဲတောမြို့မှ အမျိုးသမီးငယ်သုံးဦးတို့သည် နေအိမ်မှမိဘများ မသိအောင် ထွက်ခွာသွားကြောင်း အမျိုးသမီးငယ် တစ်ဦး၏ ဦးလေးဖြစ်သူက အကြောင်းကြားသဖြင့် ရထားရဲတပ်ဖွဲ့(ညောင်လေးပင်)မှ တပ်စုမှူး ရဲအုပ်စိုးလေး ဦးဆောင်သည့်အဖွဲ့သည် အဆိုပါရထားညောင်လေးပင် ဘူတာသို့ ညနေ ၅ နာရီခွဲတွင် ဆိုက်ရောက်လာစဉ် ရထားလုံခြုံရေး လိုက်ပါလာသည့် ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းစစ်ဆေးရှာဖွေရာ တွေ့ရှိသဖြင့် ညောင်လေးပင်ဘူတာ လက်မှတ်သိမ်းချုပ်ရုံးခန်းတွင် ခေတ္တထိန်းသိမ်းစောင့်ရှောက်ထားပြီး ၎င်းတို့၏ မိဘများထံ အကြောင်းကြားခဲ့ရာ စက်တင်ဘာ ၁၂ရက် နံနက် ၉ နာရီတွင် အမျိုးသမီးငယ် သုံးဦးတို့အား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

စာအုပ်စာပေ လူ့မိတ်ဆွေ

တစ်ဦးတည်းဖြစ်ကြောင်း

ထီးချိုင့်မြို့နယ် အထက ကမ်းနီနဝမတန်းတွင် ပညာသင်ကြားနေသော မောင်သန်းမြတ်စိုး၏ ဖခင် ဦးနိုင်လင်းနှင့် ဦးနိုင်မင်း [၅/ထခန(နိုင်) ၀၆၉၁၂] သည် တစ်ဦးတည်းဖြစ်ကြောင်း။

ဦးနိုင်လင်း (ခ) ဦးနိုင်မင်း

တစ်ဦးတည်းဖြစ်ကြောင်း

ထီးချိုင့်မြို့နယ် ညောင်ပင်သာ (တွဲ) အထက တက္ကသိုလ်ဝင်တန်းတွင်ပညာသင်ကြားနေသော မောင်ဝင်းကိုဦး၏ ဖခင် ဦးဖိုးစူးနှင့် ဦးတင်ဝင်းလှိုင် [၅/ထခန(နိုင်)၀၈၇၀၈၁] သည် တစ်ဦးတည်းဖြစ်ကြောင်း။ **ဦးဖိုးစူး(ခ) ဦးတင်ဝင်းလှိုင်**

ဖခင်အမည်မှန်

ဖြူးမြို့နယ် ဂုံမင်းကွင်းရွာ အမက Grade-1မှ မကေဇ်လင်း၊ ညောင်ပင်သာ အထက Grade-8 မှ မတွယ်တာလင်းတို့၏ ဖခင်အမည်မှန်မှာ ဦးလှမျိုးအောင် [၇/ဖမန(နိုင်) ၁၄၀၉၃၂] ဖြစ်ပါကြောင်း။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ဒဂုံမြို့နယ်၊ဦးဝိစာရရပ်ကွက် (မင်းမနိုင်)တွင် နေထိုင်သည့်ဦးဇော်မြင့်-ဒေါ်လှလှရီတို့၏သားကိုအောင်ပြည့်ဖြိုး [၁၂/ဒဂန(နိုင်)၀၂၇၀၁၇]သည် မိဘများ၏ ဆိုဆုံးမစကားကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲအောင်ဒုက္ခ အမျိုးမျိုးပေးနေပါသဖြင့် ယခုကြော်ငြာပါသည့်နေ့မှ စ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကိုလုံးဝ (လုံး၀)တာဝန်ယူမည်မဟုတ်ကြောင်းအသိပေးအပ်ပါသည်။

စုံစမ်းမေးမြန်းနိုင်ပါသည်။

ဦးဇော်မြင့်-ဒေါ်လှရီ

တစ်ဦးတည်းဖြစ်ကြောင်း

ဘားအံမြို့ အမှတ်(၁၅၁) အလုပ်ရုံတပ်ခွဲ (လျှပ်/စက်)နေ (ခွဲ တကက) အောင်ခိုင်၏သား မောင်ထိန်လင်း(ခ) မောင်ထိန်လင်းခိုင် [၃/ဘအန(နိုင်) ၃၀၀၀၅၈]သည် တစ်ဦးတည်းဖြစ်ပါသည်။ **ထိန်လင်း(ခ)ထိန်လင်းခိုင်**

ပြင်ဆင်ဖတ်ရှုပါရန်

[illegible]

ဖခင်အမည်မှန်

ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာ အထက(၁)၊ ဒသမတန်း(E)မှ မဇလပ်ဝါ၏ ဖခင်အမည်မှန်မှာ ဦးဝင်းအောင် [၇/ဒဥန(နိုင်)၀၂၇၃၂၉] ဖြစ်ပါသည်။

အမည်ပြောင်း

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထက(၁၁)၊ ဒသမတန်း(A)၊ အဖ (ဦးညီခင်)၏သား မောင်ဇော်ထက်အောင်အား မောင်ဇင်လင်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

အမည်မှန်

ရေကြည်မြို့နယ်၊ မကျီးလဟာ ကျေးရွာအုပ်စု အညာတန်းကျေးရွာနေ ဦးချစ်မင်း၏သား ဦးကိုကိုနိုင် [၁၄/ရကန(နိုင်)၀၈၄၆၆၃] ၏ အမည်မှန်မှာ ဦးမျိုးနိုင်ဦးဖြစ်ပါသည်။

ဦးမျိုးနိုင်ဦး[၁၄/ရကန(နိုင်)၀၈၄၆၆၃]

ဖခင်အမည်မှန်

ထားဝယ်မြို့၊ ကျောက်ရပ်ရွာနေ အထက(၂) ထားဝယ်၊ ပဉ္စမတန်း(C)မှ မောင်လင်းထက်သျှင်နှင့် ဒသမတန်း(D)မှ မောင်မင်းသန့်ဇင်၏ ဖခင် ဦးမျိုးညွန့်ဦး၏ အမည်မှန်မှာ ဦးမျိုးညွန့် [၆/ထဝန(နိုင်)၀၈၃၈၆၄]ဖြစ်ပါသည်။

ပတ်လာဘ် ... Sep 29, Oct 3
55000/ 75000
40000/ 75000
40000/ 75000
65000/ 100000
90000/ 130000
65000/ 130000
Sep 22, 29, Oct 3, 5, 12, 19, 26
09426669001, 09426669002, 09426669003

သွေးသည် အသက်

ဒီမိုကရေစီ ထာဝစဉ်ရှင်သန်ရေး နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ပေး

မောင်သောင်းဝင်း (တမန်ဟောင်း)

နှစ်စဉ် စက်တင်ဘာလ ၁၅ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနက်မှ ဒီမိုကရေစီကျင့်သုံးလျက်ရှိသည့် နိုင်ငံများသည် ၂၀၀၈ ခုနှစ်မှစတင်၍ နှစ်စဉ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားများ ကျင်းပလျက်ရှိကြသည်။ မြန်မာနိုင်ငံတွင်လည်း ပါတီစုံဒီမိုကရေစီစနစ်စတင်ကျင့်သုံးခဲ့သည့် ၂၀၁၁ ခုနှစ်မှစ၍ ပြည်ထောင်စုလွှတ်တော်၏ ဦးဆောင်မှုဖြင့် နှစ်စဉ်ကျင်းပလျက်ရှိရာ ၂၀၁၇ ခုနှစ်ဆိုလျှင် ခုနစ်ကြိမ်မြောက်ရှိပြီဖြစ်သည်။

မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အကြောင်းကို ဂုဏ်ပြုဆောင်းပါးတစ်ပုဒ်မျှ ရေးသားတင်ပြသွားလိုပါသည်။ ဤနေရာတွင် ဒီမိုကရေစီအကြောင်းရေးသားရာ၌ ဆောင်းပါးတစ်ပုဒ်တည်းဖြင့် ကျယ်ပြန့်ပြည့်စုံစွာဖော်ပြနိုင်မည်မဟုတ်ချေ။ ထိုသို့မပြည့်စုံမှုသည် စာရေးသူ၏လေ့လာအားထုတ်မှုအားနည်းချက်သာဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့

အပြည်ပြည်ဆိုင်ရာပါလီမန်များသမဂ္ဂ (Inter-Parlimentary Union-IPU) က ဒီမိုကရေစီကြေညာစာတမ်းထုတ်ပြန်ခဲ့သည့် ၁၉၉၇ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အဖြစ် ရွေးချယ်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ ဆောင်ပုဒ်ကို "In defense of democracy:" "ဒီမိုကရေစီရှင်သန်ဖို့ ပူးပေါင်းကာကွယ်စို့" ဟု သတ်မှတ်ထားကြောင်းလည်း တွေ့ရှိရပါသည်။

ကောင်းမွန်သောရည်ရွယ်ချက်များ

၂၀၀၇ ခုနှစ် (၆၂) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးက အောက်ဖော်ပြပါ ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကို အတည်ပြုဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်-

(၁) ဒီမိုကရေစီစနစ်ကိုလက်ခံကျင့်သုံးလျက်ရှိသည့် အချုပ်အခြာအာဏာပိုင်နိုင်ငံများကို ဂုဏ်ပြုရန်။
(၂) အုပ်ချုပ်ရေးအစိုးရအဖွဲ့များအနေဖြင့် ဒီမိုကရေစီကျင့်စဉ်များကိုအားပေးမြှင့်တင်နိုင်ရန်။
(၃) ပြည်သူများအကြား ဒီမိုကရေစီစိတ်ဓာတ် အစဉ်ရှင်သန်နိုးကြားနေစေရန်။
(၄) ဒီမိုကရေစီကျင့်စဉ်ပြုပြင်ပြောင်းလဲမှုများကို နောင်အနာဂတ်ကာလတွင်ပါ အစဉ်အမြဲ လုပ်ဆောင်နိုင်ကြစေရန်။

ဒီမိုကရေစီဆိုသည်မှာ

ဒီမိုကရေစီ (Democracy) ဆိုသည် ရှေးခေတ် ဂရိလူမျိုးများ၏ ဘာသာစကားမှဆင်းသက်လာခြင်းဖြစ်သည်။ ဂရိလို Demo-Kratia ဟူ၍ စတင်ခေါ်ဝေါ်ခဲ့ခြင်းဖြစ်သည်။ Demos သည် ပြည်သူ (People) ဟူ၍ အဓိပ္ပာယ်ရပြီး kratos သည် အုပ်ချုပ်ရေး (Rule) ဖြစ်သည်။ မြန်မာတို့သည် အင်္ဂလိပ်လို Democracy ကို မြန်မာလိုတိုက်ရိုက်မွေးစားထားခြင်း ဖြစ်သည်။ ဒီမိုကရေစီကို အလွယ်ကူဆုံး အဓိပ္ပာယ်ဖွင့်ဆိုရမည်ဆိုလျှင် "ပြည်သူများ၏ အုပ်ချုပ်ရေးစနစ်၊ ပြည်သူ့အစိုးရစနစ်" ဖြစ်သည်။ ခေတ်သစ်ကာလတွင် ရွေးကောက်ပွဲများ၊ လွှတ်တော်များမှတစ်ဆင့် ပြည်သူကို ကိုယ်စားပြုသည့် အစိုးရအဖွဲ့ကို ရွေးချယ်တင်မြှောက်ကြသည်။ ထိုအစိုးရအဖွဲ့သည် ပြည်သူအတွက် သယ်ပိုးဆောင်ရွက်ပေးကြရသည်။

အမေရိကန်နိုင်ငံ၏ ၁၆ ယောက်မြောက် သမ္မတကြီးဖြစ်သည့် Abraham Lincoln က "Government of the people, by the people and for the people" ဟူ၍ ဆိုခဲ့သည်။ မြန်မာများက အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုကြသည်ကို လေ့လာဖူးပါသည်။ သို့သော် "ပြည်သူ့အကျိုးစီးပွားအတွက် ပြည်သူများ၏ ဆန္ဒနှင့်အညီ အုပ်ချုပ်သောအစိုးရတစ်ရပ်" ဟု ဖွင့်ဆိုနိုင်မည်ထင်ပါသည်။ မည်သို့ပင်ဆိုစေကာမူ ဒီမိုကရေစီသည် ပြည်သူအားလုံးတန်းတူညီမျှ ပြောရေးဆိုခွင့်ရှိသောစနစ်တစ်ရပ်ပင် ဖြစ်သည်။

ဒီမိုကရေစီအနှစ်သာရ

နိုင်ငံသားတိုင်းသည် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းဟူသော ဒီမိုကရေစီအနှစ်သာရများကို ခံစားခွင့်ရှိရမည်ဖြစ်သည်။ ထို့အပြင် လွတ်လပ်စွာ ဖွဲ့စည်းခွင့်၊ ထိုအဖွဲ့အစည်းများတွင်လွတ်လပ်စွာ ပါဝင်နိုင်ခွင့်၊ လွတ်လပ်စွာထုတ်ဖော်ပြသခွင့်၊ နိုင်ငံ့ဝန်ထမ်းအဖြစ် လွတ်လပ်စွာ အရွေးချယ်ခံပိုင်ခွင့်၊ လွတ်လပ်စွာစည်းရုံးခွင့်၊ လွတ်လပ်စွာ သတင်းရယူခွင့်၊ လွတ်လပ်စွာ ရွေးကောက်ပွဲကျင်းပခွင့်နှင့် မဲပေးပိုင်ခွင့်များရှိခြင်းသည်လည်း ဒီမိုကရေစီ၏အနှစ်သာရများပင် ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီသမိုင်းကြောင်း

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးခဲ့သည်။ သို့သော် ဒီမိုကရေစီစနစ်သည် မျှော်မှန်းထားသလောက် ဖွံ့ဖြိုးရှင်သန်ထွန်းကားခဲ့ခြင်းမရှိချေ။ ဝန်ကြီးချုပ် ဦးနုသည် ၁၉၅၈ ခုနှစ် စက်တင်ဘာလတွင် ဝန်ကြီးချုပ်ရာထူးကို ဗိုလ်ချုပ်ကြီးနေဝင်းသို့ ယာယီအားဖြင့် လွှဲပြောင်းပေးခဲ့ရသည်။ ထို့နောက် မြန်မာပြည်သူများသည် ဒီမိုကရေစီဆိတ်သုဉ်းသောဘဝတွင် ဆယ်စုနှစ်များစွာကြာမြင့်အောင်ဖြတ်သန်းခဲ့ကြရသည်။

ထို့ကြောင့် ပြည်သူများသည် လွတ်လပ်မှု၊ တန်းတူညီမျှမှု၊တရားမျှတမှု ကင်းမဲ့သောအခြေအနေများမှ လွတ်မြောက်ရန်အတွက် လှုပ်ရှားဆောင်ရွက်ပြီး တောင်းဆိုခဲ့ကြရသည်။ ပြည်သူများ၏ ကြိုးပမ်းမှုကြောင့် ၂၀၁၁ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးနိုင်ခဲ့ပါသည်။ လက်ရှိအချိန်တွင် ဒီမိုကရေစီလမ်းကြောင်းအစ၌သာ အခြေချရုံမျှရှိနေပါသည်။ ထို ဒီမိုကရေစီစနစ် ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးရေးအတွက် စနစ်တကျ ပြုစုစောင့်ရှောက်မှုများလိုအပ်မည်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံသား တစ်ဦးတစ်ယောက်ချင်းစီ၏ ကြိုးပမ်းမှုများသည်များစွာအရေးပါလျက်ရှိသည်။

ဒီမိုကရေစီစနစ်ဖွံ့ဖြိုးရှင်သန်ရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားအားလုံးကို ဒီမိုကရေစီ အခွင့်အရေးများ အပြည့်အဝအပ်နှင်းထားရှိပါသည်။ ထို့ကြောင့် တိုင်းပြည်အတွင်း ဒီမိုကရေစီစနစ်ကျင့်သုံးရာတွင် နိုင်ငံသားအားလုံးပါဝင်ဆောင်ရွက်ခွင့်ရှိရန် လိုအပ်ပါသည်။ ဒီမိုကရေစီယဉ်ကျေးမှုထွန်းကားနေရန်လည်း လိုအပ်ပါသည်။ အထူးသဖြင့် ပြည်သူများအနေဖြင့်လည်း အခွင့်အရေးနှင့် တာဝန်သိမှု၊ တာဝန်ယူမှုတို့ကို ဟန်ချက်ညီညီကျင့်သုံးနိုင်ရန် လိုအပ်ပါသည်။ ပြည်သူများ၏ စိတ်နေစိတ်ထားရင့်ကျက်ပြည့်ဝမှု၊ အတွေးအခေါ်မြင့်မားမှုနှင့် စည်းကမ်းကောင်းမွန်မှုတို့သည် ဒီမိုကရေစီစနစ်ဖွံ့ဖြိုးရှင်သန်ရေး၏အဓိကအကြောင်းခြင်းရာများပင်ဖြစ်သည်။

ဒီမိုကရေစီအပြည့်အဝရရှိသောနိုင်ငံများ

ကမ္ဘာပေါ်တွင် ဒီမိုကရေစီစနစ်ကျင့်သုံးနေသော နိုင်ငံ ၁၆၇ နိုင်ငံရှိသည်ဟု ဆိုသည်။ သို့သော် နိုင်ငံတိုင်းသည် ဒီမိုကရေစီအပြည့်အဝမရရှိသေးပေ။ ၂၀၁၆ ခုနှစ် ညွှန်းကိန်းများအရ ဒီမိုကရေစီအပြည့်အဝရရှိသော (Full Democracies) နိုင်ငံ ၁၉ နိုင်ငံ၊ အပြစ်အနာအဆာမကင်းသည့် ဒီမိုကရေစီစနစ်ကျင့်သုံးနေသော (Flawed Democracies) နိုင်ငံ ၅၇ နိုင်ငံ၊ ပေါင်းစပ်ထားသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသော (Hybrid Regimes)နိုင်ငံ ၄၀ နှင့် အာဏာရှင်ဆန်သည့် ဒီမိုကရေစီစနစ်ကိုကျင့်သုံးနေသော (Authoritarian Regimes) နိုင်ငံ ၅၁ နိုင်ငံရှိသည်ဟုဆိုသည်။

ဆိုခဲ့ပါနိုင်ငံများအနက် ဒီမိုကရေစီ အပြည့်အဝရရှိသောနိုင်ငံ ၁၉ နိုင်ငံမှာ နော်ဝေ၊ အိုက်စ်လန်၊ ဆွီဒင်၊ နယူးဇီလန်၊ ဒိန်းမတ်၊ ဆွစ်ဇာလန်၊ ကနေဒါ၊ ဖင်လန်၊ ဩစတြေးလျ၊ နယ်သာလန်၊ လူဇင်ဘတ်၊ အိုင်ယာလန်၊ ဂျာမနီ၊ ဩစတြီးယား၊ မော်လ်တာ၊ ဗြိတိန်၊ စပိန်၊ မောရစ်သျှနှင့် ဥရုဂွေးနိုင်ငံတို့ ဖြစ်ကြသည်။ ခြွင်းချက်အနေဖြင့် ဒီမိုကရေစီ၏ ဘိုးအေနိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံ၌ပင်လျှင် ဒီမိုကရေစီ အပြည့်အဝမရရှိသေးသည်ကို တွေ့ရှိရမည်ဖြစ်သည်။ သင်ခန်းစာယူသင့်သော အချက်ပင်ဖြစ်သည်။

နိုင်ငံသားအားလုံး၏ တာဝန်

ဒီမိုကရေစီကျင့်သုံးနေသော မြန်မာနိုင်ငံသားများအနေဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်မှု၊ နားလည်လေးစားမှုတို့ရှိနေရမည့်အပြင် အများစု၏ သဘောထားကိုလိုက်နာရန်နှင့် အနည်းစု၏ သဘောထားကိုလည်း အလေးထားရန်လိုအပ်ပါသည်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ အောင်မြင်ရေးသည် မျိုးဆက်သစ်လူငယ်များအပါအဝင် နိုင်ငံသားအားလုံး၏တာဝန်ပင်ဖြစ်သည်။ ဒီမိုကရေစီစနစ် အောင်မြင်မှုကို ပြည်သူများ၏လူနေမှု တိုးတက်ပြောင်းလဲမှုများနှင့် တိုင်းတာလေ့ရှိရာ အစိုးရတိုင်းသည် ပြည်သူလူထုကိုအလေးအနက်ထားသည့် အပြောင်းအလဲများကို ဆောင်ကြဉ်းနိုင်အောင် ကြိုးပမ်းရလေ့ရှိပါသည်။

ပြောင်းလဲမှုဖော်ဆောင်နိုင်စွမ်းမရှိသောအစိုးရများသည် ပြည်သူများ၏ ထောက်ခံမှုဆုံးရှုံးကြရသည်။ ထိုအစိုးရမျိုးသည် ပြည်သူကိုကိုယ်စားပြုသော အစိုးရတစ်ရပ်အဖြစ် ရပ်တည်နိုင်စွမ်းမရှိတော့ပေ။ ထို့ကြောင့် ပြည်သူကို ကိုယ်စားပြုသည့်အစိုးရတစ်ရပ်ပေါ်ထွန်းရေး၊ သို့တည်းမဟုတ် ဒီမိုကရေစီစနစ်ကျင့်သုံးနိုင်ရေးသည် နိုင်ငံသားအားလုံး၏တာဝန်ပင်ဖြစ်သည်။

ငြိမ်းချမ်းရေးတည်ဆောက်

ရင့်ကျက်ခိုင်မာသည့် ဒီမိုကရေစီစိတ်ဓာတ်၊ ဒီမိုကရေစီအလေ့အထကို ခိုင်မာစွာကျင့်သုံးနေသော နိုင်ငံသားတိုင်းသည် တစ်ဦးကိုတစ်ဦး နားလည်မှု၊ ယုံကြည်မှုနှင့် ခွင့်လွှတ်နိုင်မှုစိတ်ဓာတ်များ ရင့်သန်လာလေ့ရှိကြသည်။ ထို့အပြင်တာဝန်သိမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုစိတ်ဓာတ်များလည်း ပိုမိုမြင့်မားလာလေ့ရှိကြသည်။ ထိုသို့သောအခြေအနေသည် တိုင်းပြည်အတွင်း ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ပါသည်။ အထူးသဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) ဒုတိယအစည်းအဝေး၌ရရှိခဲ့သော သဘောတူညီချက်များမှသည် ထာဝရငြိမ်းချမ်းရေးရရှိအောင် ဖော်ဆောင်သွားရန် လိုအပ်ပါသည်။

ခြုံ၍တင်ပြရလျှင် စက်တင်ဘာလ ၁၅ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ဖြစ်သည်။ ဒီမိုကရေစီကျင့်သုံးနေသော ကမ္ဘာ့နိုင်ငံ ၁၆၇ နိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားများ ကျင်းပကြတော့မည်ဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း ပါတီစုံဒီမိုကရေစီ ကျင့်သုံးလျက်ရှိသည့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ထိုအခမ်းအနားကို (၇)ကြိမ်မြောက်ကျင်းပသွားမည်ဖြစ်သည်။

အမှန်စင်စစ်မှာမူ ဒီမိုကရေစီစနစ်သည် ပြည်သူများ၏ အုပ်ချုပ်ရေးစနစ်၊ ပြည်သူ့အစိုးရစနစ်ဖြစ်သည်။ ဒီမိုကရေစီအစိုးရသည် ပြည်သူ့အကျိုးကို သယ်ပိုးပေးရသည်။ ပြည်သူများသည် လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားခွင့်၊ ယှဉ်ပြိုင်ခွင့်၊ ရွေးချယ်ခွင့်၊ လှုပ်ရှားခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့်များ ရှိနေမည်ဖြစ်သည်။ သို့သော် ပြည်သူများသည် တာဝန်သိမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုစိတ်ဓာတ်များရှိနေရန်လည်းလိုအပ်ပါသည်။

သို့မှသာလျှင် ဒီမိုကရေစီစနစ် ခိုင်မာရင့်ကျက်နေမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံသားများအကြား ဒီမိုကရေစီစိတ်ဓာတ်၊ ဒီမိုကရေစီ အလေ့အကျင့်တို့ကို အရင်းခံကာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်မှု၊ နားလည်လေးစားမှု၊ ချစ်ကြည်ရင်းနှီးမှုတို့ဖြင့် အများ၏သဘောထားကို လိုက်နာသလိုလူနည်းစု၏ သဘောထားကိုလည်း အလေးထားလျက် ဒီမိုကရေစီစနစ် ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးနေမည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို ခိုင်မာအောင် တည်ဆောက်သွားနိုင်ကြပါစေ။ ။

> "ပြည်သူများအနေဖြင့် အခွင့်အရေးနှင့် တာဝန်သိမှု၊ တာဝန်ယူမှုတို့ကို ဟန်ချက်ညီညီ ကျင့်သုံးနိုင်ရန် လိုအပ်. . .
>
> စိတ်နေစိတ်ထားရင့်ကျက်ပြည့်ဝမှု၊ အတွေးအခေါ် မြင့်မားမှုနှင့် စည်းကမ်းကောင်းမွန်မှုတို့သည် ဒီမိုကရေစီစနစ် ဖွံ့ဖြိုးရှင်သန်ရေး၏အဓိက . . .
>
> တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်မှု၊ နားလည်လေးစားမှုတို့ရှိနေရမည့်အပြင် အများစု၏ သဘောထားကို လိုက်နာရန်နှင့် အနည်းစု၏ သဘောထားကိုလည်း အလေးထား . . ."

တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန် မွမ်းမံသင်တန်းဖွင့်

နေပြည်တော် စက်တင်ဘာ ၁၄
ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်၌ အခြေခံကျန်းမာရေးဝန်ထမ်းများအား တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်စေရန်အတွက် တီဘီရောဂါ တိုက်ဖျက်ရေးမွမ်းမံသင်တန်းကို စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီတွင် ပျဉ်းမနားမြို့ ခုတင် ၂၀၀ ဆံ့ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကျန်းမာရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာမျိုးစုကြည်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပျဉ်းမနားမြို့နယ် ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာရဲအောင်ထွန်းက တီဘီရောဂါတိုက်ဖျက်ရေး မွမ်းမံသင်တန်းဖွင့်လှစ်ပေးရခြင်းသည် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကျရာ ကျန်းမာရေးဌာနခွဲများရှိ ကျေးရွာများတွင် တီဘီရောဂါဝေဒနာရှင်များကို ဖော်ထုတ်နိုင်ရန်၊ ဆေးသောက်သုံးလျက်ရှိသော ဝေဒနာရှင်များကိုလည်း သတ်မှတ်ကာလရောက်သည့်အထိ သောက်သုံးနိုင်ရန် ကူညီဆောင်ရွက်ပေးပြီး ဆေးယဉ်ပါး တီဘီရောဂါဝေဒနာရှင်များ မပေါ်ထွက်ရေး ကြိုးစား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် ပျဉ်းမနားမြို့နယ် ကျေးရွာများအတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျန်းမာရေးဌာနခွဲများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဘက်စုံသားဖွားဆရာမများနှင့် ကျန်းမာရေးကြီးကြပ် (၂) စုစုပေါင်း ၄၀ တက်ရောက်ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၁၃ ရက်မှ စက်တင်ဘာ ၁၅ ရက်ထိဖြစ်ကြောင်း သိရသည်။

စိုးမိုး(ပြန်/ဆက်)

မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး

တံတားဦး စက်တင်ဘာ ၁၄
မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA)တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီက တံတားဦးမြို့ အခြေခံပညာ အထက်တန်းကျောင်း ရတနာထွန်းခန်းမ၌ ကျင်းပကြောင်းသိရသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး (MANA) အသင်းဥက္ကဋ္ဌ ဦးလှမြင့် (ရဲမှူးကြီး-ငြိမ်း)က (MANA)အသင်း၏ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး အထက တံတားဦး ကျောင်းသား ကျောင်းသူများက ဆေးလိပ်သောက်ခြင်းအန္တရာယ်ကို တေးသရုပ်ဖော်များဖြင့် တင်ဆက်ကပြ ဖြေဖျော်ကြသည်။

ထို့နောက် (MANA)အသင်း၏ တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာမောင်မောင်က HIV/AIDS ရောဂါအကြောင်းကိုလည်းကောင်း၊ (MANA)အသင်း၏ တွဲဖက်အတွင်းရေးမှူး(၂) ဦးစောလှထွန်းက မူးယစ်ဆေးဝါးနှင့် ပတ်သက်သော ပြစ်မှုနှင့် ပြစ်ဒဏ်များကိုလည်းကောင်း၊ (MANA) အသင်း၏ သတင်းပြန်ကြားရေးတာဝန်ခံ ဦးမိုးသန့်ကျော်က ယနေ့ကျောင်းသားလူငယ်နှင့် အန္တရာယ်အသွယ်သွယ် အကြောင်းကိုလည်းကောင်း ဟောပြောကြသည်။

အဆိုပါအခမ်းအနားသို့ အထက တံတားဦးမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများတက်ရောက်ကြပြီး ကျောင်းသားကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းကြရာ MANA အသင်းမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် အသီးသီး ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

ရဲတင့် (ပြန်/ဆက်)

အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဆင်းပွဲ တိုင်းဒေသကြီး ဝန်ကြီးချုပ်တက်ရောက်

မန္တလေး စက်တင်ဘာ ၁၄
မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သမဝါယမကောလိပ်(မန္တလေး)တို့ ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုစက်ချုပ်သင်တန်းနှင့် ဇာထိုးပန်းထိုးသင်တန်းဆင်းပွဲကို စက်တင်ဘာ ၁၃ ရက် နံနက် ၈ နာရီက သမဝါယမကောလိပ်(မန္တလေး) ရန်ကင်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်အားပေးပြီး သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် သမဝါယမကောလိပ်(မန္တလေး) ကျောင်းအုပ်ကြီး ဒေါ်တင်မူအေးက သင်တန်းများဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များကိုလည်းကောင်း၊ ထာဝရမန္တလေးဖောင်ဒေးရှင်းဥက္ကဋ္ဌက ပညာသင်ထောက်ပံ့ကြေးပေးအပ်ရခြင်း ရည်ရွယ်ချက်များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြပြီး ပညာသင်ထောက်ပံ့ကြေး ကျပ်သိန်း ၆၀ ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်များနှင့် နည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စက်ချုပ်သင်တန်းသူများ၏ ချုပ်လုပ်ထားသော အဝတ်အထည်နှင့် လက်တွေ့စက်ချုပ်နေမှုများကို ကြည့်ရှုအားပေးသည်။

သမဝါယမကောလိပ်(မန္တလေး)အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်းတွင် သင်တန်းသားသင်တန်းသူ ၂၀၊ ဇာပန်းထိုးသင်တန်းတွင် သင်တန်းသားသင်တန်းသူ ၃၀ တို့ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

မကွေးတိုင်းဒေသကြီးတွင် မြန်မာ့ဒီမိုကရေစီရုပ်ရှင်ပွဲတော် ကျင်းပမည်

မကွေး စက်တင်ဘာ ၁၄
အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်လာစေရေး ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ ဦးတည်ဆောင်ရွက်နေစဉ်တွင် လွတ်လပ်ရေးလှုပ်ရှားမှု၊ ဒီမိုကရေစီလှုပ်ရှားမှုနှင့် ပါလီမန်ဒီမိုကရေစီတို့အပေါ် နိုင်ငံသူနိုင်ငံသားများ ပိုမိုစိတ်ဝင်စားလက်ခံတက်ကြွလာစေရန် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာ့ဒီမိုကရေစီပွဲတော် (ရုပ်ရှင်၊ ဂီတ၊ သဘင်)ကို စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

မကွေးတိုင်းဒေသကြီးအတွင်း မြန်မာ့ ဒီမိုကရေစီ ရုပ်ရှင်ပွဲတော်ကို စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်ထိ မကွေးမြို့ရှိ မင်္ဂလာစံပြရုပ်ရှင်ရုံ၊ ရေနံချောင်းမြို့ရှိ ရတနာရုပ်ရှင်ရုံနှင့် ပခုက္ကူမြို့ရှိ သီဟရုပ်ရှင်ရုံများတွင် ဖွင့်ပွဲအခမ်းအနားနှင့် မြန်မာ့ဒီမိုကရေစီ ရုပ်ရှင်ဇာတ်ကား ငါးကားကို ပထမနေ့ပွဲစဉ်မှစ၍ အခမဲ့ပြသပြီးနောက် ကျန်ရက်များတွင် အခကြေးငွေဖြင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံ ၄၄ ရုံတွင် ပွဲတော်ရက်အတွင်း နေခြည်မှာရွှေရည်လောင်း၊ တိမ်ပြာသောနေ့၊ သရာစောထိ၊ ဒီမိုရပ်ကွက်၊ ကြီးမြတ်သောမြန်မာ မြန်မာ့ဒီမိုကရေစီရုပ်ရှင်ဇာတ်ကား ငါးကားကို ပြသသွားမည်ဖြစ်သည်။

မြန်မာ့ဒီမိုကရေစီပွဲတော်(ရုပ်ရှင်၊ ဂီတ၊ သဘင်)ကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွင့်ပွဲအခမ်းအနား ကျင်းပမည့် မကွေးမြို့ မင်္ဂလာစံပြရုပ်ရှင်ရုံတွင် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို စက်တင်ဘာ ၁၃ ရက် ညနေ ၅ နာရီက တိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော် လာရောက်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ သမာသမတ်ကျမှုမြှင့်တင်ရေး ဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၄
ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့ (People's Alliance for Credible Election-PACE)မှ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲများနှင့် ရွေးကောက်ပွဲသမာသမတ်ကျမှုကို မြှင့်တင်ခြင်းအရပ်ဘက်အဖွဲ့အစည်းဖိုရမ်ကို စက်တင်ဘာ ၁၃ ရက်မှ ၁၄ ရက်အထိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီ ခွဲအထိ ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ ဖိုရမ်တွင် ရွေးကောက်ပွဲဖြစ်စဉ်၏ တာဝန်ခံမှုနှင့် ကော်မရှင်၏လွတ်လပ်မှုအမှီအခိုကင်းမှုကိုမြှင့်တင်ခြင်း၊ ရွေးကောက်ပွဲဖြစ်စဉ်ပွင့်လင်းမြင်သာမှုကို မြှင့်တင်ခြင်း၊ ရွေးကောက်ပွဲဖြစ်စဉ်တွင် နိုင်ငံသားများ၏ ပါဝင်မှုကိုမြှင့်တင်ခြင်း၊ ရွေးကောက်ပွဲပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တွင် အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကိုမြှင့်တင်ခြင်း၊ ရွေးကောက်ပွဲသတင်းဆိုင်ရာ အချက်အလက်ရယူပိုင်ခွင့်ကိုမြှင့်တင်ခြင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းနှင့် အကြံပြုချက်များကို အကောင်အထည်ဖော်ခြင်း၊ မဲဆန္ဒရှင်စာရင်းနှင့် ပြုစုခြင်းဖြစ်စဉ်အရည်အသွေးကို မြှင့်တင်ခြင်း၊ နိုင်ငံသားများအားလုံးအကျုံးဝင်သည့် မဲဆန္ဒရှင် အသိပညာပေးအစီအစဉ် အစရှိသည့် အကြောင်းအရာများကို ဆွေးနွေးကြောင်း သိရသည်။

"ဒီဆွေးနွေးပွဲရလဒ်က ကောင်းပါတယ်။ အရပ်ဘက်အဖွဲ့အစည်းတွေ စုစည်းမိတယ်။ အဓိကက လာမယ့် ၂၀၂၀ ရွေးကောက်ပွဲမှာ ဘယ်လောက်အထိ သမာသမတ်ကျမှုလုပ်နိုင်သလဲ၊ သမာသမတ်ကျအောင်လုပ်ဖို့ဆိုရင် ဘာတွေလိုအပ်လဲ၊ ဒီရွေးကောက်ပွဲ ဥပဒေတွေကို ဘယ်လိုမျိုးပြန်ပြီးတော့ ပြင်ကြမလဲ၊ ပြင်တဲ့နေရာမှာ အရပ်ဘက်အဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍ ဘယ်လောက်အထိပါဝင်နိုင်လဲ၊ စောင့်ကြည့်တဲ့အခါမှာ ဘယ်လိုပုံစံမျိုးတွေနဲ့ စောင့်ကြည့်လေ့လာကြမလဲဆိုတာတွေကို ဆွေးနွေးကြတယ်" ဟု MYNFREL အဖွဲ့မှ မဝင်းမြထွန်းက ပြောသည်။

အဆိုပါဆွေးနွေးပွဲတွင် ရွေးကောက်ပွဲဥပဒေပြောင်းလဲချင်ပါက ယနေ့သည် အကောင်းဆုံးအချိန်ဖြစ်ကြောင်း ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့၏ အမှုဆောင်ဒါရိုက်တာ ကိုစိုင်းရဲကျော်စွာမြင့်က ပြောသည်။

"ရွေးကောက်ပွဲဥပဒေမူဘောင်တွေ လုပ်ထုံးလုပ်နည်းတွေကို အကောင်းဆုံးနောက်ဆုံးထားပြီး ပြင်ဆင်သင့်တာတော့ ရွေးကောက်ပွဲ မကျင်းပခင် တစ်နှစ်အလိုဟာအကောင်းဆုံးပဲ။ ဒါဟာ နိုင်ငံတကာပညာရှင်တွေရော ဒေသတွင်းမှာရှိတဲ့ ပညာရှင်တွေပါသဘောတူထားတဲ့ ကိစ္စ၊ ရွေးကောက်ပွဲတစ်နှစ်အလိုဆိုရင် ဥပဒေမူဘောင်တွေငြိမ်ပြီး လုပ်ထုံးလုပ်နည်းတွေ တည်ငြိမ်ပြီဆိုရင် ပညာပေးမယ့်သူပဲဖြစ်ဖြစ်၊ ကိုယ်စားလှယ်ရွေးမယ့်သူပဲဖြစ်ဖြစ် ကိုယ့်ရဲ့ ပါတီဆိုရင်လည်း မဲဆွယ်စည်းရုံးဖို့ကို Platform တွေ၊ နိုင်ငံရေး Platform တွေ တည်ဆောက်ဖို့ အဆင်သင့်ဖြစ်နေပြီ" ဟု ကိုစိုင်းရဲကျော်စွာမြင့်က ပြောသည်။

အဆိုပါဆွေးနွေးပွဲသို့ အနယ်နယ်အရပ်ရပ်မှ အရပ်ဘက်အဖွဲ့အစည်း စုစုပေါင်း ၈၄ ဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

(ဇာနည်မောင်)

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ဇုန်နယ်နိမိတ်ပြင်ဆင်သတ်မှတ်ရေး ဒေသခံပြည်သူများအား အသိပေးရှင်းလင်း

ညောင်ဦး စက်တင်ဘာ ၁၄
ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇုန်နယ်နိမိတ် ပြင်ဆင်သတ်မှတ်မည့်ကိစ္စနှင့်ပတ်သက်၍ ဒေသခံပြည်သူများထံသို့ အသိပေးရှင်းလင်း ဆွေးနွေးပွဲကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ညောင်ဦးမြို့ ရွှေစည်းခုံဘုရား ရင်ပြင်ပေါ်ရှိ ဝေဇယန္တာဗိမာန်တော်ကြီးတွင်လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် ပုဂံမြို့သစ် လောကနန္ဒာကျောင်းတိုက်ရှိ လောကဓမ္မဗိမာန်တော်တွင်လည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူက အဖွင့်အမှာစကား ပြောကြားပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန(ပုဂံဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ဇုန်နယ်နိမိတ် ပြင်ဆင်သတ်မှတ်မည့်ကိစ္စနှင့်ပတ်သက်၍ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ညောင်ဦးမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ခိုင်က ဇုန်နယ်နိမိတ် ပြင်ဆင်သတ်မှတ်မည့်ကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများကိုယ်စား ဒေသခံပြည်သူ ကိုးဦးက ပုဂံ-ညောင်ဦးဒေသအား ရှေးဟောင်းအမွေအနှစ်စာရင်း တင်သွင်းရန် ဇုန်နယ်နိမိတ် ပြင်ဆင်သတ်မှတ်မှုအပေါ် ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ ညောင်ဦးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးဝင်းမြင့်ခိုင်၊ ဦးမြင့်စိန်နှင့် ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင်၊ ညောင်ဦးမြို့နယ်စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ခိုင်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

ပြည်သူတို့၏ယုံကြည်ကိုးစားမှု ရရှိရေးအတွက် ဥပဒေအရာရှိများအနေဖြင့် ကျင့်ဝတ်သိက္ခာနှင့်အညီ တာဝန်ထမ်းဆောင်

ပဲခူး စက်တင်ဘာ ၁၄

ပဲခူးမြို့ မြို့တော်ခန်းမ၌ စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှဥပဒေအရာရှိ ကျင့်ဝတ်တရားဝင်ထုတ်ပြန်ကြေညာခြင်းနှင့်ပတ်သက်၍ကျယ်ပြန့်စွာသိရှိစေနိုင်ရန် ရှင်းလင်းပွဲအခမ်းအနားကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းက ဥပဒေအရာရှိကျင့်ဝတ်ကိုပြည်သူများသိရှိခြင်းဖြင့် အများပြည်သူတို့၏ ယုံကြည်ကိုးစားမှုကိုမြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဥပဒေအရာရှိတွေအနေဖြင့် ကျင့်ဝတ်များကို လေးစားလိုက်နာမှုအားနည်းခဲ့လျှင် အများပြည်သူတို့၏တရားစီရင်ရေးကဏ္ဍတိုးတက်ကောင်းမွန်ရေးကို အထောက်အကူမပြုနိုင်သည့်အတွက် ထိခိုက်လာနိုင်သည့်အပြင် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ထိခိုက်စေမည်ဖြစ်ကြောင်း၊ ပြည်သူတို့၏ ယုံကြည်ကိုးစားမှုကိုရရှိရေးအတွက် ဥပဒေအရာရှိများအနေဖြင့် ကျင့်ဝတ်သိက္ခာနှင့်အညီ တာဝန်ထမ်းဆောင်ကြရန် လိုကြောင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဦးခင်မောင်ရင်နှင့် ဥပဒေချုပ်ဦးအုန်းမြင့်တို့က အမှာစကားပြောကြားပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေအကြံပေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာဒေါ်သီတာဦးက ဥပဒေအရာရှိ ကျင့်ဝတ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ ရှင်းလင်းပွဲသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ဝန်ကြီးများ၊ ဥပဒေချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ တိုင်းဒေသကြီးတရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲအဖွဲ့ခေါင်းဆောင်များနှင့်အဖွဲ့ဝင်များ၊ လွှတ်တော်ကော်မတီအသီးသီးမှတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊နိုင်ငံရေးပါတီများနှင့် သတင်းမီဒီယာများတက်ရောက်ကြကြောင်း သိရသည်။

တင်စိုး(ပဲခူး)

နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူများ၏ လိုအပ်ချက်များကို ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်

ဟိုပင် စက်တင်ဘာ ၁၄

ကချင်ပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်သည့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီခွဲခန့်က ဟိုပင် အထက်တန်းကျောင်းရှိ တေဇခန်းမဆောင်၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ်တွင် ငြိမ်းချမ်းရေး၊ မူးယစ်ဆေးဝါးပပျောက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအစရှိသည်များနှင့် ပတ်သက်သည့် ကိစ္စရပ်များတွင် ပြည်သူလူထုမှလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းဆောင်ရွက်ကြရန်၊ ဒေသခံပြည်သူများအနေနှင့်လည်း ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် အကြံဉာဏ်များ ပေးကြရန်နှင့် ဒေသခံအချင်းချင်းကြားတွင် မေတ္တာတရားများ ထားရှိကြရန်၊ နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူ့ဝန်ကို ထမ်းဆောင်ရန် ခန့်အပ်ထားခြင်းဖြစ်သောကြောင့် ပြည်သူများ၏ လိုအပ်ချက်များကို ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဟိုပင်မြို့ မြို့တော်ခန်းမ တည်ဆောက်ရန်အတွက် မင်္ဂလာပန္နက်တိုင်များ စိုက်ထူပေးခဲ့ကြကာ ဟိုပင်ဆေးရုံကြီးအား ၂၅ ခုတင်ဆံ့မှ ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန်အတွက်လည်း စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

မင်းမင်းဦး

ဖော်ထုတ်ပြီးသော လယ်ယာမြေများ တောင်သူများသို့ ပေးအပ်

လဟယ် စက်တင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ မျှဝေခြင်း အစီအစဉ်ဖြင့် ဖော်ထုတ်ပြီးစီးခဲ့သော လယ်ယာမြေ ၁၁ ဧကကျော်အား တောင်သူများထံသို့ ပေးအပ်ပွဲကို စက်တင်ဘာ ၁၃ ရက် မွန်းတည့် ၁၂ နာရီက ဂဟုန်းကျေးရွာအုပ်စု စံပြကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် နာဂဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းက အမှာစကားပြောကြားပြီး လဟယ်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇင်မင်းဌေးက ဖော်ထုတ်ပြီးသော လယ်ယာမြေများအား တောင်သူများထံသို့ လွှဲပြောင်းပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌဦးကေဆိုင်းနှင့် တာဝန်ရှိသူများက လဟယ်မြို့နယ် စံပြကျေးရွာ၌ မျှဝေခြင်းအစီအစဉ်ဖြင့် ဖော်ထုတ်ပြီးခဲ့သော လယ်ယာမြေ ၁၁ ဒသမ ၈၁ ဧကကို ဂဟုန်းကျေးရွာရှိ အိမ်ထောင်စု သုံးစု၊ စံပြကျေးရွာရှိ အိမ်ထောင်စု ၁၈ စု စုစုပေါင်း အိမ်ထောင်စု ၂၁ စုထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

မင်းခန့်စိုး(ဇေယျာမြေ)

ခါကာဘိုရာဇီ အမျိုးသားဥယျာဉ် တိုးချဲ့(အဆိုပြု)ဖွဲ့စည်းမည့် လုပ်ငန်းစဉ်များဆိုင်ရာ အလုပ်ရုံဆွေးနွေး

မချမ်းဘော စက်တင်ဘာ ၁၄

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်တိုးချဲ့(အဆိုပြု)ဖွဲ့စည်းမည့် လုပ်ငန်းစဉ်များဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ပူတာအိုခရိုင် မချမ်းဘောမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မလိခခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဝင်းက အဖွင့်အမှာစကားပြောကြားပြီး သားငှက်ထိန်းသိမ်းရေးအဖွဲ့ WCS မြန်မာနိုင်ငံအစီအစဉ်မှ (senior technical coordinator)ဒေါ်မြင့်မြင့်ဦးက အလုပ်ရုံ ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် ခါကာဘိုရာဇီအမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးအောင်မောင်းက ခါကာဘိုရာဇီတိုးချဲ့မည့် လုပ်ငန်းစဉ်များ၊ ကြေးတိုင်ပုံစံများနှင့် ကြေးတိုင်လုပ်ငန်းစဉ်များကိုရှင်းလင်းဆွေးနွေးပြီး အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူများက မချမ်းဘောမြို့နယ်အတွင်း (ကြေးတိုင်လုပ်ငန်းစဉ်ကွင်းဆင်း) လိုက်ပါမည့်သူများ ပြန်လည်အတည်ပြုဖွဲ့စည်းခြင်းနှင့် စာရင်းသွင်းခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်းတို့ကိုပြုလုပ်ခဲ့ကြသည်။

ဆက်လက်၍ သားငှက်ထိန်းသိမ်းရေးအဖွဲ့ WCS မှ Deputy technician ,GIS $ RS ဦးဝင်းသူရထွဋ်က (၂၀၁၆-၂၀၁၇)ခုနှစ်အတွင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ WCS မှဆောင်ရွက်ခဲ့သော “participatory land us process-plup လုပ်ငန်းရလဒ်များ” နှင့်ကွင်းဆင်းဆောင်ရွက်မည့် ကြေးတိုင်လုပ်ငန်းစဉ်များတွင် WCS မှ ပံ့ပိုးကူညီဆောင်ရွက်မည့်လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

တာချီလိတ်၌ လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေး

တာချီလိတ် စက်တင်ဘာ ၁၄

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ကြီးမှူးကျင်းပသည့် လူ့အခွင့်အရေးဆိုင်ရာ အသိပညာများ ပြန့်ပွားစေရန်နှင့် သိရှိနားလည် မှန်မှန်ကန်ကန်ကျင့်သုံးနိုင်ရေးရည်ရွယ်၍ လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ အောင်မြတ်ခန်းမ၌ ကျင်းပကြောင်း သိရသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က လူ့အခွင့်အရေးဆိုင်ရာ အခြေခံအနှစ်သာရများ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း ရှင်းလင်းဆွေးနွေးပြီး ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းစတင်ဖြစ်ပေါ်လာပုံနှင့် ကြေညာစာတမ်းပါ အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက လူ့အခွင့်အရေးနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။ အလားတူ လူ့အခွင့်အရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၁ ရက်က မိုင်းယောင်းမြို့တွင်လည်းကောင်း၊ စက်တင်ဘာ ၁၂ ရက်က မိုင်းဖြတ်မြို့နှင့် တာလေမြို့တို့တွင်လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ရာ တာချီလိတ်မြို့တွင် ရှင်းလင်းဆွေးနွေးမှုမှာ (၉၁)ကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

ဝေယံလင်း(ပြန်/ဆက်)

မှူခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး

သန်လျင် စက်တင်ဘာ ၁၄

အမှတ် (၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲအုပ်သိန်းဌေး၊ အမှတ် (၄၃) မူးယစ်တပ်ဖွဲ့စုမှ တပ်ကြပ်ကြီးမင်းဇော်အောင်၊ သန်လျင်မြို့နယ်ရဲတပ်ဖွဲ့မှူး (ယာယီ) ရဲမှူးသန်းဝင်း၊ သန်လျင်မြို့မရဲစခန်းမှူး ဒု-ရဲမှူးဇော်ထွန်း၊ အမှတ် (၆၀) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ဒု-ရဲမှူးထွန်းကိုလတ်တို့အဖွဲ့သည် စက်တင်ဘာ ၁၃ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ မှူခင်းပညာပေးပြခန်းယာဉ်ဖြင့် သန်လျင်မြို့ဘုရားကုန်းကျေးရွာအုပ်စု ကျိုက်ခေါက်ဘုရားလမ်းတွင် ပြည်သူလူထုအား မှူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ဝန်ဆောင်မှုကိုရှေးရှုသောရဲလုပ်ငန်းစနစ်ဆောင်ရွက်မှုကို ပြည်သူများသိရှိနိုင်ရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာစေရေး၊ လူကုန်ကူးမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများကို ဟောပြော၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

အောင်ဆွေ (ရွှေတံတား)

သမဝါယမအသင်းလီမိတက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာစည်းဝေး

ဒဂုံမြို့သစ်(ဆိပ်ကမ်း) စက်တင်ဘာ ၁၄

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၇၈) ရပ်ကွက် အောင်မြေဘုန်းတော်ကြီး ပညာရေးစာသင်တိုက်ကျောင်းခန်းမ၌ စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ယုဇနသယ်ယူပို့ဆောင်ရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပရာ အသင်းသား အသင်းသူ ၁၂၀ ကျော် တက်ရောက်သည်။

ယင်းနောက် အောင်မြေဘုန်းတော်ကြီးပညာရေးစာသင်တိုက်ကျောင်း၌ မူလတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူ ၇၀၀ ကျော်တို့ သောက်သုံးရန်အတွက် ငွေကျပ် ၁၂ သိန်းတန်ဖိုးရှိ ရေသန့်စက်ကို လှူဒါန်းခဲ့သည်။

နှစ်ရှည်အငှားယာဉ်မောင်းဘဝမှ ယာဉ်ပိုင်ရှင်အဖြစ်သို့ ရောက်ရှိသွားရသည်မှာ မြို့နယ်သမဝါယမအသင်း၏ ကျေးဇူးဖြစ်ကြောင်း အသင်းသားယာဉ်ပိုင်ရှင် ဦးဆန်းနိုင်က ဝမ်းသာပီတိစကားပြောကြားသည်။

(၅၁၂)

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

ပြည်သူနှင့်ဥပဒေ

မောင်စာဂ

‘ပြည်သူ့အတွက်ဥပဒေ’ဟူ၍ ဆောင်းပါးတစ်ပုဒ် ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။ ဥပဒေသည် ပြည်သူ့အတွက် ဖြစ်ရမည်။ ပြည်သူကိုမျက်နှာမူရမည်။ ပြည်သူများ၏ ကောင်းကျိုးကို ရှေးရှုရမည်။ ပြည်သူတွေ လိုက်နာနိုင်သော ဥပဒေဖြစ်ရမည်။ ပြည်သူ့အတွက် ဥပဒေဖြစ်ဖို့ ဆိုလျှင် ဥပဒေပြုရာတွင် ပြည်သူများ ကိုယ်စားပြု ပါဝင်နိုင်ကြရမည်။

ပြည်သူတွေအတွက် ဥပဒေတွေ ပေါ်ပေါက်လာလျှင်၊ ဥပဒေသည် ပြည်သူတွေအတွက် ဖြစ်နေလျှင် ပြည်သူတွေ ဥပဒေကို ကြောက်ရွံ့ကြတော့မည်မဟုတ်။ ဥပဒေကို လိုက်နာမည်၊ လေးစားမည်၊ တန်ဖိုးထားမည်၊ ဥပဒေနှင့်ပြည်သူ၊ ပြည်သူနှင့်ဥပဒေခွဲခြားမရ၊ တစ်သားတည်းရှိနေမည်။ ဤသို့ ဆင်ခြင်စောကြောမိပြန်သဖြင့် ‘ပြည်သူ့အတွက်ဥပဒေ’ ဆောင်းပါး၏အဆက်အဖြစ် ဤဆောင်းပါးကို ရေးလိုက်ရသည်။

ပြည်သူ့အတွက် ဥပဒေဖြစ်ဖို့ဆိုလျှင်

ဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ဗဟိုအဖွဲ့အစည်းများက လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်၍ ဆောင်ရွက်ကြရသည်။ ထိုထုတ်ပြန်ချက်အသီးသီးတို့သည် မူရင်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျော်လွန်၍မရပါ။ ဆန့်ကျင်၍လည်းမရပါ။ မူရင်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်ရသည်။

ဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေကိုလိုက်နာဖို့ ဥပဒေကိုလေးစားဖို့ ပြည်သူတွေကို ဥပဒေအသိပညာတွေ ပေးရမည်ဆိုသည်ကား မှန်ပါ၏။ သို့ရာတွင် ထိုထက်ပိုမိုအရေးကြီးသည်က ဥပဒေကိုအကောင်အထည်ဖော်ဆောင်ရွက်ပေးကြရသည့် အဆင့်ဆင့်သော ဝန်ထမ်းများပင်ဖြစ်သည်။ ဝန်ထမ်းများက မိမိတို့နှင့် သက်ဆိုင်သည့်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ ကောင်းမွန်ကျေညက်စွာသိရှိနားလည်ထားရမည်။ မှန်မှန်ကန်ကန် လုပ်ကိုင်ဆောင်ရွက်တတ်ကြရမည်။ အဆင့်ဆင့်သော ဝန်ထမ်းများအား စဉ်ဆက်မပြတ် သင်တန်းတွေပေးနေကြရမည်။ ဝန်ထမ်းကသာ ဥပဒေကို လိုက်နာလျှင် ပြည်သူတွေ အလိုလိုပါလာမည်။ ဝန်ထမ်းက ဦးစွာပထမဖြစ်သည်ကို ဆိုချင်ပါသည်။

ဝန်ထမ်းသည် ပြည်သူ့အတွက်ပါ

ပြည်သူ့အတွက်ဥပဒေတွေ ပြဋ္ဌာန်းပေးရသည်။ ဥပဒေတွေသည် ပြည်သူ့အတွက်ဖြစ်သည်။ ပြည်သူ့အတွက်ဥပဒေတွေကို အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရသည့် ဝန်ထမ်းများသည်လည်း ပြည်သူ့အတွက် ဝန်ထမ်းများဖြစ်ကြသည်။ ပြည်သူ့ဝန်ကို ထမ်းဆောင်ရသည့် ပြည်သူ့ဝန်ထမ်းများ ဖြစ်ကြသည်။ ပြည်သူ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ လူတန်းစားတစ်ရပ်မဟုတ်ပါ။ ပြည်သူထဲကပြည်သူများ၊ နိုင်ငံသားများထဲက နိုင်ငံသားများဖြစ်ကြသည်။

ပြည်သူနှင့် နိုင်ငံတော်ကို အလုပ်အကျွေးပြုရသည်။ ပြည်သူတွေ၏ ကောင်းကျိုးချမ်းသာများကို သယ်ပိုးရွက်ဆောင်ကြရသည်။ ပြည်သူတွေအတွက် လိုအပ်သည့် ဝန်ဆောင်မှုများကို ပေးကြရသည်။ ပြည်သူ့ဝန်ထမ်းများသည်ကား မြင့်မြတ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခွင့်ရရှိထားကြသည်။ မြင့်မြတ်သော နှလုံးသားပိုင်ရှင်များဖြစ်နေကြသည်။ ပြည်သူ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်ရသည်မှာ ဂုဏ်ယူဝင့်ကြွားစရာ ကောင်းလှတော့သည်။

မှတ်မှတ်သားသား တွေ့ကြုံခဲ့ရသည်များ

ဝန်ထမ်းဘဝ မှတ်မှတ်သားသားတွေ့ကြုံခဲ့ရသည်များ ဖော်ပြပါရစေ။ မကောင်းမြင်မရှိပါ။ အပြစ်သဘော ရှုမြင်ခြင်းမဟုတ်ပါ။ အပြုသဘောအသွင်သာဖြစ်သည်။ အမှန်မြင်မှ အမှားကို ပြင်နိုင်မည်။ အမှားကို သိမှအမှန်သို့ရောက်နိုင်မည်။ အနာသိမှ ဆေးရှိသည်။ အရှိတရားကိုသိမှ အသိတရားတွေကို တိုးပွားနိုင်သည်။ အသိတရားတွေ ဆင်ခြင်နိုင်အောင်၊ အမှန်သို့ရောက်အောင်၊ အကောင်းဘက်သို့ ဦးတည်နိုင်အောင် သက်သက်မျှသာ။

တာဝန်အရ ဥပဒေနှင့်အညီဆောင်ရွက်ကြရာတွင် တာဝန်နှင့် လုပ်ပိုင်ခွင့်ကို အကြောင်းပြု၍ ဝင်ငွေရပေါက်ရလမ်းရှိသော ရုံး၊ ဌာနနှင့် ဝင်ငွေ ရပေါက်ရလမ်းမရှိသော ရုံး၊ ဌာနဟူ၍ ပေါ်ပေါ်လွင်လွင်ဖြစ်လာသည်။ ဝင်ငွေရပေါက်ရလမ်းများသော နေရာဒေသနှင့် ဝင်ငွေရပေါက်ရလမ်းနည်းသော နေရာဒေသဟူ၍ ထင်ထင်ရှားရှား ပေါ်လာသည်။ ရာထူးအဆင့်ချင်းတူပါလျက် ဝင်ငွေရပေါက်ရလမ်း မရှိသောရုံး၊ ဌာနတွင် လုပ်ကိုင်ခြင်းမပြုလိုကြ။ ဝင်ငွေရပေါက်ရလမ်းရှိသောရုံး၊ ဌာနများတွင်သာ ဝင်ရောက်လုပ်ကိုင်လိုကြသည်။ အလုပ်ဝင်ရောက်လုပ်ကိုင်ပြီးသည့်တိုင် အလိုမပြည့်ကြသေး၊ ဝင်ငွေရပေါက်ရလမ်းများသည့် မြို့နယ်ဒေသများသို့သာ သွားရောက်တာဝန်ထမ်းဆောင်လိုကြသည်။ သွားရောက် တာဝန်ထမ်းဆောင်နိုင်ဖို့ အပြိုင်အဆိုင်၊ အလုအယက်တွေ အောထလာကြသည်။

စားကျက်မြေသဖွယ် အသုံးချခံနေရပြီ

သိက္ခာရှိသော ရုံးဌာနများရှိပါသည်။ ဖြူစင်ရိုးသားဖြောင့်မတ်သော ဝန်ထမ်းကောင်းများလည်း ရှိကြပါသည်။ ၎င်းတို့ကို မရည်ညွှန်းလိုပါ။ ၎င်းတို့အတွက် အစဉ်ဂုဏ်ယူနေမိသည်။ ၎င်းတို့၏ အောင်မြင်မှုရလဒ်တွေ စဉ်ဆက်မပြတ် ရှိနေသည်ကိုလည်း ပီတိဖြစ်နေမိသည်။ ပြည်သူချစ်သော ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းစစ်စစ်များ ရုံးဌာနများတွင်ရှိနေကြပါသည်။

သို့သော် အချို့ဝန်ထမ်းများကတော့ ရုံးဌာနကို သူတို့၏စားကျက်မြေသဖွယ် အသုံးပြုခဲ့ကြသည်။ အချို့အချို့ ကိုယ်ကျိုးစီးပွား ရှေ့တန်းတင်သူများကလည်း ဝန်ထမ်းများကို အသုံးချကြသည်။ အပေးအယူများ လုပ်လာကြသည်။ ရိုးသားသောဝန်ထမ်းများကိုပင် ဆွဲဆောင်လာကြသည်။

သို့ဖြင့် ဝန်ထမ်းလောက၏ ဂုဏ်သိက္ခာနှင့် ကျင့်ဝတ်စည်းကမ်းများ ယိမ်းယိုင်လာသည်။ လက်ဆောင်ပစ္စည်း၊ ငွေကြေးတစ်စုံတစ်ရာ မရလျှင် ဆောင်ရွက်မပေးချင်ကြ။ ရသွားလျှင်တော့ အဆင်ပြေချောမောမှုက မြန်မြန်ဆန်ဆန်ပင်။ သို့ဖြင့် ရလေလိုလေ လောဘတွေအတောမသတ်နိုင်။ ကြာလာတော့ အပေးအယူသည် ဓလေ့ထုံးစံဖြစ်လာပြီး စိတ်ဓာတ်တွေ ပျက်ပြားလာရတော့သည်။

ရုံး၊ ဌာနဟူသည် ပြည်သူကို အလုပ်အကျွေးပြုသောနေရာ

ရုံး၊ ဌာနများကို ပြည်သူတွေအတွက် အကျိုးဆောင်ပေးရသည့်နေရာ၊ ပြည်သူတွေကို ဝန်ဆောင်မှုပေးသည့်နေရာ၊ အလုပ်အကျွေးပြုသည့်နေရာ၊ ပြည်သူ့ဝန်ကို ထမ်းဆောင်ရသည့်နေရာ၊ မြင့်မြတ်သောနေရာ၊ တန်ဖိုးကြီးမားလှသော နေရာဟုမသိကြ၊ မမြင်ကြတော့။ သိနိုင်စွမ်း၊ မြင်နိုင်စွမ်းမရှိကြတော့။ လုပ်ပိုင်ခွင့်ကို အကြောင်းပြု၍ မိမိတို့၏ ကိုယ်ကျိုးစီးပွားအတွက် ဆောင်ရွက်ရာနေရာ၊ စားကျက်မြေနေရာဖြစ်သည်ဟု မှတ်ယူလိုက်ကြတော့သည်။ တာဝန်ထက် အခွင့်အရေးကို မျှော်ကိုးလာကြသည်။ ပို၍ပို၍ ကောင်းမွန်သော စားကျက်မြေနေရာဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်ခွင့်ရရန် အလုအယက်ဖြစ်ကြပြန်သည်။ တာဝန်ရှိသူ အကြီးအကဲများထံ နည်းမျိုးစုံဖြင့် အပြိုင်အဆိုင်ချဉ်းကပ်ကြသည်။ စားကျက်မြေ အလုအယက်ပြိုင်ပွဲတွင် ဆင့်ကဲဆင့်ကဲတာဝန်ရှိသူတွေ ထိပ်ဆုံးပိုင်းအထိ ပါလာရတော့သည်။

အချို့သောသူတို့သည် မိမိတို့ရုံး၊ ဌာနကို ကိုယ်ပိုင်ပစ္စည်းထားရှိရာ ဂိုဒေါင်ကဲ့သို့ မှတ်ယူသည်။ ပြည်သူတွေပိုင်ဆိုင်သည့်ပစ္စည်းများကို လုပ်ငန်းအကြောင်းပြ ထုတ်ယူ ကိုယ်ကျိုးအသုံးပြုကြသည်။ အချို့က ကိုယ်ပိုင်ငွေစုဘဏ်တိုက်သဖွယ် အသုံးချသည်။ ပြည်သူအားလုံးပိုင်ဆိုင်သည့် ငွေကြေးများကို နည်းလမ်းမျိုးစုံဖြင့်ထုတ်ယူ ကိုယ်ကျိုးအသုံးပြုသည်။ လိုတရဖြစ်ကြသည်။ ဘုန်းတွေကံတွေကြောင့်ဟု ဆိုကြသည်။ လုပ်တတ်ကိုင်တတ်ကြသည်၊ ပါးနပ်လိမ္မာကြသည်ဟု ထောပနာပြုကြသည်။ မှန်ပေသည်။

အတိတ်၏ ဘုန်းကံတွေကြောင့် ထိုသို့သော ရာထူး၊ လုပ်ပိုင်ခွင့်တွေရကြသည်။ ဘုန်းတွေကံတွေရှိ၍ ရလာသော ရာထူးနေရာတွင် ပြည်သူ့အကျိုး၊ နိုင်ငံအကျိုး၊ အများကောင်းကျိုး လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သော်လည်း ဥပဒေကို လက်တစ်လုံးခြားပြု၍ မရိုးမဖြောင့်၊ မမှန်မကန် ကိုယ်ကျိုးရှာကြသည်။ အတိတ်ကပါလာသော ဘုန်းကံအရှိန်အဝါတွေ ကုန်ခန်းသွားလျှင်တော့ ထိုမကောင်းမှု လုပ်ရပ်များက ပြန်လည်အကျိုးပေးတော့မည်။

အကျိုးဆက်ကတော့ ခံရသည်မှာ ပြည်သူ၊ ဆုံးရှုံးရသည်မှာ နိုင်ငံတော်။ ပြည်သူတွေ မောပန်းရသည်။ နိုင်ငံတော်ညှိုးငယ်ရသည်။ ဥပဒေ၏ တန်ခိုးအာနိသင်တွေ မှေးမှိန်ရတော့ သည်။ အစိုးရအပေါ် ပြည်သူတွေ အယုံအကြည်မရှိတော့၊ ဝန်ထမ်းတွေအပေါ် ပြည်သူတွေ အားကိုးအားထားပြုလို့မရတော့။ ဥပဒေအပေါ် ပြည်သူတွေ အလေးမထားတော့၊ ဥပဒေကိုပင် ကြောက်ရွံ့လာကြတော့သည်။ ပြည်သူနှင့်အစိုးရ၊ ပြည်သူနှင့်ဝန်ထမ်း၊ ပြည်သူနှင့်ဥပဒေတစ်သားတည်း မရှိတော့၊ တသီးတခြားစီ ဖြစ်သွားရသည်။

ပြည်သူနှင့်ဥပဒေ တစ်သားတည်းဖြစ်ဖို့ဆိုလျှင်

ပြည်သူနှင့် ဥပဒေ တစ်သားတည်းဖြစ်ဖို့ဆိုလျှင် ဥပဒေပြုအဖွဲ့က ပြည်သူ့အတွက် ဥပဒေတွေပြဋ္ဌာန်းပေးပြီးရုံသက်သက်ဖြင့် မလုံလောက်သေး။ ဥပဒေတွေက ပြည်သူတွေအတွက် ဖြစ်နေပြီဆိုရုံနှင့် ပြီးမြောက်သည်ဟုမဆိုနိုင်သေး။ ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နေရသည့်ရုံး၊ ဌာနအသီးသီးမှ အဆင့်ဆင့်သောဝန်ထမ်းများသည် ထိုထိုသော ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ပုဗ္ဗ၊ မုဥ္စ၊ ပရတည်းဟူသော စေတနာသုံးတန်ရှေ့ထား၍ ကြိုးစားဆောင်ရွက်ပေးကြဖို့ အမှန်တကယ် လိုအပ်မည်ဖြစ်သည်။

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတည်းဟူသော မဏ္ဍိုင်ကြီးသုံးရပ်စနစ်တကျ အပြန်အလှန်ထိန်းကြောင်းမှု အစဉ်တစိုက် အားကောင်းဖြစ်ထွန်းနေရမည်။ စတုတ္ထမဏ္ဍိုင်ဟုခေါ်ဆိုအပ်သော သတင်းမီဒီယာမဏ္ဍိုင်(ပြည်သူ့မဏ္ဍိုင်) ကလည်း အပြုသဘောအသွင်၊ ဥပဒေစိတ်ထား၊ ဒီမိုကရေစီစိတ်ထား အမြင်များဖြင့် ပွင့်လင်းမြင်သာစွာ ဝေဖန်၊ ထောက်ပြ၊ အကဲခတ်မှုများ ပီပီပြင်ပြင် ထင်ထင်ရှားရှားရှိနေဖို့ လိုအပ်သည်။

မဏ္ဍိုင်ကြီးသုံးရပ်တွင် ပါဝင်ထမ်းဆောင်လျက်ရှိနေကြသည့် အဆင့်ဆင့်သော ပြည်သူ့ဝန်ထမ်းများသည် မိမိတို့၏ရုံး၊ ဌာနများကို မိမိတို့၏ အတ္တကိုယ်ကျိုးအတွက် အသုံးချခြင်းမျိုး ရှောင်ကြဉ်ရမည်။ ပြည်သူ့ဝန်ကို ထမ်းဆောင်သည့်နေရာ၊ ပြည်သူတွေကို ဝန်ဆောင်မှုပေးနေသည့်နေရာ၊ ပြည်သူတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးသည့်နေရာဟူ၍ စွဲစွဲမြဲမြဲ နှလုံးသွင်းကာ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ပြီး လုပ်ပိုင်ခွင့်ကို မူဘောင်အတွင်းက မှန်ကန်စွာအသုံးချဆောင်ရွက်ခြင်းဖြင့် ပြည်သူနှင့်နိုင်ငံတော်အတွက် ကောင်းကျိုးများစွာ ရရှိနိုင်မည်ဖြစ်သည်။

စိတ်ဓာတ်တွေ ပြောင်းလဲကြရတော့မည်

၂၇-၇-၂၀၁၇ ရက်နေ့က နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပပြုလုပ်သည့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန နှစ်ပတ်လည်အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံဒီမိုကရေစီ တည်ဆောက်ရာတွင် အဓိကအချက်မှာ စိတ်ဓာတ်ပြောင်းလဲရေးဖြစ်ကြောင်း၊ စိတ်ဓာတ်ကို မပြောင်းလဲပါကမည်သည့်အရာမျှ ထိထိရောက်ရောက် ပြောင်းလဲနိုင်မည်မဟုတ်ကြောင်း၊ ပြည်သူပြည်သားများ၊ နိုင်ငံသူနိုင်ငံသားများ စိတ်ဓာတ်ပြောင်းလဲစေချင်သည်ဆိုလျှင် ပြည်သူကရွေးချယ်တင်မြှောက်လိုက်သော ခေါင်းဆောင်များနှင့် နိုင်ငံ့ဝန်ထမ်းများပါဝင်သည့် အစိုးရဘက်က စတင်ပြီးပြောင်းလဲရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံ့ဝန်ထမ်းများ တာဝန်ကို ထမ်းဆောင်သည့်အခါ နှစ်ပေါင်းများစွာ လုပ်ဆောင်ခဲ့သည့်အတိုင်း ဆက်ပြီးလုပ်ရန်မဖြစ်ပါကြောင်း၊ ပြည်သူနှင့်အစိုးရအကြား ယုံကြည်မှုရှိအောင် တည်ဆောက်ရန်နှင့် ဝန်ထမ်းများ သိက္ခာရှိပြီဆိုလျှင် နိုင်ငံသိက္ခာရှိပါကြောင်း၊ ဝန်ထမ်းများအတွက် ပြည်သူလူထုက ဂုဏ်ယူနိုင်ပြီဆိုလျှင် နိုင်ငံအတွက်လည်း ဂုဏ်ယူနိုင်ပါကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မိန့်ဆိုခဲ့သည့် လမ်းညွှန်ချက်ကို ပြည်သူ့ဝန်ထမ်းအားလုံးက အလေးဂရုပြုနှလုံးသွင်းထားကြဖို့လိုအပ်သည်။ ပြည်သူ့အုပ်ချုပ်ရေးဖြစ်ထွန်းလာပြီ။ ပြည်သူ့အတွက် ပြည်သူ့ဥပဒေတွေ ပေါ်ပေါက်လာပြီ။ ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်ကြဖို့ စိတ်ဓာတ်တွေ ပြောင်းလဲကြရပါတော့မည်။ ပြည်သူ့ဝန်ထမ်းပီပီ ပြည်သူကို အလုပ်အကျွေးပြုရာတွင် ပြည်သူ့အတွက် ဥပဒေများကို မိမိတို့ကိုယ်တိုင် လေးစားလိုက်နာ ကျင့်သုံးကြဖို့လိုသည်။ ဝန်ထမ်းကောင်းမှ တိုင်းပြည်ကောင်းမည်။

အချုပ်အားဖြင့်ဆိုရလျှင် ပြည်သူကိုမဏ္ဍိုင်ပြု၍ ပြည်သူ့အတွက်ဥပဒေနှင့်အညီ ပြည်သူ့ဝန်ထမ်းများက ပြည်သူ့အကျိုးရှေးရှုလျက် စိတ်ကောင်း စေတနာအမှန်ဖြင့် ကိုယ်စီတာဝန်ကျေပွန်ကြမည်ဆိုလျှင် ပြည်သူနှင့် ဥပဒေ၊ ဥပဒေနှင့် ဝန်ထမ်းတစ်စိတ်တစ်ဝမ်းတည်းဖြစ်နေပေလိမ့်မည်။ သို့ဖြင့် ပြည်သူနှင့် နိုင်ငံတော်၏ အကျိုးကို အစဉ်ရှေးရှုဦးတည်ဆောင်ရွက်နေသော အစိုးရနှင့် ပြည်သူသည်လည်း မကွဲမခြားတစ်သားတည်းရှိနေမည်ဟု ယုံကြည်မိကြောင်းပါ။

ပြည်သူ့အတွက် ဥပဒေ၊ ပြည်သူ့အတွက်ဖြစ်ပါစေ။

ပြည်သူနှင့်ဥပဒေ၊ ဥပဒေနှင့်ပြည်သူ တစ်သားတည်းရှိနေပါစေ။ ။

မြန်မာ့ဒီမိုကရေစီရုပ်ရှင်ပွဲတော်တွင် ပြသမည့်ဇာတ်ကားများနှင့် မိတ်ဆက်ခြင်း

အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ဖြစ်သည့် စက်တင်ဘာ ၁၅ ရက်မှ အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ဖြစ်သည့် စက်တင်ဘာ ၂၁ ရက်တိုင် ကျင်းပမည့် မြန်မာ့ဒီမိုကရေစီပွဲတော်အတွက် ရည်ရွယ်ရိုက်ကူးထားသည့် ဇာတ်ကားများ၏ ဇာတ်လမ်းအကျဉ်းများကို ကြေးမုံပရိသတ်အတွက် မိတ်ဆက်ဖော်ပြပေးလျက်ရှိရာ နေခြည်မှာရွှေရည်လောင်းနှင့် ကြီးမြတ်သောမြန်မာရုပ်ရှင်ဇာတ်ကားများကို ဆက်လက်မိတ်ဆက်လိုက်ရပါသည်။

နေခြည်မှာ ရွှေရည်လောင်း

ခင်ဇာလီ - စုစည်းသည်

မောင်ငြိမ်းချမ်းသည် ကျောင်းဆရာမျိုးရိုးမှ ဆင်းသက်လာသူဖြစ်သည်။ ဂျပန်ခေတ်ပျက်အတွင်း ခေါးပြမျှားသတ်သဖြင့် မိဘများ သေဆုံးကုန်သောကြောင့် အဘိုးဖြစ်သူ ကျောင်းဆရာကြီးက အရွယ်မရောက်သေးသည့် မောင်ငြိမ်းချမ်းကို ကျွေးမွေးစောင့်ရှောက်ထားခဲ့ရ၏။ စာသင်ရန်အရွယ်ရောက်လာသောအခါ အဖေကြီးက ညီဖြစ်သူ ဘုန်းကြီးထံအပ်နှံပြီး ပညာကိုသာ အစွမ်းကုန်ကြိုးစားပါ လူလေးဟု မှာကြားကာ ထည့်လိုက်လေ၏။ ဤသို့ဖြင့် မောင်ငြိမ်းချမ်းသည် မန္တလေးမြို့ရှိ ဗုဒ္ဓဘာသာ မိဘမဲ့ကလေးများကျောင်းသို့ ရောက်ခဲ့လေသည်။

ထိုကျောင်းမှ အင်္ဂလိပ်စာသင်ကြားပေးသော ဆရာကြီး ဦးစံလှိုင်အား လေးစားအားကျသဖြင့် ကျောင်းဆရာဖြစ်ရမည်ဟု မောင်ငြိမ်းချမ်း ဆုံးဖြတ်ချက်ချခဲ့လေ၏။ အဖေကြီးက မောင်ငြိမ်းချမ်း ၁၀ တန်းအောင်လျှင် တက္ကသိုလ်ဆက်တက်ရန် ရည်ရွယ်ခဲ့သော်လည်း အောင်စာရင်းမထွက်ခင်မှာပင် အဖေကြီး ဆုံးပါးသွားခဲ့သည်။ တက္ကသိုလ်မှ ဘွဲ့ယူပြီးသည့်တိုင် အမေကြီးနှင့် ဦးလေးတို့ကို ကျေးဇူးဆပ်ချင်သဖြင့် အလုပ်အမြန်ဆုံးရှာခဲ့သည်။ အလယ်တန်းပြဆရာအဖြစ် ခန့်စာရသောအခါ မောင်ငြိမ်းချမ်း စိတ်လှုပ်ရှားခဲ့ရသည်။

တာဝန်ကျရာ ကျောင်းထဲသို့ ရောက်သောအခါ ကျောင်းသားများ မြေကြီးပေါ် ထိုင်နေကြသည်ကို တွေ့လိုက်ရသည်။ စာရေးရန် ခုံတန်းရှည်လေးများသာရှိပြီး တစ်တန်းနှင့်တစ်တန်း ခြားထားသည့် ခန်းဆီးများလည်းမရှိပေ။ အလယ်တန်းကျောင်းအဖြစ်သို့ ရောက်အောင် တော်တော်ကြိုးစားရမည်ကို မောင်ငြိမ်းချမ်း သဘောပေါက်သွားခဲ့ရာ ကြိုးစားလုပ်ဆောင်ခဲ့သည်။

ဤသို့ဖြင့် ဆရာ၊ မိဘ၊ ကျောင်းသားတို့ စည်းလုံးညီညာနေကြစဉ် မောင်ငြိမ်းချမ်း၏ ရာထူးတိုးမြှင့်ခန့်စာရောက်လာသည်။ သို့ဖြင့် စုတ်စုတ်ချာချာ မူလတန်းကျောင်းလေးမှ စည်းကမ်းတကျနှင့် အလယ်တန်းကျောင်း

ဖြစ်အောင် ကြိုးပမ်းခဲ့သော ဆရာငြိမ်းချမ်းကို သူ၏ကျောင်းသားများက လိုက်ပါပို့ဆောင်ကြရာ ခရီးတစ်လျှောက် ကျောင်းသားများ ဆိုသွားသော ဆောင်ပုဒ်များကား လှည်းလမ်းဘေး ဝဲ၊ ယာမှတစ်ဆင့် ကမ္ဘာအနှံ့သို့ ပျံ့လွင့်နေတော့သည်။

ကြီးမြတ်သော မြန်မာ

ရွှေကို ရှေးယခင်လက်ထက်ကတည်းက အသုံးအဆောင်ပစ္စည်းများ ပြုလုပ်အသုံးပြုခဲ့ကြပုံ၊ ရှေးဟောင်းရွှေထည်ပစ္စည်းများကိုလည်း အမျိုးသားပြတိုက်တွင် တခမ်းတနားပြသထားပုံ စသည်တို့ကို လေ့လာနိုင်ရန်နှင့် ရွှေပန်းထိမ်အတတ်ပညာ၊ ပန်းတဉ်းအတတ်ပညာ၊ ရွှေချည်ထိုး၊ ရွှေဆိုင်းပညာရပ်များကိုလည်း အမျိုးအစားအလိုက် အဘိုးဖြစ်သူက မြေးဖြစ်သူကို ရှင်းပြလေသည်။ ယင်းမှအစပြုကာ ကျိုက်ထီးရိုးဘုရားသမိုင်း၊ မဟာမြတ်မုနိဘုရားသမိုင်းများကို မြေးဖြစ်သူအား ဆက်လက်ပြောပြပြီး မြေးအဘိုးနှစ်ယောက် အင်းလေးဖောင်တော်ဦးဘုရားပွဲကို သွားရောက်ခဲ့ကြပြီး အင်းလေးဝလေ့တွင် နှစ်စဉ် ဖောင်တော်ဦးဘုရားပွဲပြီးပါက ကလေးငယ်များ အရပ်တစ်ထွာခန့်ရှည်ထွက်လာကြောင်း၊ အမှန်တကယ်ပင် ကလေးငယ်များ အရပ်ရှည်လာသည်ကို ထူးဆန်းဖွယ် ကိုယ်တွေ့ကြုံတွေ့ရကြောင်း ပြောပြလေသည်။

ကျန်စစ်သားမင်းကြီး နန်းမတက်ခင် အနော်ရထာမင်းကြီးလက်ထက်တွင် အရည်းကြီးဝါဒများ စိုးမိုးနေသော ပုဂံဒေသသို့ ဗုဒ္ဓဘာသာပြန့်ပွားစေရန် ရှင်အရဟံ ရောက်ရှိလာသည်ကို မုဆိုးတစ်ဦးက တွေ့ရှိကာ အနော်ရထာမင်းကြီးထံသို့ ပင့်ဆောင်လာခဲ့ပါသည်။ ရှင်အရဟံ၏ စစ်မှန်သော ဗုဒ္ဓသာသနာတရားတော်များကို နာကြားပြီးသောအခါ အနော်ရထာမင်းကြီးသည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်လာပြီး ပုဂံပြည်ကြီး၌ ဗုဒ္ဓသာသနာပြန့်ပွားအောင် ဆောင်ရွက်ခဲ့လေသည်။

